www.burmeseclassic.com

# သံဝေဂမပါ

# တရားမရှာနှင့်

## စာသား ကဗျာ လင်္ကာများ

ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်
(အငြိမ်းစား)
သာသနာရေးဝန်ကြီး

ဖော်ထုတ် စုစည်း ပူဇော်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်
၁၉၉၉ ခုနှစ်

အုပ်ရေ
၃၅၀၀

စာမူခွင့်ပြုချက်အမှတ်၊ (၁၄/၉၉/
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၄/

ထုတ်ဝေသူ

ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(အငြိမ်းစား)
မှတ်ပုံတင်အမှတ် (၈၃၅၆၄)၊
အမှတ် (၁၅)၊ နဝဒေးလမ်း၊ မရမ်းကုန်းမြို့နယ်။
ဖုန်း ၆၆၅၁၆၅။

ပုံနှိပ်သူ

ဦးကျော်ရင်၊ ပုံနှိပ်မှတ်ပုံတင်အမှတ် (မြ-၀၅၄၁၅)
ရွှေခြင်္သေ့အော့(ဖ်)ဆက်
အမှတ် (၅)၊ ကြေးပန်းတိန်တွန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

BURMESE CLASSIC .com

သို့

---

---

---

မှ

---

---

---

www.burmeseclassic.com

www.burmeseclassic.com


BURMESE CLASSIC .com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စုဆောင်းပူဇော်သူ၏ပဏာမ | ၉ |
| ၂။ | တရားတော်အစ သံဝေဂ | ၂၀ |
| ၃။ | ဗုဒ္ဓဒေသနာတော်သံဝေဂဉာဏ်ပွားများရန် | ၂၉ |
| ၄။ | သာသနာဦးသျှောင်ဆရာတော်ကြီးများ၏ ဓမ္မသံဝေဂ | ၅၁ |
| | – ရှင်မဟာရဋ္ဌသာရ | ၅၁ |
| | – ရှင်ဗုဒ္ဓဃောသ | ၅၁ |
| | – လယ်တီဆရာတော် | ၅၃ |
| | – မန်လည်ဆရာတော်အသျှင်ဇဝန | ၆၃ |
| | – အရှင်ဇနကာဘိဝံသ (မဟာဂန္ဓာရုံ) | ၆၇ |
| | – တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ | ၇၇ |
| | – ဝန်းသိုမြို့ခန္တီးဆရာတော် | ၈၈ |
| | – အရှင်ကေလာသ (ပခုက္ကူ) | ၁၀၆ |
| | – လောကသာရပျို့ | ၁၃၃ |
| | – မိုးကုတ်ဆရာတော် | ၁၄၃ |


www.burmeseclassic.com

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | – အရှင်ဇနကာဘိဝံသ (ရန်ကုန်ချမ်းမြေ့ဆရာတော်) | ၁၄၅ |
| | – သဒ္ဓမ္မရံသီဆရာတော် | ၁၄၆ |
| | – တိပိဋကဘဒ္ဒန္တကောသလ္လ | ၁၄၇ |
| | – ရှင်အဂ္ဂသာမိ | ၁၄၇ |
| | – လယ်တီဦးကောဝိဒ | ၁၄၈ |
| ၅။ | ယပ်တောင်ပေါ်ကသံဝေဂများ | ၁၄၉ |
| ၆။ | ပညာရှိလူပုဂ္ဂိုလ်များ၏သံဝေဂတရားအလင်္ကာများ | ၁၆၁ |
| | – အနန္တသူရိယအမတ် | ၁၆၁ |
| | – စလေဦးပုည | ၁၆၂ |
| | – ဗန်းမော်ညိုနွဲ့ | ၁၆၂ |
| | – ဆရာကြွယ် (ကျောက်ပန်း) | ၁၆၃ |
| ၇။ | သင်္ဂဇာဆရာတော်ဘုရားကြီး၏ စတုရာရက္ခကျမ်း၊ မရဏာနိဒ္ဒေသမှ ထုတ်နှုတ်ချက်များ | ၁၆၄ |
| ၈။ | အရှင်ကေလာသ (ပခုက္ကူ) ၏ ယမမင်းထံအစစ်ခံသံပေါက်ကျမ်း | ၁၇၉ |
| ၉။ | စုဆောင်းပြုစုသူ၏ပန်ကြားချက် | ၁၈၈ |




နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓဒေသနာတော်နှင့်
သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ၊
လူပုဂ္ဂိုလ်များ ရေးသားအပ်သော

# သံဝေဂမပါ တရားမရှာနှင့်

## စုဆောင်းပြုစုသူ၏ပဏာမ

လူနတ်များ၏ ကိုးစားရာ ဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါခပင်း ဆင်းရဲခြင်းကြောင့် ပြင်းပြလှစွာ မဟာကရုဏာတော် တိုက်တွန်းအပ်သည် ဖြစ်၍ လက်လှမ်းမီသလောက် အနီးရောက်သည့် မျက်မှောက်ပြုရန် မြတ်နိဗ္ဗာန်ကို အလွယ်တကူ လှမ်းမယူဘဲ အိုလ်လူထွတ်တာ စွန့်လွှတ်ခွါ၍ သာမန်သူများ မကြံအားအောင် ထူးခြားလွန်ကဲ ကျင့်နိုင်ခဲ့သည့် ပါရမီဖြည့်မှုကို

www.burmeseclassic.com

www.burmeseclassic.com


လေးသချေ်ကိန်း ကပ်တသိန်းမျှ ထိန်းသိမ်းဆင့်ဆင့် ပြုကျင့်တော်မူလျက် လွန်လွန်ကဲကဲ စိတ်ဖွဲ့သန်သန် နောက်ပြန်မဆုတ် လွန်အားထုတ်၍သာလျှင် ကိုယ်ဆင်းရဲမှု လျစ်လျူရှု၍ ဗိုလ်လူများမြောင် စီးပွားကိုသာ ဆောင်တော်မူပါပေ၏။

ဉာဏ်ဖြင့်ချိန်ထိုး တန်ခိုးဖြင့်နှုန်း ဘုန်းကံရုပ အတူဆလည်း တူမျှသသူ တစုံတယောက်မျှ ရှိတော်မမူထသော ဤကမ္ဘာ ထိုကမ္ဘာ ရပ်တိုင်းမှာလျှင် အရာရာမွန် သာလွန်အားကြီး တစ်ပါးတည်းပေါ် ပုဂ္ဂိုလ်ကျော် အစစ် တကယ်တန်းဖြစ်တော်မူထသော လောကဓာတ်လုံး အမြတ်ဆုံးဟု အဆုံးထုတ်ဟ သမုတ်ရသည့် ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါဖုံဖုံ စုံလင်ပေါစွ လောကအတွင်း၌ အရတော်စွ ကောင်းလေစွဟု ပြောကြပြန့်ကြွယ် အနံ့နယ်၌ အံ့ဘွယ်ထင်ရှန်း အခွင့်ညွှန်းလျက် ပွင့်ထွန်းပေါ်ပေါက်ခဲ့ပါပေပြီ။ လောကသားတွက် တအားတက်ဖို့ ပွင့်လျက်ထင်ရှား ထိုရှင်တော်မြတ်ဘုရားသည် ကိလေသာဓာတ် ဓာတ်မကျန်ရ ပြတ်ရန်ပြတဲ့ သဒ္ဓမ္မသုံးဖြာ တရားမြတ်ရတနာကိုလည်းကောင်း၊ ကောင်းခြင်းတွေ လွန်မွန်မြတ်လှစွာ ချမ်းသာအစစ် ဖြစ်ပေထသော ရှင်သေမင်း၏ မျက်စိမှောက်ရာ မမြင်သာသည့် နိဗ္ဗာနဓာတ် တရားမြတ်ကိုလည်းကောင်း၊ အရိယာခန်းဖြင့် အတန်းဖွင့်လျက် ဆင့်ဆင့်ဆင်ပြင် အစဉ်အားရ ထင်ရှား ပြတော်မူလျက် ရှိပါပေသည်။

ဤသစ္စာစကားကြောင့် စေတနာမွန် သဒ္ဓါလွန်လျက် တာဝန်မယုတ် တပည့်တော်၏ လောကသာသနာ အရာရာတွင် အောင်မြင်ဘို့တွက် ဆောင်ရွက်သမျှ မှုကိစ္စသည် ခုခံထွေရှား တားလည်းမငြိ ဆီးမရှိတုံ ပြီးပြည့်စုံပါစေသတည်း။

(မနောမယိဒ္ဓိ ဘာဝနာတရား မှ)

www.burmeseclassic.com

www.burmeseclassic.com



## စုဆောင်းပြုစု ပူဇော်သူ၏
## အကြောင်းပြန်နိဒါန်း

ဇာတိ ဇရာ မရဏတရား ထင်ရှားရှိမှုကြောင့်သာ ထိုတရားသုံးပါးတို့မှ လွတ်ကင်းအောင် လူနတ်ဗြဟ္မာ သတ္တဝါများကို ကယ်တင်တော်မူရန် ဘုရားရှင်များ ပွင့်တော်မူကြရပါသည်။

ထိုတရားသုံးပါးသာမရှိက ဘုရားပွင့်ဘွယ်မရှိ၊ သတ္တဝါများကို ဇာတိ ဇရာ မရဏ တရားသုံးပါးမှ လွတ်ကင်းအောင် ကယ်တင်ရန် အကြောင်းမရှိပါ။

ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဩဝါဒကထာ များစွာထဲမှ အောက်ပါ သံဝေဂလင်္ကာလေးကို ဦးစွာဖတ်ကြည့်ပြီးနောက် သံဝေဂတရား ပွားများ၍ တရားရှာသင့်ပါသည်-

အမိဝမ်းခေါင်း၊ ဆယ်လညောင်းမျှ၊
အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်၊
လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊
အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊
စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊



ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း၊
များလှပါယ်ရွာ၊ ရောက်ကြရာ၏၊
အတိတ်တာရှေး၊ ဤဝဋ်ဘေးနှင့်၊
နောင်ရေးအနာဂတ်၊ ဒုက္ခတပ်လိမ့်၊
မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊
အစာရှာရ၊ ထိုဒုက္ခကြောင့်၊
နေ့ညမဟူ၊ ကိုယ်စိတ်ပူသည်၊
သူသူငါငါ၊ မတတ်သာတည့်၊
ရှစ်ဖြာသံဝေ ရကြောင်းတည်း။

### သံဝေဂဝတ္ထု (၈) ပါး

၁။ ဇာတိ = ပဋိသန္ဓေနေရခြင်း
၂။ ဇရာ = အိုရခြင်း
၃။ ဗျာဓိ = နာရခြင်း
၄။ မရဏ = သေရခြင်း
၅။ အပါယဒုက္ခ = အပါယ်လေးပါးဒုက္ခ
၆။ အတီတဝဋ္ဋမူလကဒုက္ခ = အတိတ်၌ ဝဋ်လျှင်အကြောင်းရင်းရှိသောဒုက္ခ
၇။ အနာဂတဝဋ္ဋမူလကဒုက္ခ = အနာဂတ်၌ ဝဋ်လျှင်အကြောင်းရင်းရှိသောဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



[illegible]ယေသန = စားဝတ်နေရေးအတွက်
ဒုက္ခ ရှာမှီးရခြင်းဒုက္ခ

လောကဥ္စ် တောဖွဲ့. တောင်ဖွဲ့. မယ်ဖွဲ့. မောင်ဖွဲ့. စသော အကျိုးမဲ့ ပုဒ်များနှင့်စပ်သော ဂါထာ ဂီတများသည် တထောင်ပင်ဖြစ်စေ မမြတ်ပါ။ မကောင်းပါ။ ရာဂ ဒေါသ မောဟ ငြိမ်းကြောင်း တစ်ဂါထာကို ကြားနာလိုက်ရလျှင် အတိုင်းမသိမွန်မြတ်ကြောင်း ဘုရားမြတ်စွာ ဟောတော်မူပါသည်။

ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် အားလပ်ချိန်ရလျှင် အချိန်ကို တန်ဖိုးရှိရှိ အသုံးချပြီး လောဘ၊ ဒေါသ၊ မောဟ ငြိမ်းကြောင်းကောင်းမြတ်သော တရားဂါထာတွေ၊ သံဝေဂ ဂါထာတွေ ဖတ်၍ အကျိုးရှိအောင်ပြုလုပ်သင့်ပါသည်။ သာသနာတော်တွင်း တစ်ဂါထာ၊ တစ်ပုဒ်၊ တစ်ပါဒ၊ နှစ်ပါဒ ကြားနာရ၍ သံသရာမှ ကျွတ်လွတ်ခဲ့သူတွေ များစွာ ရှိခဲ့ပါသည်။

ဤစာ စုဆောင်းပြုစုသူသည် **ကာလေန ဓမ္မသဿဝနံ** ဟူသော မင်္ဂလာတရားတော်နှင့်အညီ အခါအားလျော်စွာ တရားနာယူရာမှ **သံဝေဂမပါလျှင် တရားမရှာနှင့်** ဟူသောဩဝါဒကို ကြားနာမှတ်သားရသဖြင့် သံဝေဂ တရား၊ လင်္ကာ၊ ကဗျာများ၊ နာရေးယပ်တောင်များပေါ်မှ သံဝေဂလင်္ကာ၊ ကဗျာများကို ကြည့်ရှု စုဆောင်းပြီးလျှင် ရေးသားပူဇော်ထားခြင်း ဖြစ်ပါသဖြင့် ထာဝစဉ်လေ့လာကြည့်ရှု ကျက်မှတ်ပါက သံဝေဂဉာဏ် မလွဲမသွေ ရင့်သန်လာလိမ့်မည် ဖြစ်ပါသည်။ သဒ္ဓါ ပညာ ဝီရိယ ဦးဆောင်မှုဖြင့် သံဝေဂလင်္ကာ နှုတ်မှာရွရွ အာဂုံရအောင် သတိဆောင်လျက် အမျိုးကောင်း သားသမီးအပေါင်းတို့ ကျက်မှတ်လျက် နှလုံးသားဝယ် တရား တည်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

ဤစာ စုဆောင်းပြုစုသူသည် အထက်တွင်ဖော်ပြထားသည့်အတိုင်း အချိန်ရလျှင် တရားနာယူခြင်း၊ **အလိမ္မာ စာမှာရှိ** ဆိုသည့်စကားအတိုင်း စာဖတ်၍ စာမှတ်သူသာ ဖြစ်ပါသည်။ အရေးအသား၊ အထားအသို များယွင်းမှုများ ရှိနိုင်ပါသည်။ မှားသည်ကိုထောက်ပြ၊ လိုသည်ကိုဖြည့်စွက်ပေးပါရန်လည်း စောင့်စားမျှော်လင့်လျက် ရှိပါကြောင်း လေးစားစွာ တောင်းခံအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတရားများဖော်ပြချက်

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များ၊ (၅၄၅) ဘဝ ကျင်လည်ခဲ့ရသော ဘဝဇာတ်လမ်းတစ်ခုကို တရားစာတစ်အုပ် အဖြစ် ရေးသားထားသော တရားစာအုပ်များ ရှိကြပါသည်။ ကောင်းလည်းအလွန်ကောင်းပါသည်။ တရားစာဆိုလျှင် လူအတော်များများက တတိယအရွယ်ရောက်မှသာ ဖတ်ရမည်၊ လူကြီးတွေနှင့်သာဆိုင်သည်။ ပထမအရွယ်၊ ဒုတိယအရွယ်နှင့် မဆိုင်ဟု သေခြင်းတရား ကို မမြင်ဘဲပြောနေကြသည်ကို ကြားနေရပါသည်။ ဗုဒ္ဓဘာသာဝင်များအတွက် လက်တွေ့ဘဝနှင့် ကိုက်ညီပြီး သွားလေရာရာတွင် ယူသွားရလည်း လွယ်ကူ၊ နှုတ်တွင်လည်း ဆောင်ထားဖို့ လွယ်ကူသော စာသားများ၊ လင်္ကာ၊ ဆောင်ပုဒ်များကို ရှာဖွေ စုဆောင်းပြီး ထုတ်ဝေလိုပါကြောင်းကို သင်္ကန်းကျွန်းမြို့နယ်၊ မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဦးသီရိဓမ္မ၊ ဆရာတော် ဦးတိလောကသာရ (ရဝေထွန်း)၊ ဆရာတော် ဦးပညာသာမိ (မာဂဓီသာစည်) တို့အားလျှောက်ထားပြီး လူပုဂ္ဂိုလ်ပိုင်းမှ သာသနာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးထိန်ဝင်း၊ မဍ္ဈူသက ဦးသန်းမောင် တို့အား အသိပေးတင်ပြရာမှ ဆရာတော်ကြီးများက ၄င်းတို့ရေးသားသော စာအုပ်များထဲမှ လိုအပ်သလို ထုတ်နှုတ်ခွင့် ပြုသည့်အပြင် စာအုပ်များပါ ရှာဖွေ လမ်းညွှန်ပေးခဲ့ပါသည်။ သာသနာ့ဝန်ဆောင်အဖွဲ့နှင့် ဗုဒ္ဓကလျာဏယုဝအသင်း ဥက္ကဋ္ဌ တို့ကလည်း စာအုပ်များ ရှာဖွေပေးပြီး ပုံနှိပ်နိုင်ရေး အထိပါ ကူညီအားပေးကြသဖြင့် ဖော်ပြပါ ဆရာတော်ကြီးများနှင့် အသင်းဥက္ကဋ္ဌ (၂) ဦးတို့သည် ဤစာ စုဆောင်းပြုစုသူအပေါ် လုံးစုံများစွာ အထွေထွေကျေးဇူး အလွန်တရာများပြားလှပါသောကြောင့် ဤစာအုပ်ဖြင့် ကျေးဇူး တုံ့ပြန် ဆပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆန္ဒမွန်

ဇာတိ ဇရာ မရဏ တရား ထင်ရှားရှိပါလျက် အချိန်ကာလ၊ အသက်အရွယ်ကိုတွက်၍ တရားမရှာလိုသေးသူများအတွက် သံဝေဂဉာဏ် ပွားများနိုင်ရန် ပထမဦးစွာ အသိပေးလိုသည်မှာ–

၁။ ကိုယ့်ရှင်ကိုသာ ကိုယ့်ဆရာ၊ ကိုယ်သာ အသိဆုံး။

၂။ ကိုယ့်ကိုဆုံးမ သွန်သင်ပြ၊ နေ့ည စိတ်နှလုံး။

၃။ ကိုယ့်စကားမှ ကိုယ့်နားက၊ လှလှထောင်မဆုံး။

၄။ သံသရာရေဝေး လာမည့်ရေး၊ မျှော်တွေးကြောက်သင့်သည်။

၅။ ကိုယ်ရှာ၍ရ ရှိသမျှ၊ တူကွစားကြသည်။

၆။ နောင်သံသရာ ဖြစ်လေရာ၊ လာ၍မရှုပြီ။

၇။ ယခုလူငယ် ယခုလူလတ် ဖောက်ပြန်တတ်၊ တန့်ရပ်မြဲမတည်။

၈။ ယခုလူကြီး သေခါနီး၊ အပြီးရွတ်တွ အိုမင်းသည်။

၉။ ယခုလူမှာ ယခုနှာ၊ ယခုသာလျှင် သေတတ်သည်။

ဖော်ပြပါသံပေါက်လေးကိုပင် ဆင်ခြင်ကြည့်ပါ။ ထို့ကြောင့် အချိန်၊ အသက်အရွယ် မတွက်ကြဘဲ ကိုယ့်



ကို ဆုံးမ သွန်သင်ပြ၊ နေ့ညစိတ်နှလုံး။ ကိုယ့်စကားမှ ကိုယ့်နားက လှလှထောင် မဆုံးနိုင်ရန် သံဝေဂမပါလျှင် တရားမရှာနှင့် စာအုပ်တွင်ပါရှိသော ကဗျာ၊ လင်္ကာလေးများကို ကိုယ်တိုင် ရွတ်ဆို နားထောင်ခြင်းဖြင့် အသိဉာဏ်ရစေရန်နှင့် သားသမီးမြေးမြစ်များကိုပါ သင်ပြ ရွတ်ဆိုပေးခြင်းဖြင့် တရားအလင်းရောင် ရစေရန် ဆန္ဒမွန်ဖြင့် ရှာဖွေစုဆောင်း ပြုစုပူဇော်ထုတ်ဝေခြင်း ပြုလိုက်ရပါသည်။

အသက်ရောဂါ၊ သေချိန်ခါနှင့်၊
ခန္ဓာမြှုပ်မြေ၊ လားလေဂတိ၊ ကြိုမသိရ၊
ဤငါး၀၊ မှတ်ကြသံဝေယူ။

(သဂါထာဝဂ္ဂသံယုတ်၊ အဋ္ဌကထာ ၃၉)

မသွားဘဲနီးလာသည်က သုသာန်၊
သွားပါလျက် ဝေးနေရသည်က နိဗ္ဗာန်။

(တိပိဋကဓရ ယောဆရာတော်)

ဦးမျိုးညွန့်
စုဆောင်း ပြုစု ပူဇော်သူ

www.burmeseclassic.com

www.burmeseclassic.com



## တရားတော်အစ သံဝေဂ

### ဘုရားအလောင်းတော်သုမေဓာ

ဘုရားအလောင်းတော် သုမေဓာ သူဌေးသား ဘဝတွင် မိဘများကွယ်လွန်သဖြင့် ကျန်ရစ်ခဲ့သောပစ္စည်း ဥစ္စာ ရတနာများကိုကြည့်၍ ငါ့မိဘများသည် ပစ္စည်း ဥစ္စာကို ရအောင်ရှာတတ်ကြသည်။ သူတို့နှင့်ပါအောင် ပစ္စည်းဥစ္စာများကို အနည်းငယ်မျှ ယူမသွားနိုင်ကြပေ ဟု သံဝေဂဉာဏ်ရသဖြင့် ငါသည် ဤ ပစ္စည်းဥစ္စာတွေ ငါနှင့်အတူ ပါအောင်ယူဆောင်သွားအံ့ ဟု ကြံစည်ပြီးလျှင် ဘဏ္ဍာတိုက်ကို ဖွင့်လှစ်ခါ အလိုရှိရာယူရစ်တော့ ဟု စွန့်ကြဲတော်မူပြပါသည်။ ထိုနောက် ဤခန္ဓာကိုယ်ရှိသဖြင့် အို၊ နာ၊ သေရေး ဒုက္ခရှိပါက မအို၊ မနာ၊ မသေရာ ဖြစ်သောဓါတ်တမျိုးလည်း ဧကန်ရှိသင့်သေးသည်၊ ထို တရားထူးကို မရမနေရှာဖွေအံ့ဟုစိဋ္ဌာန်၍ ဟိမဝန္တာသို့ ထွက်ခွာခဲ့သည်။ ဝိသကြုံနတ်သားဖန်ဆင်းထားသော ကျောင်းသင်္ခမ်းနှင့် ရဟန်းပရိက္ခရာတို့ကို တွေ့ရသည့်အခါ ရသေ့ရဟန်း အသွင်ယူလျက် ဉာဏပါရမီနှင့် သင်ကြား တတ်မြောက်ထားသော ကျမ်းစာတို့၏အစွမ်းဖြင့် တရား



ကျင့်ကြံ အားထုတ်ပြီးလျှင် ဒီပင်္ကရာမြတ်စွာဘုရားထံ ဘုရားဆုပန်၍ ဗျာဒိတ်ခံယူကာ ဝေသန္တရာမင်း ဘဝတိုင် သံဝေဂ ရလျက် တရားရှာခဲ့ပါသည်။

### တေမိယမင်းသား

ဗာရာဏသီပြည့်ရှင် ကာသိကရာဇ်မင်း၏ သားတော် တေမိယမင်းသားသည် လသားအရွယ်မှာပင် သူခိုးလေးယောက်အား ခမည်းတော်က ပြစ်ဒဏ်စီရင်တော်မူသည်ကို ကြားသိတော်မူပြီး စိုးရိမ်ထိတ်လန့်တော်မူရာက **ဇာတိဿရဉာဏ်** ဖြင့် မိမိဘဝဟောင်းကို ပြန်ပြောင်း သတိရတော်မူပါသည်။ ဘုရင်လုပ်ခဲ့ရသဖြင့် ဥဿဒငရဲ၌ ကျခံခဲ့ရသည်ကို ပြန်လည်သိရှိရပြီး ယခု တဖန်မင်းမျိုးဖြစ်ရပြန်၍ ငရဲလားရချေဦးမည်ကို ကြောက်လန့်သံဝေဂဉာဏ်ရခဲ့ပါသည်။ မင်းမပြုလိုသဖြင့် ဆွံ့ အ နားပင်း ဟန်ဆောင်ကာ (၁၆) နှစ်အရွယ်သို့အရောက် သတ်ရန်စီရင်ချက်ချခံပါသည်။ သုဿာန်သို့ရောက်မှ သူသတ်သမားတို့အား အကြောင်းစုံပြောပြလျက် တော သို့သွားကာ ရသေ့ရဟန်းပြု တရားရှာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### မဟာဇနက္ကမင်းသား

မဟာဇနက္ကမင်းဘဝတွင် မင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်တော်မူခဲ့ရာ ဥယျာဉ်အဝင်ဝတွင် အသီးများ ပြွတ်ခဲဝင်းမှည့်နေသော သရက်ပင်ကြီးတစ်ပင်နှင့် အခြားသရက်ပင်တစ်ပင်မှာမူ အသီးများမရှိဘဲ မြရောင်အသွေးထနေသော အရွက်များနှင့် စိမ်းစိမ်းစိုစို နှစ်သက်ဖွယ် တွေ့ခဲ့ရသည်။ ဥယျာဉ်တော်မှ ပြန်၍အထွက်တွင်မူ အသီးများနှင့်ပြွတ်ခဲနေသော သရက်ပင်ကြီးမှာ အသီးများမရှိတော့သည့်အပြင် အရွက်အကိုင်းတွေလည်း ရစရာမရှိအောင် ကျိုးပဲ့ပျက်စီးနေသည်ကိုတွေ့ရပြီး အသီးမရှိသည့် သရက်ပင်ကြီးမှာ စိမ်းစိမ်းစိုစိုနှင့် တွေ့မြင်ရသောအခါ အော် ငါတို့ မင်းစည်းစိမ်ဆိုတာဟာလဲ အသီးရှိတဲ့ သရက်ပင်နှင့်တူပါကလား။ တစ်နေ့ကျလျှင် ရန်သူမင်းတို့လာရောက်နှိပ်စက်ကဘာမှ ရစရာရှိမှာမဟုတ်ဘူး ဟု သံဝေဂဖြစ်ပွားလျက် ရသေ့ရဟန်းပြု၍ တောထွက်လာခဲ့သည်။ ဒွါရဂါမဆိုတဲ့ ရွာအဝင်ဝမှာ မိန်းခလေးတယောက် စကောထဲ သဲတွေထည့်ပြီး သဲပြာ၍ကစားနေရာ မိန်းခလေးရဲ့လက်တဖက်မှာ အသံမမြည်ဘဲ ကျန်လက်တဖက်မှာ အသံမြည်နေပါသည်။



ဇနက္ကမင်းကြီးက မိန်းခလေးရဲ့လက်တဖက်က အသံမမြည်ဘူး၊ လက်တဖက်က အသံမြည်နေပါလား ဟု မေးသောအခါ မိန်းခလေးက ရှင်ရသေ့၊ ကျွန်မရဲ့လက်တဖက်က လက်ကောက်တကွင်းထဲ၊ အဖော်မရှိတော့ အသံမမြည်ဘူးပေါ့၊ ကျန်တဲ့လက်မှာ လက်ကောက်နှစ်ကွင်းရှိတော့ အဖော်ရှိနေလို့အသံမြည်တာပေါ့၊ အဖော်ရှိရင် အဲသည်လိုဘဲ ရှင်ရသေ့၊ အဖော်ရှိရင် ငြင်းခုံရတယ်။ တစ်ယောက်တည်း မငြင်းခုံရတော့ဘူး ဟု ပြန်ဖြေလိုက်ရာ သံဝေဂရကာ နောက်ကလိုက်လာတဲ့ မိဖုရားသီဝလိဒေဝီကို ရသေ့ရဟန်းနှင့် မိန်းမ မသင့်လျော်ပါ လို့ပြောပြီး တောထဲကြွသွားလျက် တစ်ပါးတည်း တရားရှာခဲ့ပါသည်။

### သိဒ္ဓတ္တမင်းသား

ဘုရားအလောင်းတော် သိဒ္ဓတ္တ မင်းသားသည် ရာသီဥတုအလိုက် လှည့်လည်စံမြန်းရန် သုရမ္မ၊ သုဘ၊ ရမ္မ မည်သော နန်းဆောင်သုံးဆောင်တွင် ယသော်ဓရာ မိဖုရား၊ ခြွေရံများစွာဖြင့် မင်းစည်းစိမ်ခံစားနေခဲ့သည်။ သက်တော် (၂၉) နှစ်သို့ရောက်သောအချိန် ဥယျာဉ်တော်

www.burmeseclassic.com

www.burmeseclassic.com



သို့ထွက်တော်မူစဉ် သူအို သူနာ သူသေ ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါးတို့ကို အစဉ်အတိုင်း တွေ့ရပါသည်။ ကိုယ်တော်နှင့်တကွ ဆွေတော် မျိုးတော်အားလုံးတို့သည် အို နာ သေ ရမည်ကို သံဝေဂ ဖြစ်တော်မူ၍ တောထွက်ကာ (၆) နှစ်တိုင် ဒုက္ကရစရိယာကျင့်ပြီး တရားရှာခဲ့ရာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သဗ္ဗညုတ ဉာဏ်တော်အစွမ်းအားဖြင့် လူ နတ် ဗြဟ္မာတို့၏ အကျိုးငှာ ဘုရားအဖြစ် ပွင့်ထွန်းပေါ်လာခဲ့ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သံဝေဂတရား အဖန်ဖန် ဆင်ခြင်၍ တရားဓမ္မ ရသွားသူ များပြားစွာ ရှိကြကြောင်း ကျမ်းစာများတွင် တွေ့နိုင်ပါသည်။ ဗုဒ္ဓဒေသနာတော်နှင့် သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ၏ ဓမ္မသံဝေဂ လင်္ကာ၊ ဆောင်ပုဒ်များကို မိမိကိုယ်တိုင်လည်း ရွတ်ပွားပါ။ သူတပါးကိုလည်း ရွတ်ပွားစေရန် နှိုးဆော် တိုက်တွန်းမှုပြုလျက် လူ့ဘဝ၏ နောက်ဆုံး အန္တိမပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်ကြပါစေ ဟု ဆုတောင်းအပ်ပါသည်။



## သံဝေဂယူဖို့ရာ လေးဌာန

အရှင်အာနန္ဒာသည် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသောအခါ ရှေးက ဘုရားရှင်အထံသို့ ကြွလာလေ့ရှိကြသော၊ ဖူးမြင်ရရုံဖြင့် စိတ်ကိုတိုးပွားစေနိုင်၊ စိတ်နေစိတ်ထား ကြီးမားစေနိုင်ကြသော ရဟန်းတော်တို့သည် ကြွလာတော့မည်မဟုတ် ဟု တွေး၍ ဝမ်းနည်းစကားကို လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် (ပရိနိဗ္ဗာန် ဝင်အံ့ဆဲဆဲ) သံဝေဇနိယဌာန လေးဌာနကို မိန့်တော်မူ၏။ ထိုလေးဌာနကား–

၁။ မြတ်စွာဘုရားဖွားတော်မူရာဌာန (လုမ္ဗိနီ)။
၂။ ဘုရားဖြစ်တော်မူရာဌာန (ဗုဒ္ဓဂယာ)။
၃။ ဓမ္မစကြာတရား ဟောတော်မူရာဌာန (မိဂဒါဝုန်)။
၄။ ပရိနိဗ္ဗာန် စံတော်မူရာဌာန (ကုသိနာရုံ)။

ချစ်သား အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ ထိုလေးဌာနသည် သဒ္ဓါတရားကောင်းသော အမျိုးသား အမျိုးသမီးတို့၏ သံဝေဂယူရာဌာနများ ဖြစ်ကြလိမ့်မည်။ ထိုဌာနများကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ သံဝေဂယူကြဖို့ရာ ထိုသူတော်ကောင်းများ လာကြပါလိမ့် ဟု မိန့်တော်မူသည်။

(အရှင်ဇနကာဘိဝံသ၏ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ မှ)

## မြတ်ဗုဒ္ဓ၏နောက်ဆုံးဩဝါဒ

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် နေ့ ညဉ့်၏ အရုဏ်မတက်မီ နောက်ဆုံးအချိန် ရောက်ပြီ ဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူခါနီးဝယ် လေးဆယ့်ငါးဝါ ပတ်လုံး ဆုံးမတော်မူအပ်သော ဩဝါဒတော်များကို **အပ္ပမာဒေန** - **သတိ** ဟူသောစကားထဲ၌ ထည့်သွင်း ဟောကြားထားသည်မှာ **သင်္ခါရာ** - **ကံ စိတ် ဥတု အာဟာရ** တည်းဟူသော အကြောင်းတရားလေးပါး တို့ပြုပြင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်၊ **ဝယဓမ္မာ** - ဖြစ်လျှင်ပျက် သော သဘောရှိကြကုန်၏။ **အပ္ပမာဒေန** - မမေ့ မလျော့အပ်သော သတိတရားဖြင့်၊ **သမ္ပာဒေထ** - ပြည့်စုံကြကုန်လော့ ဟု နောက်ဆုံးဩဝါဒပေးတော် မူခဲ့သည့်အတိုင်း သံဝေဂတရားကို မမေ့မလျော့ကြရန် လိုပါသည်။



ဘုရားအလောင်းတော် ဘဝများစွာ သံဝေဂဉာဏ် ပွား တရားရှာမှုကို စာလေးအံ့စိုးပါ၍ ဘုရားအလောင်း တော် (၄) ပါးအကြောင်း အကျဉ်းချုပ်နှင့်သံဝေဂယူရ မည့်အကြောင်း သံဝေဂယူရာ လေးဌာနနှင့် အပ္ပမာဒေန သမ္ပာဒေထ တရားကိုသာ ဖော်ပြလိုက်ပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း သံဝေဂ တရား အဖန်ဖန်ဆင်ခြင်၍ တရားဓမ္မရသွားသူ များပြား စွာရှိကြောင်းကို ကျမ်းစာများတွင် တွေ့နိုင်ပါသည်။

ဗုဒ္ဓဒေသနာတော်နှင့် သာသနာ့ဦးသျှောင်ဆရာ တော်ကြီးများ၊ လူပုဂ္ဂိုလ်တို့၏ ဓမ္မသံဝေဂကဗျာ လင်္ကာ ဆောင်ပုဒ်များကို မိမိကိုယ်တိုင်လည်း ရွတ်ပွားပါ။ မိမိ တို့သားသမီးမြေးမြစ်များ၊ မိတ်ဆွေများကိုလည်း ရွတ်ဆို နိုင်ရန် နှိုးဆော်ပေးကြရန်နှင့် လူ့ဘဝ၏နောက်ဆုံးအန္တိမ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရန်မှာ တန်ခိုးရှင်ဆိုသူ၊ အကြားအမြင်ရသည်ဆိုသူကို ယုံကြည်ကာ အားကိုးတကြီး ဒူးထောက်လက်မြှောက်ပြီး အပြစ်မှလွတ် ရေး ချမ်းသာသုခပေးရန်ဆုတောင်းမှုတွေလုပ်၍မရနိုင်ပါ။ ဘုရားဟော ကိုယ့်အားကိုယ်ကိုး ၍ သဒ္ဓါ၊ ပညာဖြင့် အနေတတ်ရန်၊ အသေတတ်ရန်အတွက် **စရဏ** အကျင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြိုးကုတ်အားထုတ်နိုင်ကြပါစေ။

**ဆောင်ပုဒ်။** ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွှေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတထွေ၊ အရေ တမျိုး၊ ညှီနံ့ဆိုးသည့်၊ အသိုးအပုပ်ချည်းပါတကား။



## ဗုဒ္ဓဒေသနာတော် သံဝေဂဉာဏ်ပွားများရန်

**ပထမဥဒါန်းစကား**

အဖန်တလဲလဲ ပဋိသန္ဓေ တည်နေရခြင်းသည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့နှင့် ရောထွေးနေသောကြောင့် ဆင်းရဲလှ၏။

ခန္ဓာအိမ်ကို တည်ဆောက်သော တဏှာ လက်သမားကို ဉာဏ်ဖြင့်ထင်ရှား မတွေ့ မမြင်သေးလျှင် ဇာတိသည် ဆုတ်နစ် ကုန်ဆုံးဦးမည်မဟုတ်။ ခန္ဓာအိမ်ကို စီမံဆောက်လုပ်နေသော ငါဘုရားသည် သဗ္ဗညုတဉာဏ်ကိုမရသေးမီ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘဝများစွာ သံသရာစက်ဝိုင်းကို ပြေးလွှားကျင်လည်ခဲ့ရပြီ။ ဟဲ့ – တဏှာလက်သမား၊ ယခုအခါ သင့်ကို တွေ့မြင်အပ်ပြီ။ ခန္ဓာအိမ်ကို တဖန်ပြုလုပ်ရတော့မည်မဟုတ်။ သင်၏ အားလုံးသော ကိလေသာအခြင်ရနယ်တို့ကို ချိုးဖျက်လိုက်ပြီ။ ငါ၏စိတ်သည် သင်္ခါရကင်းသော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်ပြီ။ တဏှာတို့ကုန်ခမ်းရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရပြီ။ (ဝိ၊ဋ္ဌ၊၁၊၁၄၄၊ဓမ္မ၊၃၆)

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့မှာ သေရခြင်းအကြောင်း များစွာ ရှိကုန်၏။ (ဇာ၊ဋ္ဌ၊၃၊၃၂၅)

ငါဘုရား၏အသက်အရွယ်တော်သည် ရင့်ရော်လှပြီ။ ငါဘုရား၏အသက်အကြွင်းမှာ အနည်းငယ်မျှသာ ရှိတော့သည်။ သင်ရဟန်းတို့ကို စွန့်၍ သွားရတော့မည်။ ငါသည်မိမိအတွက် အားကိုးရာ ပြုပြီးပြီ။

(ဒီ-၂၊၁၀၁)

- သင်္ခါရာ = အကြောင်း အတန်တန်၊ ပြုစီမံ၍ ရုပ်နာမ်အသစ်၊ ဖြစ်ဖြစ်သမျှ၊ သင်္ခါရတို့သည်၊
- အနိစ္စဝတ = စင်စစ်ဧကန်၊ အမှန်မုချ၊ မမြဲလေစွတကား၊
- ဥပ္ပါဒဝယ ဓမ္မိနော = အဖြစ်သဘော၊ ပျက်သဘောတို့၊ အတောမသတ်၊ အထပ်ထပ် အထွေထွေ၊ လည်ပတ်၍နေကြကုန်၏။
- နိရုဇ္ဈန္တိ = ချက်တဖြုတ် ရုတ်တရက်၊ ချုပ်ပျက်ကြလေကုန်၏။
- တေသံ (သင်္ခါရာနံ) = အဖြစ်အပျက်ဒဏ်၊ အမြဲခံသည့်၊ ရုပ်နာမ် နှစ်ဝ၊ ထိုသင်္ခါရတို့၏၊



- ဝူပသမော = ကင်းရာကုန်ရာ၊ ငြိမ်းအေးစွာသည့်၊ နိဗ္ဗာနဓာတ်၊ အမြိုက်ရပ်သည်၊
- သုခေါ = ဖြစ်ပျက်မစပ်၊ အငြိမ်းဓာတ်ဖြင့်၊ မပြတ်ပုံသေ၊ ချမ်းသာပေတကား။

(သံ၊၁၊၁၆၀)

- ပြုပြင်စီမံရမှု သင်္ခါရမှန်သမျှ မမြဲကြကုန်။ ပြုပြင်စီမံရမှု သင်္ခါရမှန်သမျှ ဆင်းရဲသာ ဖြစ်ကြ၏။ တရားသဘောမှန်သမျှ အစိုးမရ အနတ္တသာ ဖြစ်ကြ၏။

(ဓမ္မပဒ၊၅၃)

- လူငယ်၊ လူကြီး၊ လူမိုက်၊ ပညာရှိ ဤသူအားလုံးတို့သည် သေမင်း၏အလို နိုင်ငံသို့ လိုက်ကြရ၏။ အားလုံးသော သူတို့သည် သေမင်းအထံသို့ ဆိုက်ရောက်ကြရ၏။

(သုတ္တနိ၊၃ရ၁)

- အသက်ရှင်ခြင်းသည် သေရခြင်း အဆုံးရှိ၏။

(ဓမ္မပဒ၊[illegible]၅)

www.burmeseclassic.com

www.burmeseclassic.com



- ရဟန္တာသည် သေရခြင်းကိုလည်း မတောင့်တ၊ ရှင်ရခြင်းကိုလည်း မတောင့်တ၊ အခရိက္ခာယူ၍ အလုပ်လုပ်သောသူသည် ရိက္ခာအခကိုသာ အလိုရှိသကဲ့သို့ အချိန်ကာလကိုသာ ငံ့လင့်လျက်ရှိ၏။

(ဥဒါန၊ဋ္ဌ၊၃၈၈)

- သေမင်းနှိပ်စက်၍ တမလွန်လောကသို့ သွားကြရသောသူတို့တွင် အမိအဘသည် သားသမီးကို သေဘေးမှ မစောင့်ရှောက်နိုင်။ ဆွေမျိုးတို့လည်း ဆွေမျိုးတို့ကို သေဘေးမှ မစောင့်ရှောက်နိုင်။

(သုတ္တနိ၊၃ရ၁)

- သေသောသူသည် ဆွေမျိုးတို့ငိုကြွေးသည်ကို မသိတော့ချေ။ ထိုကြောင့်ငါသည် သားသေကို အကြောင်းပြု၍ မငိုကြွေး။

(ခု၊၂၊၁၃ရ)

- သတ္တဝါအပေါင်းတို့သည် သံသရာဝဋ်ကို ချဲ့ထွင်တတ်သော တဏှာမာန၊ ဒိဋ္ဌိတို့ဖြင့် မွေ့လျော်တတ်၏။

(ဓမ္မပဒ၊၅ဝ)



- သမုဒ္ဒရာ အတွင်း၌ အနှစ်တရာကြာမှ တစ်ကြိမ်သာ ပေါ်၍လာသော လိပ်ကန်းသည် ရေတွင်မျောနေသည့် တစ်ခုတည်းသာရှိသော ထမ်းပိုး၏အပေါက်တွင်းသို့ မိမိလည်ပင်းကို စွပ်မိမည် ဖြစ်သော်လည်း တစ်ကြိမ် အပါယ်ဘုံသို့ ကျရောက်သောလူမိုက်သည်ကား လူ့ဘဝ ပြန်ရဖို့ အလွန်ခဲယဉ်းသည်။

(မ၊၃၊၂ဝရ)

- သတ္တဝါတို့သည် ငံသေမင်းတမန်တို့သတိပေးနှိုးဆော်ကုန်သော်လည်း မေ့လျော့နေကြ၏။ ထိုသတ္တဝါတို့သည် ယုတ်ညံ့သောငရဲဘုံသို့ ရောက်ကုန်သည်ဖြစ်၍ ရှည်မြင့်စွာသော နေ့ညပတ်လုံး စိုးရိမ် ပူဆွေးနေကြကုန်၏။ (အံ၊၁၊၁၄၈)

- သတ္တဝါဟူသမျှ သေကြရမည်။ အသက်ရှင်ရခြင်းသည် သေခြင်းလျှင်အဆုံးရှိ၏။ (ဇီဝိန်တင်းလင်းရှိနေခြင်းကား သေခြင်းနောက်ဆုံးပါတကား)

(သံ၊၁၊၉၈)

- အနှစ်တစ်ရာ အသက်ရှည်သောသူသည်လည်း သေရခြင်းလျှင် လဲလျောင်းရာရှိ၏။ (သံ၊၃၊၁[illegible])

www.burmeseclassic.com

www.burmeseclassic.com



- လောက၌ မသေရာအရပ် မည်သည်ကား မရှိ။

(ဇာ၊၄၊၂၊၅၀)

- လူတို့သည် အသက်အသချေ နေရမည်ကဲ့သို့ လည်းကောင်း၊ မအို မသေ တော့မည်ကဲ့သို့ လည်းကောင်း၊ အမြဲ မေ့လျော့ ပေါ့ဆစွာ နေကြသည်။

(ဓမ္မပဒ၊၄၊၁၊၂၃၀)

- ပုထုဇဉ်တို့သည် မိမိကိုယ်တိုင် နာခြင်း၊ အိုခြင်း သဘောရှိကုန်ပါလျက် သူအို၊ သူနာ၊ သူသေ တို့ကို စက်ဆုတ်ကုန်၏။ (အံ၊၁၊၁၃၅)

- မမေ့ မလျော့ခြင်းသည် မသေရာ နိဗ္ဗာန်ရခြင်း၏ အကြောင်း ဖြစ်၏။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်း ဖြစ်၏။ (ဓမ္မပဒ၊၁၆)

- ကောင်းကင်၌ နေသော်လည်း သေခြင်းမှ မလွတ်နိုင်။ သမုဒ္ဒရာ၏ အလယ်၌ နေသော်လည်း သေခြင်းမှ မလွတ်နိုင်။ တောင်ခေါင်း ကျောက်ဂူ၌ ဝင်၍ နေသော်လည်း သေခြင်းမှမလွတ်နိုင်။ သေမင်း ကျော့ကွင်းမှ လွတ်သောနေရာ မည်သည် မရှိ။

(မိလိန္ဒ၊ ၁၅၂)



- မကောင်းမှုပြုသူသည် ကောင်းကင်၌ နေသော်လည်း မကောင်းမှုမှ မလွတ်နိုင်။ သမုဒ္ဒရာ၏အလယ်၌နေသော်လည်း မကောင်းမှုမှမလွတ်နိုင်။ တောင်ခေါင်း ကျောက်ဂူ၌ဝင်၍နေသော်လည်း မကောင်းမှုမှမလွတ်နိုင်။ မကောင်းမှု လွတ်ရာအရပ်မည်သည် မရှိနိုင်ပေ။

(ဓမ္မပဒ၊၃၂)

- မှည့်ကုန်သောအသီးတို့အား အပင်မှကြွေကျမည့်ဘေးသည် မြဲ၏။ ထို့အတူ ဖြစ်လာသောသတ္တဝါတို့အား သေဘေးသည် မြဲ၏။

- နံနက်အခါ၌ များစွာသောသူတို့ကို မြင်ရသော်လည်း ညနေချမ်းအခါ၌ အချို့သော သူတို့ကို မမြင်ရကုန်။ ညနေချမ်းကာလ၌ များစွာသောသူတို့ကို မြင်ရသော်လည်း နံနက်အချိန်အခါ၌ အချို့သောသူတို့ကို မမြင်ရကုန်။ (ဇာ၊၂၊၁၅၉)

- လောကသည် ကံကြောင့်ဖြစ်၏။ သတ္တဝါများသည်လည်း ကံကြောင့်ဖြစ်လာရ၏။ (သုတ္တနိ၊၃၅၉)

- လူ့ဘဝရခိုက် မိမိ၏စီးပွားချမ်းသာကို လိုလားသော အမျိုးကောင်းသားသည် ထိုသာသနာတော်၌ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဟော တရားတော် နာကြားခွင့်ရရှိသည့် အချိန်အခါတွင် မြတ်သောအကျင့်ကို ကြိုးစား အားထုတ်ခြင်းငှာ သင့်လှပေ၏။ (အံ၊၃၊၆၁)

–သူတော်ကောင်းတရား သစ္စာလေးပါးကို ဆရာမရှိဘဲ ဘယ်ပုံဘယ်နည်းဖြင့် သိနိုင်ပါမည်နည်း။ ယခုအခါ ဆရာကောင်း ရှိနေချိန်ဖြစ်၍ အခွင့်အခါကောင်းကြီးသည် သင်တို့အား လက်လွတ် ကျော်လွန် မသွားပါစေနှင့်။ လက်လွတ်ရသူတို့သည် ငရဲသို့လားရောက်ကြကုန်သည်ဖြစ်၍ ပူဆွေးနေကြရကုန်၏။

(အံ၊၃၊၆၂)

–လွန်စွာဆန်းကြယ်ကုန်သော မင်းစီးရထားတို့သည် အိုမင်း ဆွေးမြေ့ကုန်၏။ ထို့အတူ ဤခန္ဓာကိုယ်သည်လည်း အိုခြင်းသို့ရောက်တတ်၏။ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့်သာ တရားစကား ပြောကြားကြသည်။ (ဓမ္မပဒ၊၃၆၊ဓာ၊၂၊၁၃၆)

–မိမိစိုက်ပျိုးသော မျိုးစေ့နှင့်တူစွာ မိမိစိုက်သောအပင်မှ အသီးသီးသလို ကောင်းမှု ပြုသောသူသည် ကောင်းကျိုးကို ခံစားရ၏။ မကောင်းမှု ပြုသောသူသည်



မကောင်းကျိုး ခံစားရ၏။ (သံ၊၁၊၂၂၉)

–စိုက်ပျိုးသော မျိုးစေ့အားလျော်စွာ အသီး သီးသလို သတ္တဝါတို့သည် မိမိပြုလုပ်သောအလုပ် (ကံ) အားလျော်စွာ ခံစားကြရကုန်သည်။ (ဓာ၊၅၊၃၊၁၄၉)

–ဘဝကိုရလျှင် ပဋိသန္ဓေ နေရမှု ဖြစ်ရ၏။ ဥပမာ–မျိုးစေ့ဖြစ်လာလျှင် အညွန့်ပေါက်၍ လာသကဲ့သို့ ဖြစ်ရ၏။ (အဘိ၊၅၊၂၊၁၈၆)

–ကောင်းမှု မကောင်းမှု ပြုသောသူသည် ထိုကောင်းမှု မကောင်းမှုတို့၏ အကျိုးကို မိမိကိုယ်တိုင် တွေ့ကြုံခံစားရ၏။ (ဓာ၊၅၊၃၊၁၄၇)

–သင်ပြုအပ်သော မကောင်းမှုကံ၏ မကောင်းကျိုးကို သင်သာ ခံစားရပေမည်။ (မ၊၃၊၂၁၈)

–ငှက်ပျောသီးသည် ငှက်ပျောပင်ကို သတ်၏။ ဝါးသီးသည် ဝါးပင်ကို သတ်၏။ ကျူပင်အသီးသည် ကျူပင်ကို သတ်၏။ ကိုယ်ဝန်သည် အဿတရီ မြင်းမကို သတ်၏။ ထို့အတူ ပူဇော်သက္ကာရသည် သူယုတ်မာကို သတ်၏။ (ဝိ၊၄၊၃၄၆)

www.burmeseclassic.com

www.burmeseclassic.com



- ကံတရားတို့ဖြစ်ရန်အကြောင်း၏ မူရင်းအရင်းခံသည် မောဟတရား ဖြစ်၏။
- တရားတော်၌တည်သောသူသည် တမလွန်လောကကို မကြောက်။

ဓမ္မအရ - တရားတော်ဟူသည်-

- နှုတ်ကိုစောင့်စည်းခြင်း။
- စိတ်ကိုစောင့်စည်းခြင်း။
- ကိုယ်ဖြင့် မကောင်းမှု မပြုခြင်း။
- သဒ္ဓါတရားရှိခြင်း။
- နူးညံ့သိမ်မွေ့ခြင်း။
- အပြောအဆို လိမ္မာခြင်း။

(သံ၊၁၊၄၀)

- သံဝေဂဖြစ်ဖွယ် အရာဌာနတို့၌ သံဝေဂဖြစ်သော သတ္တဝါတို့သည် အနည်းငယ်သာ ရှိ၏။
- စင်စစ်အားဖြင့် သံဝေဂဖြစ်ဖွယ်အရာဌာနတို့၌ သံဝေဂ မဖြစ်သော သတ္တဝါတို့သာ များကုန်၏။
- သံဝေဂရပြီးနောက်ပညာဖြင့် အားထုတ်ကျင့်ကြံသော ပုဂ္ဂိုလ် အနည်းငယ်သာ ရှိ၏။



- သံဝေဂဖြစ်ဖွယ် အရာဌာနတို့၌ သံဝေဂရပြီးနောက် အားမထုတ် မကျင့်ကြံသော သတ္တဝါတို့သာ များကုန်၏။ (အံ၊၁၊၃၈)
- တရား အရသာသည် အရသာအားလုံးကို အောင်နိုင်သာလွန်၏။
- တရားနှင့် မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။ (ဓမ္မပဒ၊၆၄)
- တပည့်တော်သည် ဤအတ္တဘောကို ဘုရားရှင်အား စွန့်လွှတ် လှူဒါန်းပါ၏ ဟု ဆိုပြီး ဘုရားရှင်အား မိမိကိုယ်ကို အပ်နှင်းရမည်။

(ဝိသုဒ္ဓိ-၁၊၁၁၁)

( ကျမ်းကိုး - သာသနာရေးဝန်ကြီးဌာန၏ ဗုဒ္ဓဒေသနာတော်အညွှန်း စာအုပ်မှ )

www.burmeseclassic.com

www.burmeseclassic.com



## လူ့အသက်နှင့်ဥပမာ

လူတို့၏အသက်သည် မြက်ပင်ဖျား၌ ကျရောက်သော ဆီးနှင်းပေါက်နှင့် ဥပမာ တူ၏။

ရေပွက်နှင့် ဥပမာ တူ၏။

ရေအပြင်၌ ရေးအပ်သော အရေးအကြောင်းနှင့် ဥပမာ တူ၏။

တောင်ကျရေနှင့် ဥပမာ တူ၏။

လူတို့၏ အသက်သည် တံတွေးပေါက်နှင့် ဥပမာ တူ၏။

အသားတုံးနှင့် ဥပမာ တူ၏။

အသတ်ခံရသည့် နွားနှင့် ဥပမာ တူ၏။

(အံ၊၂၊၅၀၂)

## ခန္ဓာဝန်ထုပ်

၁။ ငါဟုခေါ်တွင်၊ ငါကိုယ်ပင်ဟု၊ ထင်မြင်ရငြား၊ ခန္ဓာငါးပါးတို့သည် စင်စစ်ကေန် အမှန်အားဖြင့် လေးလံလှစွာသော ဝန်ထုပ်ဝန်ပိုးကြီးပါ



တကား။

၂။ သူငါကစ ပုဂ္ဂိုလ်ဟူသမျှသည် ခန္ဓာဝန်ထမ်း၊ အမြဲနွမ်းလျက် ပင်ပန်း၍သာ နေရပါတကား။

၃။ ဤလောက၌ အဝိဇ္ဇာ တဏှာ အရင်းပါသဖြင့် ခန္ဓာဝန်ကိုယူရခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းပါတကား။

၄။ အရိယာမဂ်ဖြင့် ခန္ဓာဝန်ကို ပယ်ချလိုက်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းပါတကား။

(သံယုတ်ပါဠိတော်)

## ဒုက္ခသစ္စာ

- ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏။
- အိုရခြင်းသည်လည်း ဆင်းရဲ၏။
- နာရခြင်းသည်လည်း ဆင်းရဲ၏။
- သေရခြင်းသည်လည်း ဆင်းရဲ၏။
- မုန်းသူနှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏။
- ချစ်သူနှင့် ကွဲကွာရခြင်းသည်လည်း ဆင်းရဲ၏။

www.burmeseclassic.com

www.burmeseclassic.com



- လိုတာမရခြင်းသည်လည်း ဆင်းရဲ၏။
- အကျဉ်းအားဖြင့် ဥပါဒါနိ်၏ အာရုံဖြစ်သော ခန္ဓာ ငါးပါး တို့သည်လည်း ဆင်းရဲကုန်၏။

(ဓမ္မစကြာမှ)

## ကွဲမြဲ ပျက်မြဲ သေမြဲ

၁။ ကွဲပြိုတတ်ကြား၊ ထိုတရား၊ ထင်ရှားပြိုကွဲမည်။
၂။ ပျက်စီးတတ်ကြား၊ ထိုတရား၊ ထင်ရှားပျက်စီးမည်။
၃။ ငါ့ဆွေမျိုးသာ၊ ပျက်စီးရာ၊ မှန်စွာမဟုတ်ပြီ။
သူ့အမျိုးကိုယ့်အမျိုး၊ ပျက်စီးရိုး၊ သေမျိုးထုံးစံညီ။
၄။ တစ်ရွာတည်းသာ၊ ပျက်စီးရာ၊ မှန်စွာမဟုတ်ပြီ။
ရွာဟူသမျှ၊ ပျက်စီးကြ၊ သေရထုံးစံညီ။
မြို့ဟူသမျှ၊ ပျက်စီးကြ၊ သေရထုံးစံညီ။
၅။ စကြာဝဠာ၊ ဘုံသုံးရွာ၊ သေရာမလွတ်ပြီ။
တရားသဘော၊ ကြံတွေးတော၊ မှန်သော သံဝေ ရည်။

(ဥရဂ ဇာတ်)



## မပြတ်ဆင်ခြင်သင့်သောတရားငါးပါး

အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်းတခြား၊ ကွဲပြားတတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ညဉ့်၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

၁။ ငါ့မှာအိုရ၊ ဘေးဒုက္ခ၊ လုံးဝမလွတ်နိုင်။
၂။ ငါ့မှာနာရ၊ ဘေးဒုက္ခ၊ လုံးဝမလွတ်နိုင်။
၃။ ငါ့မှာသေရ၊ ဘေးဒုက္ခ၊ လုံးဝမလွတ်နိုင်။
၄။ ငါချစ်သမျှ၊ ကွဲကွာရ၊ လုံးဝမလွတ်နိုင်။
၅။ ကံပြုသမျှ၊ လိုက်နာရ၊ လုံးဝသူကြီးကိုင်။

(က) ကံလျှင်ဥစ္စာ၊ သတ္တဝါ၊ သူငါရှိသည်။
(ကမ္မဿကာ)
(ခ) ကံလျှင်ဥစ္စာ၊ ခံစံပေ၊ ခွဲဝေယူကြသည်။
(ကမ္မဒါယာဒါ)
(ဂ) ကံလျှင်အကြောင်း၊ ဆိုး အကောင်း၊ အပေါင်းမှန်လှသည်။
(ကမ္မယောနိ)
(ဃ) ကံလျှင်ဆွေမျိုး၊ ကောင်းအဆိုး၊ ကြောင်းကျိုး မှန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



( င )　ကောင်းဆိုးကံသာ၊ ကိုးကွယ်ရာ၊
သေချာမှန်လှသည်။ (ကမ္မပဋိသရဏ)
(အံ၊၂၊နှာ၊၆၃)

## ယနေ့ ပြုလုပ်ပါ

ပြုဖွယ်ကိစ္စ၊ ဟူသမျှကို ယနေ့ပင် ပြုလုပ်ပါ။
(အချိန်မဆွဲပါနှင့်)

မနက်ဖြန်၌ သေရမည်ကို အဘယ်သူသည် သိနိုင်အံ့နည်း။ စစ်သည်ဗိုလ်ပါ များလှစွာသော ရှင်သေမင်းနှင့် ငါတို့မှာ ချိန်းချက်ထားမှု မရှိချေ။
(ချိန်းချက်၍လည်း မရပေ)

(ဥပရိပဏ္ဏာသ၊နှာ၊၂၂၉)

{နှမ်းတန်သာသနာ၊ ဦးပညာသာမိ(မာဂဓီသာစည်)မှ}



## ဗုဒ္ဓ၏နောက်ဆုံးတရား

( မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့ ပရိနိဗ္ဗာန် စံဝင်ခါနီး နောက်ဆုံး ဟောကြားတော်မူခဲ့သော အပ္ပမာဒေန တရားတော် )

**ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊**
**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။**

ဘိက္ခဝေ – သံသရာဝဲဂယက်မှ လွဲထွက်လိုငြား အိုကွယ့် ချစ်သားသမီးတို့–

ဟန္ဒ – ရုပ်နာမ်ခန္ဓာ၊ မီးလောင်စွာကျွမ်း၊ ဓာတ်ဆီခန်းအောင်၊ လျှမ်းလျှမ်းတောက်ထိန်၊ အရှိန်ပြင်းစွာ၊ ဇရာဆက်ဆက်၊ မီးဒဏ်ချက်ကြောင့်၊ သက်တော်အာယု၊ ချုပ်လုဆဲဆဲ၊ ရွှေအားတော်နည်းလှ၍၊ တရားပွဲကြီး ရုပ်သိမ်းတော်မူပေအံ့။

ဒါနိဣဒါနိ – တစ်ရာလေးဆယ်ရှစ်၊ သက္ကရာဇ်အကြို၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဟု၊ ချမ်းမြေ့သာယာ၊ မဟာပရိနိဗ္ဗာန်၊ စံယူချိန်နီး၊ ဤနောက်ဆုံးပိတ် ကာလ

www.burmeseclassic.com

www.burmeseclassic.com


ကြီး၌။

ဝေါ – သချော်နှစ်ဆယ်၊ မက ကယ်အောင်၊ ဆောင်သယ်ကူပို့၊ ကူးတို့မဟာ၊ မဂ်လာသဘင်၊ ပွဲကြီးခွင်၌၊ မဝင်စာရင်း၊ အကင်းအန၊ ပုပုသေးကွေး၊ အထွေးဆုံးအငယ်ဆုံး ဖြစ်ကုန်သော သင်ချစ်သားတို့ကို၊

အာမန္တယာမိ – လေးဆယ့်ငါးဝါ၊ ကာလကြာအောင်၊ ဟောလာခဲ့သမျှ၊ ဓမ္မ ဂမ္ဘီ၊ အဆီအထပ်ထပ်၊ ပိဋကတ်သုံးပုံ၊ ကျမ်းပေါင်းစုံကို၊ အကုန်ရုံးစည်း၊ တစ်လုံးတည်းဖြင့်၊ အပြီးသိမ်းအုပ်၊ လိုရင်းချုပ်၍၊ တစ်ပုဒ်တစ်ပါဒ၊ မြွက်ဟလှစ်ဖော်၊ ရွှေဗျာဒိတ်တော် ပေးတော်မူခဲ့အံ့။

သင်္ခါရာ – ကံ စိတ် ဥ ဟာ၊ ကြောင်းလေးဖြာနှင့်၊ ဝါသာစတု၊ ပစ္စည်းစုတို့၊ အမှုအသီးသီး၊ ပြုဖန်တီး၍၊ ရုံးစည်းညီညာ၊ ဖြစ်ပေါ်လာသော၊ တေဘုမ္မက၊ သင်္ခါရတရားတို့သည်၊

ဝယဓမ္မာ – ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသော၊ ဗုဒ္ဓပရမေ၊ မြတ်စိန္တေတို့၊ အသချေ တန်ခိုး၊ ဘုန်းတော်မျိုးဖြင့်၊ စိုးမိုးအာဏာ၊ စီမံပါလည်း၊ ဘယ်ခါမဆိုင်၊ ခွင့်မပိုင်ဘဲ၊ လက်မှိုင်ဟီးချ၊ မွမွကြေပြုန်း၊ လေလိုသုဉ်း၍၊ ပျက်စီးခြင်းသဘော ရှိကြလေကုန်၏။

တသ္မာ – ထိုကြောင့်၊ တုမှေ – သင်ချစ်သားချစ်သမီးတို့သည်၊

အပ္ပမာဒေန – မမေ့မလျော့၊ မပေါ့မတန်၊ နိဗ္ဗာန်လမ်းမ၊ ဖြောင့်တန်းလှသော၊ သီလသမာ၊ ပညာအစဉ်၊ မဂ္ဂင်သုံးဆင့်၊ လမ်းကြီးပွင့်အောင်၊ အသင့်ယူကြုံး၊ နှလုံးသည်းမွှာ၊ ရွှေမြူတာဝယ်၊ ကောင်းစွာထည့်သွင်း၊ အလျင်းမမေ့၊ စေ့စေ့စဉ်းစား၊ သတိတရားကြီးနှင့်။

သမ္ပာဒေထ – ဘဝမကွာ၊ နောက်တော်ပါအောင်၊ ရှိုးရာစဉ်စိုက်၊ ဦးတင်ခိုက်လျက်၊ လိုက်ဖို့မနှေး၊ အရေးကုံလုံ၊ ပြည့်စုံအောင် အားထုတ်ရစ်ကြပါစေကုန်သတည်း။

(ဘုရားစကား၊ လိုက်နာပွားသည်၊
တရား လက်မလွတ်စေနှင့်)

(ဓမ္မပန်းဥယျာဉ်မှ)

www.burmeseclassic.com

www.burmeseclassic.com



## သံဝေဂဂါထာ ရွတ်ဆိုပူဇော်ခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက် ဗြဟ္မာမင်း၊ သိကြားမင်း၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာတို့သည် သံဝေဂဂါထာတို့ကို အောက်ပါအတိုင်းရွတ်ဆိုကြပါသည်–

### သဟမ္ပတိဗြဟ္မာမင်း

မြန်မာပြန်။ လူနတ်ဗြဟ္မာ၊ သတ္တဝါ၏၊ ဆရာတဆူ၊ ဖြစ်တော်မူသား၊ ပြိုင်သူအားလုံး၊ ယှဉ်သော်ရှုံးဘို့၊ ထွတ်ဘုန်းကာယ၊ ဉာဏ်ဗလနှင့်၊ လုံးဝစုံလင်၊ အကုန်မြင်၍၊ သဗ္ဗညုမည်၊ ဉာဏ်တော်တည်သည့်၊ ရွှေရည်ရုပ်ဝါ၊ ကိုယ်ခန္ဓာလည်း၊ စွန့်ခွာပစ်ရ၊ ဤလောကဝယ်၊ ကာယအားလုံး၊ ပစ်ရတုံးသည်၊ နှလုံးမရွှင်ဖွယ်တကား။

### သိကြားမင်း

မြန်မာပြန်။ အဝိဇ္ဇာနှင့်၊ တဏှာကာမ၊ အာဟာရဟူ၊ စိတ်ဥတုတို့၊ ပြုပြုပြင်ပြင်၊ တသွင်သွင်ဖြင့်၊ အစဉ်ပြုလုပ်၊ နာမ်နှင့်ရုပ်ကို၊ သမုတ်ခေါ်ကြ၊ သင်္ခါရကား၊ ဖြစ်ကပျက်ရန်၊ သဘောမှန်သဖြင့်၊ ဧကန်မုချ၊ အနိစ္စတည်း၊ ဖြစ်၍



ပြီးသော်၊ ပျက်စီးပြန်ရ၊ ကေန္တမို့၊ နှစ်ဝရုပ်နာမ်၊ အေးကြောင်းမှန်သည်၊ နိဗ္ဗာန်မည်ခေါ်၊ ဓာတ်အနှစ်တော်သည်၊ အော် – အော်– ချမ်းသာကြောင်း တကား။

### အရှင်အနုရုဒ္ဓါ

မြန်မာပြန်။ အရှင်ဘုရား၊ သံဃာများတို့၊ တရားသခင်၊ ဘုရားရှင်သည်၊ များဖြင်အာရုံ၊ အဖုံဖုံဝယ်၊ လှုပ်တုန်တတ်ခြင်း၊ တဏှာကင်း၍၊ သန့်ရှင်းနိဗ္ဗာန်၊ ဝင်ဖို့ရန်ဟု၊ ရည်သန်သမှု၊ အကြောင်းပြုလျက်၊ ယခုအခါ၊ စံလွန်ပါပြီ၊ များစွာထုံးစံ၊ လောကဓံကို၊ ခံနိုင်စွမ်းရည်၊ စိတ်တည်တည်ဖြင့်၊ ကြည်ကြည်လင်လင်၊ ကိုယ်လည်းရွှင်လျက်၊ ထွက်ဝင်အသက်၊ နောင်မဆက်သည်၊ ဖြစ်ပျက်ငြိမ်းတော့ပြီတကား။

ဗုဒ္ဓမြတ်စွာ၊ ဝေဒနာသည်၊ လွန်စွာပြင်းပြ၊ ခံခက်လှလည်း၊ လုံးဝမလွန့်၊ စိတ်မတွန့်ဘဲ၊ မရွံ့ကြည်ဖြူ၊ ခံတော်မူ၍၊ အပူမီးတောက်၊ ငြိမ်းကာပျောက်သို့၊ နောက်နောက်ဝင့်မီး၊ ကျွတ်လွတ်ပြီးသည်၊ ငြိမ်းကြီး ငြိမ်းလေပြီးတကား။

www.burmeseclassic.com

www.burmeseclassic.com



အရှင်အာနန္ဒာ

မြန်မာပြန်။ သီလသမာဓိ၊ ပညာပြည့်၍၊ များဘိဉသုံ၊ ဂုဏ်တော်စုံသည်၊ သုံးဘုံထင်ရှား၊ မြတ်ဘုရား၏၊ တရားနိဗ္ဗူ၊ စံတော်မူသော်၊ ဗိုလ်လူများလှ၊ ကြက်သီးထ၍၊ ကြောက်ရအောင်ပင်၊ မြေငလျင်ကြီး၊ ပွဲတင်ဟီးသည်၊ အံ့ကြီး အံ့ဖွယ်ပါတကား။

(နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ–၁၃၉၊၁၄၁ မှ)



## သာသနာဦးဆျောင်ဆရာတော်ကြီးများ
## ၏
## ဓမ္မသံဝေဂ

### ရှင်မဟာရဋ္ဌသာရ၏ သံဝေဂကဗျာ

ဘဝသြဃာ၊ စကြာရဟတ်၊ သုံးပါးဝဋ်တွင်၊ လူ[နတ်]ဗြဟ္မာ၊ သတ္တဝါကား၊ ကြမ္မာအလျောက်၊ အခါရောက်[က]၊ မြေအောက်ပုန်းလျှိုး၊ ခွန်အားကိုးသည်၊ လွတ်ရိုးမထင်၊ [ရေ]တွင်စုပ်စုပ်၊ နစ်ရာငုပ်လည်း၊ လွတ်ရုပ်မမြင်၊ ကောင်း[က]င်ပျံတက်၊ စက်နှယ်ပတ်လည်း၊ မလွတ်နှင်နှင်၊ သေမင်း[ဝ]င်၍၊ အရှင်စတော၊ မနေရရာ၊ ဓမ္မတာကြောင့်၊ ခန္ဓာပြိုကွဲ၊ [ယ]ွင်းဖေါက်လွဲသည်၊ ကြဉ်ဖဲ မရှောင်စသာတည်း။

### ဗုဒ္ဓဃောသ၏ ကြိုမသိရ ဤငါးဝ

၁။ သက်တမ်းရှည်ရာ၊ ကြိုတင်ကာ၊ သူငါ မသိနိုင်။
၂။ သေမည့် ရောဂါ၊ ကြိုတင်ကာ၊ သူငါ မသိနိုင်။
၃။ သေမည့် ချိန်ခါ၊ ကြိုတင်ကာ၊ သူငါ မသိနိုင်။
၄။ သင်္ချိုင်း နေရာ၊ ကြိုတင်ကာ၊ သူငါ မသိနိုင်။
၅။ ဂတိ လားရာ၊ ကြိုတင်ကာ၊ သူငါ မသိနိုင်။

www.burmeseclassic.com

www.burmeseclassic.com



## ပဋိသန္ဓေနေရသော ဇာတိဒုက္ခ

(ပရက္ကမသရူပဘေဒနီ၊ ၁၂၉၇)

စာသင်စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ခွတိုမှာ၊ မျောက်အိုကုပ်သည့်နှယ်၊ မလှုပ်မလှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ပာယ်မိ၊ မြွေငယ်ချိုသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍၊ လေကမ္မဇ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံတောင်ကြိတ်ချေ၊ ပုံနေယိက၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များလှသည်၊ လက်စဇာတိမူရင်းတည်း။

ပဋိသန္ဓေနေရသောဇာတိဒုက္ခ၊ အိုရသောဇရာဒုက္ခ၊ မကျန်းမမာဖျားနာရသောဗျာဓိဒုက္ခ၊ သေခါနီး၌ဆင်းရဲရသောမရဏဒုက္ခတို့အပြင် ချစ်သူနှင့်ကွေကွင်းရခြင်းဒုက္ခ၊ မုန်းသူနှင့်အတူနေရသောဒုက္ခ၊ လိုချင်တာကိုမရခြင်းကြောင့်ဖြစ်သောဒုက္ခ၊ ဤသို့ဆင်းရဲဟူသမျှသည် ဤခန္ဓာကိုယ်၌ဖြစ်ရသောကြောင့် တကိုယ်လုံး ဒုက္ခတုံးကြီးပါတကား။



## လယ်တီဆရာတော်၏သံဝေဂဂါထာ
## တေးထပ်၊ လင်္ကာ၊ လေးချိုး၊ ဆုံးမစာများ၊
## နိဗ္ဗိန္ဒတေးထပ်များ

(၁)

အဝိဇ္ဇာပိတ်ကာဆို့၊ မိစ္ဆာမြို့ပြင်ပြင်၊ ဏှဣာလို့ခင်မင်လျှင်၊ လွင့်စင်မည်မလွဲ၊ အရွတ်စုအပုပ်ကောင်ကို၊ အဟုတ်ယောင်မှားဖို့ဖန်နဲ့။

အသုဘရုပ်တစ္ဆေငယ်၊ မဟုတ်လေကိုယ်ထဲ၊ အပုပ်ရေ စိုတရွဲဟာမို့၊ ယိုမစဲသူ့မှာ၊ သွေးသည်းချေပြည်သလိပ်တွေက၊ တည်မဆိတ်လျှမ်းပြည့်သည်သာ။

သို့ကလောက်ရွံစရာကို၊ လွန်တဏှာမက်စွဲလို့၊ ဓာက်ဝဲမှာ တပေပေ၊ မွန်းနစ်ကြပလေ။ တဏှာဖမ်းတဲ့ အကန်းတွေမှာ၊ အပန်းမပြေ ဟိုက်မောရှာကြလေး။ တဏှာလိုက်တဲ့ အမိုက်တွေမှာ၊ အဟိုက်မပြေ ပင်ပန်းရှာကြလေး။

(၂)

ကိုယ်ခန္ဓာကောင်ရုပ်က၊ ယောင်[illegible]ပုပ်နံ့ညှီ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုးဒွါရပြွန်နဒီမှာ၊ ရွံစလိပါဘဲ၊ ဤကာယရုပ်အရှင်ကို၊ အပဟုတ်ပင် မှတ်ကြမစဲ။

သုသာန်နှင့်တစပြင်မှာ၊ သူသေသွင်မလွဲ၊ ချွေးမျက်ရည်နှပ်ချွဲက၊ ပြတ်မစဲစီးယို၊ အိုင်းအနာနူအရွဲငယ်နှင့်၊ တူတူဘဲမှတ်ကြကိုယ့်ကို။

မျှားတစုလူပိုလ်မှာ၊ အပဟုတ်လိုထင်စွဲလို့၊ စက်ဝဲသံသရာ၊ မွန်းနစ်ကြရှာ၊ ကမ်းတဖက်ခေမာကို၊ ရောက်နိုင်ပါပြီဘူးကွယ်လေး။

(၃)

နှစ်မပါဗလာသုံး၊ အကာဖြုန်းစင်စင်၊ မသာတုံးပြင်ပြင်၊ ထင်မြင်ဖွယ်မှန်စွ၊ အနတ္တ ဤရုပ်ကောင်ငယ်၊ ညှီပုပ်ကောင်ဆိုးညစ်တန်လှ။

ခြောက်ဝတ္ထု အသားဆိုင်မှာ၊ အများပိုင် ခိုကြ၊ နာမ်ဝိညာဉ်ဆိုမှုက၊ အိုစရာ့ဖြစ်ပုံ၊ ထောင့်ငါးရာညစ်ကြေးတွေက၊ ရစ်အမြွေး လွှမ်းအုပ်လို့ခြုံ။

စိုးမရ တရားစုံကို၊ ဇယားပုံ တင်ဖွဲ့လို့၊ မြင်တဲ့အောင်မတွယ်တာ၊ ခဲသင့်လှပါ၊ ရှင်သေမင်းက အတင်းလာလျှင်၊ မငြင်းသာ ပါရချိမ့်လေး။



## မရဏာနုဿတိတရားလင်္ကာ
## ခြောက်ပေတွင်းဝယ်

၁။ မှတ်ကာစွဲယူ၊ မျှားပိုလ်လူတို့၊ နိဗ္ဗူမရ၊ ဆင်းရဲကြလိမ့်၊ လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း။

၂။ သုံးစွဲဖို့ရာ၊ မြတ်ဥစ္စာကို၊ ကြမ္မာကံပေး၊ ရပြန်သေးလည်း၊ ပျက်ရေးတဖန်၊ တွေ့ကြုံပြန်၏။

၃။ ချစ်လျှံဝေဝေ၊ ချစ်သူတွေနှင့်၊ ချစ်လေသမျှ၊ ပေါင်းဖော်ကြလည်း၊ ကွဲရမည်မှာ၊ မလွဲသာတည်း။

၄။ ရှည်စွာအသက်၊ တည်ရှိလျက်လည်း၊ ပုခက်နှင့်ပေ၊ ဝေးလေလေ၍၊ နီးလေပျဉ်ခေါင်း၊ အမှန်အောင်းလိမ့်၊ အကြောင်းမလျော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ၊ ရန်တွေ့ပြန်သို့၊ အမှန်ချစ်သူ၊ မကပ်မူဘဲ၊ လျစ်လျူရှုသုံး၊ တကယ်မုန်း၏။

၅။ နောက်ဆုံးရောက်ခါ၊ မြို့ပြည်ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်ထား၍၊ သွားရအပြီး၊ လူမနီးသည့်၊ တောကြီးဆိတ်ညံ၊ မြေသုသာန်ဝယ်၊ မြုပ်နှံဘိခြင်း၊ ခြောက်ပေတွင်း၌၊ စင်းစင်းအိပ်ကာ၊ မလှည့်သာဘဲ၊ နေရန်ကို၊ စွဲမြဲမှတ်ကာ၊ ဆင်ခြင်ပါလော့။

www.burmeseclassic.com

www.burmeseclassic.com



၆။ သင်္ခါရမြဲ၊ လောကီဘုံ၌၊ ခိုလှုံဝင်စံ၊ ပုထုဇဉ်တို့၊ လောကခံလွတ်ကြောင်း၊ ဆုပန်တောင်း၍၊ လမ်းကောင်းမဂ္ဂင်၊ ရှစ်အင်ဓမ္မ၊ အဝဝကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာရောက်မှ အေးမည်တည်း။

## သံဝေဂတေးထပ်

ငါးအာရုံဘင်စု၊ ခင်မှုနှင့်နေ့ကုန်၊ နင်ယခုမေ့ပုံလို၊ တွေ့မကြုံစခန်း၊ ပါယ်လေးဝသောကဘုံမှာ၊ မျောရရုံရှိတော့ခမန်း။

အောက်ဝီစိသောင်အငူမှာ၊ ခေါင်းမပြူစတမ်း၊ နှစ်အရှည်နှစ်မည်လမ်းကိုလ၊ နင်မျှော်စမ်းနှင့်ကိုယ်၊ ဒေသနာထင်အလင်းရယ်နှင့်၊ နင်အဖျင်းပိုထက်သာပို။

သည်လောဘစရိုက်အိုကို၊ မလိုက်လိုရှောင်ပစ်လို့၊ နှောင်အသစ်တကယ်ပြင်လျှင်၊ ကောင်းဖို့အစဉ်။

ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊ အမိုက် နင့်ပြင် ရှိသေးလိမ့်လား။ ခွင့်သာဆဲမှမခဲချင်လျှင် အလွဲနင့်ပြင် ရှိသေးလိမ့်လား။ ခွင့်သာတုန်းမှ မရုန်းချင်လျှင်၊ အရှုံးနင့်ပြင် ရှိသေးလိမ့်လား။



## ဩဝါဒတေးထပ် (၁)

ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုပ်လို့ရက်ကုန်၊ နှစ်မျောလို့အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း၊ ခုလိုနှင့်သံသာတွေမှာ၊ ခန္ဓာတွေများခဲ့စတောင်း။

သက်မွေးမှုစခန်းပိုအောင်၊ ဝမ်းကိုသာနင်ကျောင်း၊ လေးဆယ်ကျော်အရွယ်နှောင်းခါမှ၊ သူကြွယ်လောင်းလုပ်ချင်၊ မိုးကုန်ပြီထွန်မချနှင့်၊ ရွံစရာ့မှားဖို့ဖြစ်အင်။

နွားအိုကြီး အမော့သင်သလို၊ မလျှော့လျှင် ဘဝဆုံးရှာတော့၊ အစတုံးနင်အဆင်၊ လွဲဖို့သာပြင်၊ တရားသို့မသက်ဝင်လျှင်၊ အခက်နင်ကြုံတွေ့ဖို့လေး။

## ဩဝါဒတေးထပ် (၂)

မျက်မြင်မှာဉာဏ်တွဲလို့၊ အနဲနဲရှုပါ၊ ငရဲနှင့်လူ့ရွာ၊ ခုအခါမခြား၊ မီးသုံးရပ်ဗလောင်ဆူ၊ အကောင်ပူသင်းတို့ဖြစ်လား။

စိတ်ရတက်အညစ်ထူ၊ အပြစ်မှုတွေပြား၊ တတွေတွေသေလို့သွားလျှင်လ၊ တဖွားဖွားအောက်မှာ၊ ယမနယ်ဘုံအနှုန်း၊ အကုန်လုံးစုကြမည်သာ။

www.burmeseclassic.com

www.burmeseclassic.com



သို့ကလောက်လှူငြမ်းဟာကို၊ ရှုစမ်းပါညီလှရဲ့၊ မိသမျှဉာဏ်ကုန်မျှော်နော်၊ ရောလို့မတော်၊ အလိုလိုက်လို့ အငိုက်ချော်လျှင်၊ တပိုက်ဟော် ညီမောရှာလိမ့်လေး။

## ပိဋကတ်အစွယ်ချိုးတေးထပ်

တစ်ပိုင်းကြောင် ကျက်စာရရုံနှင့်၊ ခက်ပါလှသဘော ဉာဏ်၊ တက်မာနအပြောသန်တယ်၊ ဒေါသမာန်ထူပွား၊ စောဒက တုဖက်လာလျှင်၊ သူ့ဖက်ငါ ငြင်းတဲ့လူစား။

ဘုရားဟောမြတ်ဓမ္မခန်ကို၊ တတ်လေဟန်ယောင်ဝါး၊ ပရမတ်ပြန်အကြောင်းသမားတွေကို၊ ထောင်လွှားကြသူ့ထက်ငါ၊ အသိဉာဏ်တစ်ထွာလောက်ကယ်နှင့်၊ ညှာမထောက် ဟောတတ်လှပါ။

ပရိသတ် ထောမနာအောင်၊ စောဒနာ ဉာဏ်အကောက်တွေနှင့်၊ ကန်အကြောက်အတင်းမရှောင်၊ ငြင်းကြလူ့ဘောင်။

ပိဋကတ် အစွယ်ထောင်လျှင်၊ အပါယ်တောင်ဆင်းရလိမ့်လေး။



## သံဝေဂလေးချိုးကြီး

၁။ မိုက်မလင်းနိုင်လို့၊ မြိုက်ခင်းညာစီမှာ၊ ခါတော်မှီသိမဝေ့နိုင်ဘု၊ ဒီကွေ့တွင် နေကုန်မျှောပြန်ရ၊ အတော ဘယ်မသတ်နိုင်တဲ့၊ ရဟာတ်ဘွေ။

၂။ ငါးရက်ကယ်စုံညီ၊ ဒုလ္လဘီဝယ်၊ ကြုံမှီခုခေတ်၊ မြန်ခင်းဇမ္ဗူ မှန်ကင်းငယ်ထူ၊ လူ့ထက်လူဖြစ်ပါလျက်၊ အနှစ်ကယ်မနွှယ်၊ အကာတောမှာ ဗျာစောကြွယ်လို့၊ အကယ်ယောင်ယောင်၊ အမြင်မဖြောင့်၊ အညာဉ်ထောင့်၊ မှောင်ထက်မှောင်၊ သန်းခေါင်လမိုက်၊ မိုးတိမ်မြှေးတဲ့ မီးသွေးတိုက်မှာ၊ အလိုက်ကယ်ဘာသာ၊ အမြင်မငွေ့၊ အထင်ရွှေ့နှင့်သာ၊ အလေ့ရှာလျက်၊ အခါနှာရီ၊ ရွှေ့ရွှေ့ငယ်ချီ၊ တိထီဆန်းဆုတ်၊ ရတုအစဉ်၊ လုလုငယ်နှင့်၊ အတွင်ချုပ်လို့၊ သုတ်သုတ်ကယ်ရက်ရေ၊ ဇရာလက်မှာ၊ အသက်သာကြွေတော့တယ်၊ အသေသတ်လက်မရွံ့ကို၊ အသက်ခွန်ပဏ္ဏာသွင်းရန်ဖို့၊ ထမင်းအစာစုံနှင့်၊ ခန္ဓာရုံ မြုံပြတီးဆီက၊ အငြိုးဖြေကာစောင့်[illegible]ကြ၊ စိုးနှောင့်သချေ်။

www.burmeseclassic.com



၃။ သို့ပါမူလဲ၊ ပူနွယ်ဆွေးနွယ်၊ အရေးကျယ်တွေကို၊
အေးဖွယ်ထင်မှတ်၊ အစ မမြင်၊
ဘဝလျှဉ် အစဉ်ငတ်ဟာမို့၊ မသတ်ကယ်အာသာ၊
အာရုံဝမ္မ၊ ပြာပုံမွမှာ၊ ရသရှာလျက်၊ ငါတလူလူ၊
ပမာမူ ရှာသူတို့ဝက်၊ အစားများထူ၊ အသားလူ၊
ဆူလေလောက်ပါလျက်၊ ရမ္မက်ကယ်မာန်ဝင်၊
သူ့အသင်းမှာ သူမင်းဘဲထင်လိုက်လို့၊ ရှင်နိုင်မှု
ဝက်သဏ္ဍာန်လို၊ အချက်မှန်ပေါ်မလင်းစေဖို့၊
ဖော်သင်းရွေ မိတ်သင်ယှက်သည့်ပြင်၊
ခင်မင်ဖွယ်အရံပ၊ မာန်တဂုဏ်ဟန်ပုံနှင့်ဖုံးရာကြ၊
ရှုံးပလေ ထုံးမြေပြာစု မိတ်တွေမို့။

၄။ ငါတလုံးနှယ်၊ အနှုန်းငယ်ကျယ်သည်၊ သုံးသွယ်
မြုံသိုက်၊ ဘုံတလှိုက်မှာ၊ တုန်ရိုက်ကယ်ဆူညံ၊
မြူမချန်၊ ပူလှုံတောက်ညီး၊ အမြဲစတေ၊
မစဲရွှေအသေမီးတဲ့၊ အပြီးငယ်ကုန်ခင်၊ ဘုံတစ်ခွင်ကို၊
အတွင်းလောင်မြိုက်၊ အပြောင်တိုက်လို့၊
အမိုက်ကယ်ဝင့်နွယ်၊ အဖြစ်မစဲ၊ သစ်သစ်လဲ၊
သဲသဲကြွယ်သည်၊ အကယ်မလောက၊
သူကသာမောက်တော့၊ နောက်နောက်ကမ္ဘာ၊
ဖန်ဖန်လာလဲ၊ အစာသူ့တွင်၊ တစ်ခုသာဝင်ကြရ၊

သန်တရုပ်နာမ်ငယ်၊ အဟုတ်ဉာဏ်မတင်စီးနိုင်ဘု၊
သည်မီးတာ ဘယ်တကိန်းမှာမှ၊ ငြိမ်းပါမယ်လို့။

## အမိုက်မခြွေ ဆုံးမစာ

ဆိုပိမ့်မညှာ၊ စေ့စေ့နာလော့၊
ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊
ခေတ်အခါဝယ်၊ လူ့ရွာနတ်ဌ၊ နင်ကြုံကြိုက်လည်း၊
အမိုက်မခြွေ၊ အလိုက်နေ၍၊ အခြေမကြီး၊
အချည်းနှီးလျှင်၊ ယီးတီးယောင်တောင်၊
ခုအောင်တိုင်တည့်၊ သန်းခေါင်လကွယ်၊
တော၀အုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊
မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊
အင်လေးပါးထက်၊ နင်ကားရာထောင်၊
မကမှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊
ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊
အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏၊
မျက်မြင်လောက၊ ဤဘဝကား၊
ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊
သေမင်းအစာ၊ နင့်ခန္ဓာကို၊

www.burmeseclassic.com

www.burmeseclassic.com



တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရှုးပြင်ပြင်၊
နင့်ကိုယ်ထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊
နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်ကို၊ နင့်ဉာဏ်မစူး၊
အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊
နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊
အာရုံဝတ္ထု၊ မီးစာစုကို၊ မူမူရရ၊ နင်အားကျလည်း၊
ဓားပြသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊
နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊
ယီးတီးယားတား၊ သေ၍သွားလည်း၊
တရားမကြွယ်၊ အထုပ်ငယ်လျက်၊
အပါယ်စခန်း၊ သွားမြဲလမ်း၌၊
တပန်းဟိုက်ဟိုက်၊ တစ်ရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊
ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊
အစမဆုံး၊ အများတုံးတည့်၊
အနှုန်းမပျက်၊ အောက်နရက်ဝယ်၊
တဘက်နွယ်နွယ်၊ အမြစ်တွယ်သို့၊
အပါယ်ထိုထို၊ ဥဒဟိုသည်၊
နင်လိုလူမိုက် သွားလမ်းတည်း။



မန်လည်ဆရာတော် အသျှင်ဇဝန
ရေးသားအပ်သော မဃဒေဝလင်္ကာများ၊
သံဝေဂါကာရခန်း

အာကာကောင်းကင်၊ စ မတင်သို့၊ ဤသံ်ါရ၊ ဟူသမျှလည်း၊ နိစ္စရူဝ၊ သဿတဖြင့်၊ ထာဝရမြဲစွာ၊ မရှိစွာဘူး။

ဝိဇ္ဇာဇော်ဂျီ၊ တပသီနှင့်၊ လောကီဣဒ္ဓိပါဒ်၊ လွန်ကြီးမြတ်သည့်၊ မိုးနတ်ဗြဟ္မာ၊ ဖြစ်စေကာလည်း၊ ပညာဆေးဝါး၊ မန္တရားဖြင့်၊ ကုစားအရိုး၊ တန်ခိုးဖန်ဆင်း၊ အိုသေခြင်းမှ၊ ရှောင်ကွင်းဘယ်မှာ၊ လွတ်နိုင်ရာလိမ့်။ (၁၄၁)

ပညာဆေးဝါး၊ ဘယ်စွမ်းအားမျှ၊ ကြိုးစားအံ့ငှာ၊ မတတ်ရာတည်း၊ ခန္ဓာကိုယ်ဆိုး၊ ဤရုပ်မျိုးကား၊ တိုး၍မပျို၊ အိုသာအိုခဲ့၊ ပျက်ပြိုမဆိတ်၊ တညိတ်ညိတ်ဖြင့်၊ နာမ်ရုပ်နှစ်ခု၊ ပစ္စည်းပြု၍၊ ပေါင်းစုဖြစ်ကြ၊ သခ်တဟု၊ သဘာဝမျိုး၊ ကြောင်းကျိုးမျှသာ၊ ထင်စပါ၏၊ အကာအတိ၊ နှစ်မရှိကြောင့်၊ ပကတိကိုယ်၊ မတည်လိုဘူး။

ထိုထိုသေခြင်း၊ မကင်းသတ္တဝါ၊ သေကြရာ၌၊ ဝိဇ္ဇာသိပ္ပ၊ ဣဒ္ဓိစသား၊ ထိုမျှအားလုံး၊ လက်ချရှုံး၏၊ သေနမိတ်တု၊ အရိပ်ဆံဖြူ၊ ပေါ်လာသူအား၊ ဘယ်ကိုဘယ်နတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုနိုင်တတ်လိမ့်၊ လူထိုထိုကား၊ ရွယ်ပျိုရွယ်လတ်၊ ကျန်မလွတ်သည်၊ မချွတ်သေအံ့ အပြီးတည်း။ (၁၄၂)

ဇာတိဇရာ၊ ဗျာဓိမရဏာ၊ ဓမ္မလေးပါး၊ ဤတရားတို့၊ ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်၊ မြဲနေနိစ္စ၊ နှိပ်စက်စွတည်း၊ ကာယဟူဘိ၊ နားမျက်စိနှင့်၊ ဣတ္ထိပုရိသ၊ ဖြစ်လာကြတိုင်း၊ ရက္ခသီးပွင့်၊ ခါမလင့်ဘဲ၊ ရင့်တဖုတ်ဖုတ်၊ ကင်းတဖြုတ်ဖြုတ်ဖြင့်၊ ညှာပြုတ်ကြွေကျ၊ မမြဲကြသို့၊ ဘဝပျက်ပြို၊ လူထိုထိုကား၊ ရွယ်ပျိုရွယ်လတ်၊ ကျန်မလွတ်သည်၊ မချွတ်သေအံ့ အပြီးတည်း။ (၁၄၃)

ဤလူတို့မှာ၊ ကိုယ့်ခန္ဓာ၌၊ ရောဂါကပ်ငြိ၊ ဗျာဓိဒုက္ခ၊ ဖြစ်ထသောခါ၊ ဝိုင်းအုံကာလျှင်၊ ဆရာသမား၊ မျိုးဆွေများတို့၊ ဆေးဝါးကုသ၊ ချမ်းသာရဟု၊ မြော်တရေးရေး၊ ရှိကြသေးရှင့်၊ ဘေးတကာမင်း၊ အိုသေခြင်းကား၊ ရှောင်ကွင်းလွတ်ရေး၊ ဘယ်သို့ပြေး၍၊ ဘယ်ဆေးဝါးမှ၊ စားမရဘူး။

တန်ခိုးအားဖြင့်၊ ကုစားဖန်ဆင်း၊ ပြုတုံလျှင်းလည်း၊ အိုခြင်းချမ်းသာ၊ မရစွာခဲ့၊ ဇရာဤဝဋ်၊ ကင်းမလွတ်နိုင်၊ မချွတ်သေအောင်၊ အမြဲဆောင်၏၊ သားချောင်သွေးခန်း၊ ရွှေ့ရွှေ့မြန်း၍၊ မလန်းမလူ၊ ဇရာဟူသည်၊ ဆံဖြူ



သွားကျွတ်၊ တွတ်တွတ်ရွတ်လျက်၊ ယွင်းချွတ်ပျက်ပြို၊ နေ့တိုင်းအိုသည်၊ ဤကိုယ်ပျောက်လိမ့် မနေးတည်း။ (၉၀)

သိဒ္ဓိပြီးငြား၊ ဓာတ်ဆေးဝါးနှင့်၊ ပြဒါးသံပြာ၊ စားကာမျိုပြု၊ လုပ်ရပ်မှုဖြင့်၊ အာယုသမား၊ ဆရာများတို့၊ ထင်ရှားခုထိ၊ ဘယ်မျှရှိခဲ့။ (၁၃၃)

အမယ်တို့ကိုယ်၊ ငါ၏ကိုယ်ပင်၊ ပျိုအိုနုရင့်၊ မဟူသင့်ဘူး၊ သေမင်းအစာ၊ မှန်ကြစွာ၏၊ သေချာမှတ်ပိုက်၊ နားတင်စိုက်လည်း၊ လူ့ဌကြီးဘိ၊ သားအမိပင်၊ မချိကယ်ရေး၊ ကိုယ်လွတ်ပြေးသည့်၊ မီးဘေးရေဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏။

အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွှန်ကြီးမားက၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်။

နေ့မှာနေ့ချုပ်၊ ညဥ့်ရုပ်ညဥ့်ပျောက်၊ မိုးသောက်နေဝင်၊ မပါကျင်တည့်၊ လူအဖြစ်၌၊ နုမျစ်ငယ်သွေး၊ ရွယ်ကွေးလေးတို့၊ လူရေးလူရာ၊ ဝင်သေးစွာဘဲ၊ လူ့ဘနှစ်သိမ့်၊ ပျော်စံငြိမ့်သား၊ စည်းစိမ်သဘင်၊ မစံခင်မှာည့်၊ ရင့်တတ်မီ၊ သေမင်းချီ၏၊ ထိုဤပုစ္ဆ၊ အနိစ္စကို၊ ဒိဋ္ဌ

www.burmeseclassic.com



ယခု၊ မျက်မြင်ရှုလော့၊ ငါတို့ကိုယ်ကား၊ ပျိုတလဲလဲ၊ မအိုမြဲဟု၊ ဝမ်းထဲစိတ်မှာ၊ မမှတ်ရာဘူး။ (၄၀၀)

မကျွာမကျေ၊ မသေရဘဲ၊ အတူမြဲ၍၊ မကွဲတစိ၊ ဘယ်မှာရှိလိမ့်၊ လောကီရိပ်ငြိမ်၊ ဤနန်းအိမ်နှင့်၊ စည်းစိမ်ဟူသမျှ၊ သင်္ခါရကား၊ အနိစ္စသာ၊ ဓမ္မတာတည်း။ (၄၀၇)

ခန္ဓာမီးခိုး၊ တိမ်ရိပ်မျိုးကား၊ အစိုးမရ၊ တခဏတည်း။ (မဃဒေဝ)

သန္တေစကာ၊ စေ့ငကုန်အောင်၊ ယူဆောင်မကြွင်း၊ သေစာရင်း၌၊ သွင်း၍အညီ၊ မှတ်ပြီးပြီကြောင့်၊ ဇော်ဂျီဆရာ၊ ဝိဇ္ဇာယောကျ်ား၊ သမားဆေးတတ်၊ နတ်ဇီဝက၊ သမ္ဗရနှင့်၊ မယ်အသူရာ၊ ဣဒ္ဓိဇာဖြင့်၊ မာယာအတတ်၊ လှည့်ပတ်ထွေပြား၊ ပြုတုံငြားလည်း၊ ကုစားမရ။ (မဃဒေဝ)

ခန္ဓာဟုဆို၊ ဖြစ်ပြီးကိုယ်၏၊ အိုနာသေဖျား၊ ဤတရားကို၊ များများစိတ်မှာ၊ ပူဆာသောကာ၊ မကြောင့်ကြနှင့်၊ ဖြစ်ကာမချွတ်၊ ပျက်လတ္တံ့တည်း၊ ယုတ်မာဆိုးကောင်း၊ ကျင့်မကောင်းကို၊ မှားကြောင်းတစိ၊ သိလျှင်သိချင်း၊ စွန့်ပယ်လျှင်းလော့၊ အတင်းယူစွဲ၊ ဖားမြွေခဲသို့၊ အမြဲမှတ်သို၊ မစွန့်လိုက၊ ဤကိုယ်သုခ၊ နောင်မရဘူး။ (မဃဒေဝ)



အရှင်ဇနကာဘိဝံသ (မဟာဂန္ဓာရုံ) ၏
သံဝေဂလင်္ကာများနှင့်ဩဝါဒကထာ

(နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓမှထုတ်နှုတ်ပါသည်)

သွားလမ်းစဉ် မြင်ကြပါ

၁။ ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။
၂။ တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်။
၃။ ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာသွားရမည်။
၄။ တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်သွေး ဘယ်သား မကယ်ပြီ။
၅။ ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူ သေကြ များလှပြီ။
၆။ ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လည်းသေဘက်နီးခဲ့ပြီ။
၇။ ဇရာမီးလောင်၊ ကိုယ်ထဲလောင်၊ သေအောင် မြိုက်တော့သည်။
၈။ မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ။
၉။ ဒါနသီလာ၊ ဘာဝနာ၊ လမ်းသာတွင်လိမ့်မည်။
၁၀။ မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊ ခရီးထွက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှစ်ဖြာသံဝေ ရကြစေ

၁။ အမိဝမ်းခေါင်း၊ ဆယ်လသညောင်းမျှ၊ အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်၊ လူ့ပြေလူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း၊ များလှပါယ်ရွာ၊ ရောက်ကြရာ၏။

၂။ အတီတာရေး၊ ဤဝဋ်ဘေးနှင့်၊ နောင်ရေးအနာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊ မသက်သာသည်၊ ရှစ်ဖြာသံဝေရကြောင်းတည်း။

## သံဝေဂဝတ္ထု တရားအကျဉ်း

ရုပ်နာမ်ခန္ဓာ သံသရာသည် အစမထင်ရှားအောင် ကြာခဲ့ပါသော်လည်း ထိုသံသရာအတွင်း၌ ချမ်းသာသုခဖြင့် ကျင်လည်ခဲ့ကြရသည် မဟုတ်ပါ။ လူဘဝ၌ဖြစ်သောအခါ အမိဝမ်းခေါင်း ကျဉ်းကျဉ်းမြောင်းမြောင်း မှောင်မှောင်မဲမဲထဲ၌ အလွန်သေးငယ်သော ရုပ်နာမ်ခန္ဓာကလေးမှစ၍ တဖြည်းဖြည်း ကြီးရင့်ကာ ဆယ်လသညောင်း အောင်း အောင်းခဲ့ရ၏။ မိခင်ရော သူငယ်ပါ သေရေး



ရှင်ရေး စိတ်မအေးလောက်အောင် ဖွားမြင်ခဲ့ရ၏။ ဤသို့ ဇာတိဒုက္ခ ဟုခေါ်ရသောဒုက္ခအမျိုးမျိုးကို ခံစားပြီး၍ ဖွားမြင်သောအခါ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းဟူသော ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့နှင့်ရင်ဆိုင်ရပြန်၏။ ထိုဒုက္ခအမျိုးမျိုးကြောင့် စိတ်ရောကိုယ်ပါ အေးချမ်းစွာ မနေနိုင်ကြ။ ဤသို့ဒုက္ခအမျိုးမျိုးကို ခံစား၍ သေသောအခါ အများစုက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝ၌ သာ၍ဆိုးဝါးသောဒုက္ခကို ခံကြရ၏။

ဤနည်းအားဖြင့် အတိတ်ဘဝများစွာ သံသရာကလည်း ဒုက္ခမျိုးစုံကို အဖုံဖုံဖြင့် ကျင်လည်ခဲ့ရ၏။ အရိယာ မဖြစ်သေးသမျှ နောက်နောင်ဘဝများစွာ သံသရာ၌လည်း ဒုက္ခမျိုးစုံဖြင့် ကျင်လည်ရဦးမည်သာ။ ထိုဒုက္ခအမျိုးမျိုးမှ လွတ်ခွင့်ရတုန်းအခိုက်မှာလည်း စားဝတ်နေရေးအတွက် အစာရှာဖွေရသောဒုက္ခတို့လည်း နည်းနည်းမဟုတ်ပါ။ နေ့စဉ်တွေ့နေရသောဒုက္ခပင်ဖြစ်၏။ အစာရှာရင်းပင် မင်းပြစ်စသောအပြစ်ကြောင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဒုက္ခကိုခံရသေး၏။ ထို့ကြောင့် ဤပြခဲ့သော ဒုက္ခရှစ်ပါးကို သံသရာဝယ် ငြီးငွေ့သော သံဝေဂဉာဏ်ဖြစ်ဖို့ရန် **သံဝေဂဝတ္ထုရှစ်ပါး** ဟုဘုရားဟောတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ဆယ့်တစ်မီး (မီး ၁၁ ပါး)

သူသူငါငါ၊ ဖြစ်လေရာဝယ်၊ ဦးစွာကြိုဆီး၊ ဇာတိမီးက၊ အပြီးပုံသေ၊ လောက်မြိုက်လေ၏၊ မသွေတသီး၊ ရာဂမီးလည်း၊ အပြီးနောက်မှာ၊ ကပ်လျက်ပါ၏၊ မကွာစေရ၊ မရဏာဟု၊ တဘဝဖျက်ဆီး၊ လောင်သည့်မီးလည်း၊ ငြီးငြီးပြောင်ပြောင်၊ အမြဲလောင်၏၊ လောင်ပုံလောင်အား၊ မထင်ရှားလည်း၊ နှုတ်ထွားပျို့မြစ်၊ အရွယ်ဖြစ်သော၊ အချစ်ရာဂ၊ မီးတွေထ၍၊ ဒေါသထန်ပြင်း၊ မောဟညှို့၏။

မကင်းနိုင်အောင်၊ ထိုနောက်နောက်လည်း၊ တောက်လောင်ဖိစီး၊ သောကမီးကြောင့်၊ ဝမ်းနည်းဖွယ်တွေ၊ အထွေထွေနှင့်၊ ပရိဒေဝ၊ ငိုကြွေးကြလျက်၊ ဒုက္ခလည်းတပ်၊ ဒေါမနဿနှင့်၊ ဆက်စပ်မကွာ၊ ဥပါယာသ၊ လွန်ပြင်းပြလျက်၊ သက်မျှမရှူ၊ တက်အောင်ပူသည်၊ ဆူဆူ မီးတောက် ဆယ့်တစ်တည်း။

### တစပဥ္စက ကမ္မဋ္ဌာန်း

(ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ ဤငါးပါး ကို တစပဥ္စက ဟု ခေါ်၏)

ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊



ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတထွေ၊ အရေတမျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား။

(နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓမှ)

### အနိစ္စ ဒုက္ခ အနတ္တ<br>လက္ခဏာရေး သုံးပါး

အိုအိုလူများ၊ သတိထားလော့၊ သွားဆဲကာလ၊ ခါသမယဝယ်၊ ပဌမခြေလှမ်း၊ ရုပ်နာမ်တန်းသို့၊ လှမ်းဒုတိယ၊ မရောက်ကြဘူး၊ ဒုတိယခြေလှမ်း၊ ရုပ်နာမ်တန်းလည်း၊ လှမ်းတတိယ၊ မရောက်ကြပင်။

တလှမ်းတွင်လည်း၊ မြောက်စဉ်တမျိုး၊ ရှေ့တိုးတဖုံ၊ လွှန်ပုံတဝ၊ အောက်ချတခင်း၊ ထိခြင်းတလွှဲ၊ ဖိနင်းစေအောင်၊ တရွေ့ရွေ့မြန်း၊ အခန်းခန်း၌၊ ခြေလှမ်းပိုင်းခြား၊ အစိပ်ခြောက်ပါးဝယ်၊ သွယ်သွယ်နာမ်တန်း၊ ရုပ်အတန်းတို့၊ နှမ်းအိုးခင်းထက်၊ နှမ်းတွေကျက်သို့၊ ဖြစ်ပျက်နေရ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တချည်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မွေးနေ့ဆိုတာ

မွေးနေ့ဆိုတာ အသက်ကြီးလာတဲ့အထိမ်းအမှတ်ဖြစ်တယ်။ ငါသည်တစ်နှစ်ပို၍သေခါနီးလာပြီ ဟု မွေးနေ့ကသတိပေးနေတာဖြစ်တယ်။ အောက်ပါလင်္ကာကို မရသေးရင်ရအောင်ကျက်ပြီး မရဏာနုဿတိ ဘာဝနာဖြစ်အောင်ဆောင်ရွက်ပါ–

- ငါနဲ့ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြများလှပြီ။
- ခဏာမစဲ၊ အိုစမြဲ၊ ကိုယ်လဲသေဘက်နီးခဲ့ပြီ။
- မသေရမှို၊ ပါရမီ၊ ငါသည်ဖြည့်မှသင့်တော့မည်။
- အနိစ္စ အနိစ္စ၊ ဒုက္ခ ဒုက္ခ၊ အနတ္တ အနတ္တ။

## ဩဝါဒကထာ (အရှင်ဇနကာဘိဝံသ)

၁။ မိဘတွေကသားသမီးတွေကိုအမွေပေးတယ်ဆိုတာ ကိုယ်ကဘုရင်ဖြစ်ရင် ဘုရင့်စည်းစိမ်၊ သူဌေးသူကြွယ်ဖြစ်နေရင်သူဌေးသူကြွယ်ဖြစ်ရုံ တဘဝကိုသာ ပေးနိုင်ကြတယ်။ ဗုဒ္ဓအမွေကတော့ တစ်သံသရာလုံးကောင်းဖို့ညွှန်ပြပေးနိုင်ခဲ့တယ်။

၂။ သံသရာဆိုတာ သေပြီးမှ ဘဝကူးတာ မဟုတ်ဘူး။ နာမ်ရုပ်တွေအဆက်မပြတ်ဖြစ်ပျက်နေတာကိုခေါ်တာ။



၃။ ဘဝတစ်ခုထဲက အဝိဇ္ဇာနှင့်တဏှာကိုနှုတ်လိုက်ပါ။ သံသရာဆိုတာ မရှိတော့ပါဘူး။

၄။ သံသရာကြီးနှင့်စာရင် တဘဝဆိုတာတခဏလေးပါ။ ဒီတော့ တဘဝကိုမကြည့်ဘဲ သံသရာကို မျှော်ပြီး အလုပ်လုပ်ပါ။

၅။ လောကမှာ နာမည်ကြီး၊ ဥစ္စာပေါတယ်ဆိုတာ အလကား။ သေတော့ကိုယ်ရဲ့ သီလ၊ သမာဓိ၊ ပညာဘဲ အားကိုးရမည်။

၆။ ဒို့ခန္ဓာကြီးဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဝဋ်ဒုက္ခတို့ပစ်တိုင်းအမှန်ခံနေရတဲ့ ပစ်မှတ်ကြီးသက်သက်ဘဲ။

၇။ လောကကြီးမှာ ဘယ်လောက်ကြီးကျယ် ကြီးကျယ် သေခါနီးကြမှ မျက်ရည်လည်ရရင် မကောင်းဘူး။

၈။ မျက်စိကို ပစ္စုပ္ပန်၊ တမလွန် နှစ်ဖက်ကြည့်ပါ။ မျက်ကွယ် တမလွန်ကို မမြင်နိုင်ရင် တစ်ဖက်ကန်းတာဘဲ။ ဒီအတွက် သုတရှိဖို့လိုတယ်။

၉။ မင်္ဂဖိုလ်ရဖို့၊ ကျွတ်တမ်းဝင်ဖို့ဆိုတာ ဆုတောင်းနေရုံဖြင့် အကျိုးမရှိ။

၁၀။ ဘုရား တရားတော်ကို ကိုယ်ကမကျင့်ဘဲ သူများကျင့်ဖို့ပြောနေတာဟာ ဓာတ်ပြားကြီးဘဲ။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ လူတွေဟာ အမှတ်တမဲ့နေ၊ အမှတ်တမဲ့သေကြတယ်။ တကယ်ဆိုတော့ အို၊ နာ၊ သေရေးအတွက် ပြင်ဆင်ထားဖို့ကောင်းတယ်။

၁၂။ အို၊ နာ၊ သေရေး ဒုက္ခဘေးကို ကိုယ်နှင့်မနီးစပ်ရင် အရယ်မပျက်အပြုံးမပျက်ပါ။ ကိုယ်နှင့်စပ်လာမှ ကိုယ့်အပေါ်သို့ကျရောက်လာမှ အရေးကြီးတတ်ကြတယ်။

၁၃။ လူတွေဟာ သာသနာရဲ့အနှစ် သီလ၊ သမာဓိ၊ ပညာကို မကြည်ညိုတတ်ကြဘဲ ကျောင်းကောင်း ကန်ကောင်းကို ကြည်ညိုတတ်ကြတယ်။

၁၄။ လူဒကာ၊ ဒါယိကာမတွေဟာ သာသနာနှင့်စပ်ရင် ဘာကိုမှနားမလည်ကြဘူး။ သိရာလှူဒါန်း၊ ကျွမ်းရာကျောင်းဆောက်နေကြတာဘဲ။

၁၅။ ခေတ်ဆိုတာ လိုက်သင့်မှလိုက်ရတယ်။ ဒီခေတ်ဆိုးရဲ့ဒဏ်ကို ဒီသတ္တဝါတွေဘဲ ခံကြရမယ်။

၁၆။ အပျော်အပါးများတဲ့မြို့ရွာနိုင်ငံဟာ ဆင်းရဲစမြဲဘဲ။

၁၇။ တရားရုံးများ၊ ပွဲလမ်းသဘင်၊ ဘုံဆိုင်တွေမှာ လူရှုပ်တာဟာ တိုင်းပြည်ရဲ့ မကောင်းတဲ့လက္ခဏာဘဲ။

၁၈။ စာရိတ္တဟာ ကလေးဘဝက သင်ပေးမှဖြစ်တယ်။



ကြီးမှသင်ရင် မရတော့ဘူး။ မလွယ်တော့ဘူး။ အတုခိုးကြတယ်။ ဒီတော့ဗမာသားသမီးတွေဟာ ဗမာနဲ့မတူတော့ဘူး။ ကပြားတွေဖြစ်လာတယ်။

၁၉။ ဘာသာ ယဉ်ကျေးမှုမရှိရင် ဘယ်လိုလုပ်မလဲ။ ဘာသာ ယဉ်ကျေးမှုမရှိရင် ကျေးဇူးတရားကို အလေးထားတော့မှာမဟုတ်ဘူး။ ဒီလိုဆိုရင် လူ့လောကပျက်စီးဖို့ဖြစ်တော့မှာပေါ့။

၂၀။ သေတာမှတပါး စားနောက်သွားနောက် နောက်ကျတယ်ဆိုတာ မကောင်းဘူး။

၂၁။ သံသရာခရီးက အလွန်ရှည်၏။

၂၂။ ခရီးသွားသူတွေက အရူးအနှမ်းတွေသာ။

၂၃။ သူတို့ရဲ့ ဂုဏ်ပကာသန ဒါန၊ သီလ၊ ဘာဝနာ၊ စားနပ်ရိက္ခာသည် နိဗ္ဗာန်မရောက်ခင် ပုပ်သိုးကြလိမ့်မည်။

၂၄။ သူတို့အဖော်ဖြစ်သူမှာ အမြဲပါနေသော တဏှာဖြစ်၏။

၂၅။ လူတွေဟာ အကောင်းကြိုက်ကြတယ်။ ကောင်းကောင်း (စား – ဝတ်) နေကြတယ်။ အကျင့်ကျအကောင်း မကျင့်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



၂၆။ သူတော်ကောင်းဆိုတာ သူများနဲ့ဆက်ဆံရင် ကိုယ်က အနာခံရတယ်။ လောဘ ဒေါသကို လျှော့ရတယ်။

၂၇။ သုခတခုကို သုခတခုဖြင့် ရရိုးမရှိ။ ဒုက္ခနှင့် ရင်ဆိုင်မှ ရတယ်။

၂၈။ ကိုယ်သိမ်မွေ့ပါ။ နှုတ်ချိုသာပါ။ စိတ်ကဖြောင့်မတ်ပါ။

၂၉။ သံဝေ မပါရင် တရားမရာနှင့်။

၃၀။ အလှူလုပ်တဲ့အခါမှာ -

- လူချီးမွမ်းခံချင်တာ လောဘ၊
- ဂုဏ်လိုချင်တာ လောဘ၊
- နတ်ပြည်ရောက်ချင်တာ လောဘ။ ။

---



## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
## အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဦးဝိစိတ္တသာရာဘိဝံသ
## သံဝေဂလင်္ကာများနှင့်ဩဝါဒကထာ

### အပ္ပမာဒသံဝေဂလင်္ကာ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဥ္စပုံ၊ ဖြစ်လိုတုံလည်း၊ တဖုံဆင်ကွဲ၊ သူတနဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မြော်ထောက်ရှု၍–

- ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။
- ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။
- ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

ရတုချိန်ထောက်၊ ဥ္စါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ငါဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစက်ကမှ၊ မရှိကြဘူး။

**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ**

ဘုရားစကားလိုက်နာပွားသည် တရားလက်မလွှတ်စေနှင့်။

(ခာတ်ခြောက်ပါးသိမ်းဆည်းပုံကျမ်း၊ ၆၈)

www.burmeseclassic.com

www.burmeseclassic.com



## ကိုသာဂေါ်တမီမျက်ရည်သိမ်း
## သံဝေဂတရားလင်္ကာ

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တနိဂုံးနှင့်၊ ခေါ်တုံဝေါဟာ၊ တမြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တအိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး၊ ဗြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂက္ခဏ၊ မရဏဖြင့်၊ ရှုရှုလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်–

- အရိုး အနိစ္စ ပါတကား။
- အရိုး ဒုက္ခ ပါတကား။
- အရိုး အနတ္တပါတကား။

### နာမ်ရုပ်ပိုင်းခြား ဝိပဿနာပွားရန် လင်္ကာ

၁။ ဤကိုယ်ကာယ၊ တလံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏၊ နာမ်ရုပ်တရား၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါတည်း၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဘွယ်ရာ၊ မရှိပါသည်၊ ခန္ဓာနာမ်ရုပ်မျှသာတည်း။



၂။ နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လို မပါဘူး၊ သဘာဝအား၊ ဤ သုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တချည်းပါတကား။

(ဓာတ်ခြောက်ပါး သိမ်းဆည်းပုံ ကျမ်း)

### ဘေးဇရာ

ကံနှင့်မသိ၊ မြေအဆိနှင့်၊ ရေသီတာငွေ့၊ ဥတုအတွေ့ကြောင့်၊ ဓလေ့ပွင့်ဆန်း၊ ဤကြာပန်းသို့၊ ညှိုးနွမ်းရင့်ကာ၊ ကြွေကျပါအောင်၊ ဇရာရန်ဘေး၊ ရောက်တုံသေး၏၊ လေးရပ်ကြောင်းစု၊ ပေါင်း၍ပြုသား၊ နုဖတ်ရွှန်းစို၊ ငါတို့ကိုယ်သို့၊ ထိုကြောက်ဖွယ်ရာ၊ ဘေးဇရာကား၊ ဘယ်မှာမရောက်၊ ရှိတုံခြောက်လိမ့်၊ ညှိုးခြောက်ယွင်းယို၊ ငါတို့ကိုယ်လည်း၊ ထိုကြာပန်းသွင်၊ တစ်နေ့တွင်၌၊ ရွှေ့စင်လျှော့ကျ၊ မြေသို့ခမည်၊ မုချ မချွတ်ပါတကား။

(မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ– ဒု၊၆၁)

www.burmeseclassic.com

www.burmeseclassic.com



## သံဝေဂ ကဗျာ

ပဋိသန္ဓေ၊ အိုနာသေဟု၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏၊ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ ပဉ္စုပါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မောလှ။

## ခန္ဓာငါးပါး ဝိပဿနာ တရားအလင်္ကာ

**ရူပက္ခန္ဓာ**

ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊
ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊
လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊
ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊
အနိစ္စသည်၊ ဒုက္ခ အနတ္တ ပါတကား။

**ဝေဒနက္ခန္ဓာ**

ဝေဒနာတွင်မည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊
ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊
လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊



ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊
အနိစ္စသည်၊ ဒုက္ခ အနတ္တ ပါတကား။

**သညက္ခန္ဓာ**

သညာတွင်မည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊
ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊
လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊
ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊
အနိစ္စသည်၊ ဒုက္ခ အနတ္တ ပါတကား။

**သင်္ခါရက္ခန္ဓာ.**

သင်္ခါရမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊
ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊
လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊
ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊
အနိစ္စသည်၊ ဒုက္ခ အနတ္တ ပါတကား။

**ဝိညာဏက္ခန္ဓာ**

ဝိညာဉ်ခေါ်မည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်
ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊
လွန်ဆင်းရဲ၍၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊
ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊
အနိစ္စသည်၊ ဒုက္ခ အနတ္တ ပါတကား။

## သစ္စာလေးပါးကဗျာ

၁။ ပဋိသန္ဓေ၊ အိုနာသေဟု၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၍၊ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ အကျဉ်းပြသော်၊ ပဉ္စုပါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မောလှ။

၂။ ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘမှာ၊ သစ္စာသမုဒယ မှန်မောလှ။

၃။ တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ၊ သစ္စာနိရောဓ မှန်မောလှ။

၄။ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းမှုအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်၊ ခေါ်ညီမဂ္ဂ မှန်မောလှ။



## ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
## ဩဝါဒကထာများ

### ငွေရတုဩဝါဒ

ဒကာ၊ ဒကာမအပေါင်းတို့ -
ဆောင်ပုဒ်ကလေးတခု ဆောင်ထားပါ။

၁။ မမေ့မလျော့ကြပါနဲ့။

၂။ တို့မှာ သေခြင်းတရားနဲ့အချိန်းအချက် မရှိဘူး။

၃။ ဒီတော့ - မိမိလုပ်ဆောင်ရမယ့် ဓမ္မကိစ္စများ (အဓိက) လောကကိစ္စကတော့ မဆောင်ရွက်ရင် မဖြစ်လို့ ထည့်ချင်လည်းထည့်။

အေး၊ ဒီတော့ မိမိတို့ဆောင်ရွက်ရမယ့် ဓမ္မကိစ္စများကို နေ့ရက်တွေဆွဲမထားပါနဲ့။ ခုကဘဲ ကြိုးစားအားထုတ်ပါ။

### မလုပ်သင့်သည်အလုပ်နှင့်လုပ်သင့်သည့်အလုပ်

အကြင်အမှုကို ပြုပြီးတဲ့နောက် နောင်တဖန် ပူပန်ရမည်ဆိုလျှင်၊ အကြင်အမှုရဲ့အကျိုးကို တမလွန်ဘဝတို့၌ မျက်ရည်ရွှဲစို ငိုပြီးတော့ ဆင်းရဲဒုက္ခအကျိုးကို ခံစားရမယ်ဆိုလျှင် ဒီလိုအမှုမျိုးဟာ ပြုဖို့မကောင်းဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



(ဝါ) မပြုမှကောင်းမယ်။ ပြုရင်မကောင်းဘူး။

အကြင်အမှုကိုပြုပြီးတဲ့နောက် ပြန်စဉ်းစားလျှင် နှောင်တဖန် မပူပန်ရဘဲ ဝမ်းမြောက်ရမယ်။ အကြင်အမှုရဲ့ အကျိုးဝိပါက်ကို ခံစားရတဲ့အခါ နှစ်သက်ဝမ်းမြောက်စွာ အကျိုးဝိပါက်ကို ခံစားရမယ်ဆိုလျှင် ထိုအမှုမျိုးကို ပြုမှကောင်းမယ်။ အဲဒီလို ပြုအပ်တဲ့ ထိုအမှုမျိုးသည် ကောင်းတယ်။

(အဘိဓမ္မာပြန့်ပွားရေးအသင်း- ဩဝါဒကထာ)

## စိန်ရွှေငွေတွေကို တမလွန်လောကယူသွားချင်လျှင်

ဒီစိန်တွေ ရွှေတွေ ငွေတွေကို ဒီအတိုင်း တမလွန်လောကကို ယူဆောင်သွားလို့မရဘူး။ တမလွန်လောကကို ယူသွားလို့ဘယ်ရမလဲ။ သေသူရဲ့ပါးစပ်ထဲ ကူးတို့ခဆိုပြီး ထည့်ပေးလိုက်တာကိုတောင်မှ ဟိုသုသာန်ရောက်ရင် သက်ဆိုင်ရာတို့က ပါးစပ်ဖြဲပြီး ယူလိုက်ကြတဲ့ဟာ ဘယ်တော့ပါမှာတုန်း။ ဒီတော့ စိန်ရွှေငွေတို့ကို တမလွန်လောကသို့ ယူသွားချင်လျှင် ဒါနကောင်းမှုပြုရမယ်။

(ချိန်ခွင်-၃၁၄)



## မိတ်ဆွေစစ်

- မီးလောင်နေတဲ့အထဲကို အမှိုက်မထည့်ရဘူး။ မီးလောင်နေတာ အမှိုက်ထည့်ရင် တိုးပြီးမီးလောင်တာပေါ့။
- သူတို့စိတ်ပျက်နေတာ စိတ်ပျက်စရာအကြောင်းတွေ ထပ်ပြော၊ ပိုပြီးတော့ စိတ်ပျက်တာပေါ့။
- ဒီတော့မီးလောင်ရင် ရေနဲ့ငြိမ်းမှ၊ ဒါမှမိတ်ဆွေအစစ်။

(ဟောစဉ် ၃တွဲ-၂၃၀)

## မိတ်ဆွေးကြောင်းသုံးပါး

မိတ်ဆွေးခြင်းရဲ့အကြောင်းဟာ သုံးမျိုးရှိတယ်။

၁။ **အစ္စာဘိက္ခဏသံသဂ္ဂ** – မပြတ်မပြတ်ခဏခဏ သွားသွား တွေ့နေခြင်း၊ အဲဒါလဲဘဲ မိတ်ဆွေးခြင်း အကြောင်းဖြစ်တယ်တဲ့။

၂။ **အသမောသရဏောနစ** – မပြတ်မပြတ်ခဏခဏ တွေ့နေရင် မိတ်ဆွေးခြင်းအကြောင်းဖြစ်ရင် ဒါဖြင့် မတွေ့အောင် နေမှဘဲလို့၊ အဲဒီလို နေခြင်းဟာလဲ မိတ်ဆွေးခြင်းအကြောင်းဘဲတဲ့။

၃။ **အကာလေယာစနာ** – အချိန်မဟုတ်အခါမဟုတ်

www.burmeseclassic.com

www.burmeseclassic.com


သွားတောင်းတာ၊ အဲဒါဟာလဲ မိတ်ဆွေးခြင်းရဲ့ အကြောင်းတဲ့။

(မဟာဗောဓိပရိဗိုဇ်တရားတော် ဒုတိယခွေမှ)

## သူတော်ကောင်းဟူသည်

၁။ သူတစ်ဦးကမိမိအပေါ် ကျေးဇူးပြုရင်ပြုမှန်းသိခြင်း (စိတ်ထဲကသာသိမှုဆိုတဲ့ – ကတညုတာ) စိတ်ထဲကသိပြီးတော့ ကိုယ်နှုတ်တို့ဖြင့်သူ့ကျေးဇူးကို တဖန်ပြန်၍ တုံ့ဆပ်ခြင်း (ကတဝေဒီတာ) ဤနှစ်ချက်ဖြင့် သူ့ကျေးဇူးကို သိခြင်း။

၂။ ဆရာကောင်းသမားကောင်းဆိုတဲ့ မိတ်ဆွေကောင်းရှိခြင်း၊ ဝတ်ကျေဝတ်ကုန်၊ တခါတလေ နာမည်ကောင်းရရုံဆည်းကပ်ခြင်းမျိုးမဟုတ်ဘဲ အမြဲတစေ ဆရာကောင်း မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ခြင်း။

၃။ မိမိရဲ့သူငယ်ချင်းမိတ်ဆွေ ဆင်းရဲဒုက္ခရောက်လာရင် ထိုသူငယ်ချင်းမိတ်ဆွေရဲ့ အလုပ်ကိစ္စများကို ရိုရိုသေသေ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ခြင်း။

ဤအင်္ဂါသုံးချက်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ သပ္ပုရိသ–နှလုံးပျော့ပျောင်း သူတော်ကောင်းတဲ့။

(ချိန်ခွင်၊ ၃၃၀)

## လောက၌ရခဲသောတရားလေးပါး

ဥစ္စာစီးပွား၊ ခြွေရံ များ၊ ရှည်လျား သက်ဇီဝ၊ သေလျှင်သော်ကား၊ နတ်ရွာလား၊ လေးပါးရခဲစွ။

- ဥစ္စာစီးပွား ပေါများပြည့်စုံခြင်း၊
- အခြွေအရံ များခြင်း၊
- အသက်ရှည်စွာ နေရခြင်း၊
- သေသည်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားရောက်ရခြင်း၊ ဤတရားလေးပါးသည် လောက၌ ရခဲသောတရားလေးပါး ဖြစ်သည်။

## လောက၌ရခဲသောတရားလေးပါးကို ရနိုင်ကြောင်း တရားလေးပါး

သဒ္ဓါ သီလ စာဂ ပညာ၊ သမ္ပဒါ၊ လေးဖြာ ရကြောင်းပြ။

- သဒ္ဓါတရားနှင့်ပြည့်စုံခြင်း (သဒ္ဓါသမ္ပဒါ)၊
- သီလတရားနှင့်ပြည့်စုံခြင်း (သီလသမ္ပဒါ)၊
- စွန့်ကြဲပေးကမ်းလှူဒါန်းမှုနှင့်ပြည့်စုံခြင်း (စာဂသမ္ပဒါ)၊
- ပညာအမြော်အမြင်နှင့်ပြည့်စုံခြင်း (ပညာသမ္ပဒါ)

www.burmeseclassic.com

www.burmeseclassic.com



ဤတရားလေးပါးတို့သည် အထက်ဖော်ပြပါ ရခဲသော တရားလေးပါးကို ရနိုင်ကြောင်း တရားလေးပါးဖြစ်သည်။

(ပတ္တကမ္မသုတ် အချုပ်လင်္ကာများမှ)

(တိပိဋက ကဗျာမာလာ ၃၅၃၊၃၅၄)

## ဝန်းသိုမြို့၊ ခန္တီးဆရာတော်ဘုရားကြီး ရေးသားသော ပျက်ပြားမှုရုပ်အသွင်ကို လက္ခဏာတင်၍ ရှုဆင်ခြင်ရန်

၁။ ငါငါသူသူ၊ ဟူဟူသမျှ၊ ဖြစ်ကြများစွာ၊ သတ္တဝါတို့၊ ဘယ်ခါကာလ၊ ဘယ်ဘဝက၊ အစပေါ်ထွက်၊ သံသာစက်ကို၊ ခွဲဝက်ပိုင်းခြား၊ မြတ်ဘုရားမှ၊ ဟောကြားခြင်းငှာ၊ မတတ်ရာသား၊ လွန်စွာဝေးဟိတ်၊ အတိတ်ကာလ၊ သံသာရ၌၊ ဘဝစဉ်ဆက်၊ ဖြစ်ပျက်ကုန်သော၊ ငါ၏ပဉ္စက္ခန္ဓာ၊ ရုပ်ဝေဒနာ၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ ငါးဝခန္ဓာ၊ သမူဟာတို့သည်၊

၂။ ဥပါဒ်ဌီဘင်၊ အစဉ်မယုတ်၊ တမဟုတ်ဖြင့်၊ ပျောက်ချုပ် ကုန်ခမ်းတတ်သောအနက်ကြောင့်၊ အနိစ္စာ၊ အကြိတ်အခဲ၊ ခိုင်ခိုင်စွဲ၍၊ အမြဲမရှိကုန်။



၃။ အိုသေနာဖျား၊ သန္ဓေအားဖြင့်၊ လေးပါးရောယှက်၊ ဘေးဟူသောအနက်ကြောင့်၊ ဒုက္ခာ၊ ယူပါကယ်ပါ၊ တစာစာနှင့်၊ များစွာပူပြင်း၊ တွေ့ရခြင်းကြောင့်၊ ဆင်းရဲတတ်အကုန်။

၄။ ငှက်ပျော လက်ပံ၊ ကွဲသဏ္ဌာန်သို့၊ အကာအတိ၊ အနှစ်မရှိသောအနက်ကြောင့်၊ အနတ္တာ၊ မအိုမနာ၊ မသေပါလင့်၊ ထွေရာလေးပါး၊ တောင်းပန်ငြားလည်း၊ နားပါးမထောင်၊ ဤရုပ်ကောင်ကို၊ မရှောင်မကွက်၊ သေမင်းလက်သို့၊ ဆက်တော့မှာလို၊ တနေ့တနေ့၊ ရွေ့ရွေ့နှင့်၊ မြဲမြဲသာအိုသောကြောင့်၊ အလိုသို့ မလိုက်၊ အစိုး မရကုန်။

၅။ ဇောမိပက္ခိယ၊ တက်မ ရှက်ကြိုး၊ ထိုးဝါးမြိုင်မြိုင်၊ သံပြိုင်ဟစ်ကြွေး၊ တက်သံပေးလျက်၊ တက်ရေးပြဆင်၊ ဖောင်မဂ္ဂင်ဖြင့်၊ သောင်ပြင်ကမ်းစွယ်၊ နိဗ္ဗာန်နယ်သို့၊ အလွယ်လမ်းပေါက်၊ စခန်းထောက်နှင့်၊ မရောက်သေးမျှ၊ အနာဂတ်ကာလ၌၊ မုချဖြစ်လတ္တံ့ကုန်သော၊ ငါ၏ပဉ္စက္ခန္ဓာ၊ ရေမြှုပ်ရေပွက်၊ တံလျှပ်တက်လျက်၊ ငှက်ပျောတုံးမည်၊ မျက်လှည့်သည့်သို့၊ မရှည်မကြာ၊ လျင်စွာပျောက်ချုပ်၊ နာမ်ရုပ်အဖို့၊ ငါးခုခန္ဓာ၊ သမူဟာတို့သည်၊

www.burmeseclassic.com

www.burmeseclassic.com


၆။ နေရောင်ရှိန်ကြောက်၊ ဆီးနှင်းပေါက်သို့၊ ကုန်ပျောက်
ပျက်စီးတတ်သောအနက်ကြောင့်၊ တဘဝတခါ၊
မှန်စွာမသွေ၊ အမြဲသေလျက်၊ မြေသုသာန်စ၊ သင်္ချိုင်း
ဝဠ်၊ စွန့်ချဖျောက်ဖျက်၊ မြေစာတက်အောင်၊ ဘဝ
ဆက်ဆက်၊ ပျက်စီးတတ်သောအနက်ကြောင့်၊ အနိစ္စာ၊
ဖြစ်လျှင်ပျက်မြဲ၊ ဘဝလဲသဖြင့်၊ အမြဲ မရှိကုန်။

၇။ ကိုယ်တွင်းကိုယ်ပ၊ ဘေးဘယသို့၊ နှိစ္စမပျက်၊ ဂ်ာပ်
ၡ်နှိပ်စက်၊ ဘေးဟူသောအနက်ကြောင့်၊ ဒုက္ခာ၊
ချမ်းသာမဖက်၊ သက်သက်ဒုက္ခ၊ ဆင်းရဲရကုန်၏။

၈။ ခြေဖျားခေါင်းဆုံး၊ ကိုယ်အလုံးကို၊ စုရုံးထုတ်သော်၊
အကြော်စမွှာ၊ နံ့သာကရမက်၊ သက်သက်မရ၊ စိန်
မြပုလဲ၊ ကျောက်မျက်ရွှဲလည်း၊ တပဲမပါ၊ အကာ
အတိ၊ နှစ်မရှိသောအနက်ကြောင့်၊ အနတ္တာ၊ ခြင်း
ကြားရက်လုပ်၊ လူရုပ်သဏ္ဌာန်၊ နောက်ချေးမံလျက်၊
ပေါ်ရံဖြုန်းဖီ၊ စက္ကူကပ်တွယ်၊ ဆေးစုံချယ်က၊ တင့်တယ်
ပေစွ၊ လှ၏ကောင်း၏၊ ဆိုရာဘိလည်း၊ မရှိအနှစ်၊
စွန့်ပစ်ဘွယ်ရာ၊ ဓမ္မတာသို့၊ ဤကာယရုပ်၊ အကောင်
ပုပ်လည်း၊ အရုပ်သဏ္ဌာန်၊ အရိုးတန်ကို၊ သာမန်
ရေဖုံး၊ ထုံးဖွဲ့ဆင်ယင်၊ အရောင်တင်၍၊ ယဉ်အောင်
လှအောင်၊ ကြံဆောင်အားခဲ၊ ပြုပြင်ဆဲတွင်၊ အလွဲ

တမျိုး၊ သွားကျိုးဆံဖြူ၊ ခါးမူကုန်းကွ၊ ရွတ်တွအရေ၊
အိုပြန်ချေက၊ မလှရုပ်ကောင်၊ သေမင်းဆောင်လျက်၊
ပုပ်ပေါင်ညှီနံ၊ အော့အံချင်ဘွယ်၊ မတင့်တယ်ဟု၊
အိမ်ဝယ်ကြာရှည်၊ မနေရပြီ၊ ကောက်ချီထမ်းမ၊ သင်္ချိုင်း
ဝသို့၊ ပစ်ချရရိုး၊ သည်အမျိုးမို့၊ အစိုး မရကုန်။

၉။ အမိဝမ်းခေါင်း၊ ကိန်းအောင်းသန္ဓေ၊ တည်နေသည်မှ၊
စုတိကျအောင်၊ ဘဝယခု၊ ဖြစ်မှုဆောက်ပြန်၊ ပစ္စုပ္ပန်
ဖြစ်ကုန်သော၊ ငါ၏ပဉ္စက္ခန္ဓာ၊ စားသောက်ဝတ်ခြုံ၊
အတုံအခိုး၊ ကတိုးရမက်၊ နံ့သာဖက်၍၊ မပျက်နေ့
စဉ်၊ အရောင်တင်လည်း၊ မမြင်အကျိုး၊ တိုးလေတိုး
လေ၊ အိုတချွေတို့၊ နေ့ရှည်ရက်ဆက်၊ ပြုပြင်ချက်
ကို၊ ငဲ့ကွက်မညှာ၊ ကြာလေအိုလေ၊ အနေမကျ၊
ငါးဝခန္ဓာ၊ သမ္ဘူဟာတို့သည်၊

၁၀။ တနေ့တခြား၊ ရွေ့ဖောက်ပြားလျက်၊ လျော့ပါးကုန်
ခမ်းတတ်သောအနက်ကြောင့်၊ အနိစ္စာ၊ လှပနုနယ်၊
ငယ်ရုပ်ကုန်ပျောက်၊ ကြီးရုပ်ပေါက်၍၊ ထို့နောက်
အိုပြန်၊ ဆံဖြူသွားကျိုး၊ နံရိုးကျဲကျဲ၊ ကျောမွဲမွဲနှင့်၊
သူရဲ့ရုပ်သွင်၊ တုံတုံခိုက်ခိုက်၊ လူကိုလိုက်၍၊ ကိုယ်
တော့မှာလို၊ ကိုယ်ကချေးထူ၊ မျက်ဝတ်ဖြူနှင့်၊ နှပ်ပူ

www.burmeseclassic.com

www.burmeseclassic.com



တွဲလျား၊ ပါးစောင်ကြားက၊ သွားပုပ်ရေယို၊ အစိုစို နှင့်၊ အိုရစမြဲ၊ ကယ်မလွဲမို့၊ အမြဲ မရှိကုန်။

၁၁။ ကိုးဆယ့်ခြောက်ဖြာ၊ ဝေဒနာနှင့်၊ ရောဂါနှိပ်စက်၊ ဖိစီးတက်၍၊ အေးကွက်မနင်း၊ မင်းဘေးစိုးဘေး၊ ခိုးသူဘေးနှင့်၊ စားရေးသောက်ရေး၊ ရောင်းရေးဝယ်မှု၊ တခုမကျန်၊ ဝန်းရံပတ်အုံ၊ ကလိန်ခြုံသို့၊ လုံးစုံရောထွေး၊ အအေးမဖက်၊ ဘေးဟူသောအနက်ကြောင့်၊

၁၂။ မချမ်းမသာ၊ မကျန်းမာက၊ ကယ်ပါယူပါ၊ ထူပါသိပ်ပါ၊ တဆိတ်မျှသာ၊ သက်သာမရှိ၊ ကျန်းမာဘိလည်း၊ ကြည့်ရှုကြံစေ၊ နေပူမိုးရွာ၊ မနေသာဘဲ၊ သွားလာလှည့်ပတ်၊ စပ်ရဟပ်ရ၊ ရောင်းဝယ်ရနှင့်၊ တစမပြေ၊ တစချေလျက်၊ မသေမချင်း၊ ပိုက်ကွန်တွင်းသို့၊ ဆင်းမိသည့်ယုန်၊ အကြင်ကြံ့သို့၊ လုံးစုံဘေးကြမ်း၊ မအေးချမ်းသည်၊ စိတ်ပမ်းကိုယ်ကျေ၊ အနေမကျ၊ ထယောင်ထိုင်ယောင်၊ မှိုင်ယောင်တွေဝေ၊ ကြံစည်စဉ်းစား၊ ဒုက္ခများခဲ့၊ လားလားမကောင်း၊ ဘေးအပေါင်းတို့၊ သောင်းပြောင်းရောယှက်၊ နှိပ်စက်ပူပြင်း၊ ကိုယ်အတွင်း၌၊ ဆင်းရဲကုန်၏။

၁၃။ ဘယ်ပုံတယ်နည်း၊ နိဿရည်းဖြင့်၊ ကြီးကြီးကျယ်ကျယ်၊



ငယ်ငယ်နုပ်နုပ်၊ ပြုလုပ်ကြံစည်၊ ထွေထွေစုရုံး၊ စိန်တုံးမြတုံး၊ ပုလဲကုံးနှင့်၊ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ စပါးဆန်ရေ၊ ရွှေငွေသပြာ၊ လယ်ယာမိုးမြေ၊ အခြေနှစ်ခု၊ ခြေလေးခုတို့၊ ပေါင်းစုသမျှ၊ တခဏသာ၊ အကာအတိ၊ နှစ်မရှိသောအနက်ကြောင့်၊

၁၄။ သုံးဆယ့်တဘုံ၊ အုပ်ခြုံပိုင်နင်း၊ အာဏာပြင်းသော၊ သေမင်းမည်တွင်၊ မြတ်ဘုရင်က၊ သေနင်ဗျူဟာ၊ ထောင့်ငါးရာကို၊ ကောင်းစွာစေ့ကြပ်၊ အာဏာကွပ်လျက်၊ မရပ်မဆိုင်း၊ ဖြတ်ပိုင်းခုတ်ထစ်၊ ပစ်လွှတ်ဖြိုးဖြိုး၊ ကိုးဆယ့်ခြောက်ပါး၊ လက်နက်အားဖြင့်၊ ဒါးကိုင်လှံစွဲ၊ သူရဲသူခက်၊ စစ်တက်စစ်အုပ်၊ ဗိုလ်တက်ချုပ်ရေး၊ သွေးသောက်အကြပ်၊ ဗိုလ်မှူးအပ်သည်၊ တပ်မတော်တွင်၊ ဘုရင်သေမင်း၊ ကိုယ်တိုင်နင်းလျက်၊ အတင်းချီလာ၊ သင့်ရာရည်မှန်း၊ တပ်စခန်းဝယ်၊ အပန်းပြည့်မျှ၊ တပ်တော်ချ၍၊ ရာဇမာယာ၊ စီရင်ခါဖြင့်၊ ဇရာမည်တွင်၊ မတ်သေနင်ကို၊ အလျင်အမြန်၊ ရာဇသံနှင့်၊ အလံစိုက်လေ၊ မိန့်လိုက်လေ၏။

၁၅။ ပေးမည့်အဟာန်၊ ရာဇသံကား၊ သာမန်ပေးနုပ်၊ ပုထုဇ္ဇန၊ ဥမ္မတ္တက၊ သင့်နယ်မှကို၊ လက်ရသိမ်းရုံး၊

www.burmeseclassic.com

www.burmeseclassic.com



ငါမဖြုန်းဟု၊ ကိုးဂုဏ်သခင်၊ ရှင်ပင်ဗုဒ္ဓ၊ ပစ္စေကနှင့်၊ သာဝကပိုင်၊ ခရိုင်ပြည်ကြီး၊ အသီးသီးကို၊ ဦးစီးနာယက၊ အာဂယောကျာ်း၊ ဒါးလှံအမြောက်၊ ပစ်ဖောက်ထိုးဆွ၊ မစူးရှသည်၊ သာဝကမှန်၊ သောတာပန်နှင့်၊ သကဒါဂါမ်၊ အနာဂါမ်ပါ၊ ရဟန္တာသော၊ ဘယ်ဟာသောဟု၊ တွေးတောမရှိ၊ ငါ့လက်နက်နှင့်၊ တချက်လောက်ထိလိုက်လျှင်၊ အိအိကျေမွ၊ ပျက်စီးရသည်၊ မရဏတွင်းချင်း၊ ငါသေမင်းကို၊ အလျှင်းခုထွက်၊ စစ်ဘက်မည်လော၊ မပြောကျယ်ပွား၊ အလျားတန်၊ အနံ့တထွာ၊ ရူပကာကို၊ ငါသို့ဆတ်ဆတ်၊ ခုအပ်မည်လော၊ ကြိုက်ရာပြောဟု၊ စောကြောမိန့်သံ၊ ရာဇသံနှင့်၊ အလံကိုင်ကာ၊ ဇရာအမတ်၊ မြို့နားကပ်လျက်၊ မတ်စောက်လုံးလုံး၊ တောင်ကုန်းအသွင်၊ ဥက္ကောင်းပြင်၌၊ ထင်ထင်လျားလျား၊ အလံဖြူကို၊ စိုက်ထူထားသော်၊

၁၆။ မင်းဖျားကာယ၊ ဓာချေးကျအောင်၊ ကြောက်လှချက်ချင်း၊ အတွင်းတော်ပါး၊ ခစားမြဲတည့်၊ ပထဝီ တေဇော အာပေါ ဝါယော၊ လေးပါးသောဓာတ်၊ အမတ်လေးဖော်၊ ဝန်ရှင်တော်တို့၊ ခေါ်၍အလျင်၊ စုတိုင်ပင်သော်၊



၁၇။ ကျွန်တော်အမတ်၊ ဓာတ်ပထဝီ၊ လျှောက်ပါမည်တည်း၊ ငယ်သည့်ရုပ်ပျောက်၊ ကြီးရုပ်ပေါက်၍၊ စားသောက်မဝင်၊ အိပ်လျှင်မပျော်၊ ကိုယ်သော်ရောင်ရမ်း၊ အမ်းတမ်းတမ်းနှင့်၊ လေဖြန်းသည့်ပုံ၊ ခွန်အားကုန်ခဲ့၊ လုံးစုံအရေး၊ ရှေ့တွေးနောက်မျှော်၊ ဆင်ခြင်သော်လျှင်၊ ကျွန်တော်ပထဝီ၊ ကြောက်လှပြီဟု၊ လျှောက်သည့်စကား၊

၁၈။ တေဇောကြားသော်၊ လျှောက်ထားတင်ချက်၊ နားဆင်ရှုက်လော့၊ ခက်ပေါ့သခင်၊ ငယ်စဉ်တောင်ကျေး၊ အကလေးက၊ ဝမ်းဝဗိုက်ကား၊ တစလယ်ချက်၊ တခွက်ချက်ကို၊ တက်တက်ကုန်စားသော်လည်း၊ လားလားမနေ၊ အစာကြေသည်၊ ညနေချိန်ကျ၊ အူမအတွင်း၊ လွန်ပူပြင်းအောင်၊ ထမင်းဆာသည်၊ မြန်စွာသုတ်သက်၊ ကျက်တဲ့ပါစေ၊ ပြောမိဆိုမိ၊ ငေါက်ငန်းမိပါ၊ ယခုမှာကား၊ ဆာသည်မရှိ၊ အနိုင်ဖိ၍၊ အိအိပြောင်းပြောင်း၊ တစလောင်းမျှ၊ ကောင်းကောင်းမဝင်၊ မမျိုချင်ဘူး၊ ကိုယ်တွင်းအနေ၊ ရှုပြန်ချေလည်း၊ အရှေ့တွ၊ အကြောထ၍၊ ပြာကျသည့်နှဲ၊ ခြောက်မွဲမွဲနှင့်၊ မဲမဲပျောက်ပျောက်၊ ကိုယ်သို့ရောက်၏၊ ကြောက်လှသခင်၊ စစ်မဆင်နှင့်၊ လျှောက်တင်သောအခါ၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၁၉။ မဟာအမတ်၊ ဝါယောဓာတ်လည်း၊ မှတ်ပါစေချင်၊
လျှောက်ဆိုတင်၏၊ ငယ်စဉ်ကာလ၊ အထအထိုင်၊
လုပ်ကိုင်သွားလာ၊ အရာရာမျိုး၊ ထမ်းပိုးရွက်ဆောင်၊
တောင်တက်တောင်ဆင်း၊ ခရီးပြင်းလည်း၊ ပန်းခြင်း
မထင်၊ ယခုသွင်မူ၊ သွားလျှင်သိသာ၊ လုပ်ကိုင်ပါ
လည်း၊ လွန်စွာပင်ပန်း၊ အားကုန်ခမ်းလျက်၊ တခြမ်း
ကမာ၊ တခြမ်းနာနှင့်၊ ကျောသားလက်ပြင်၊ ရင်နှင့်
ဝမ်းဗိုက်၊ အောင့်လိုက်တဖြာ၊ နာလိုက်တမျိုး၊ ထိုး
လိုက်တက်လိုက်၊ မူးမိုက်တွေဝေ၊ လေဓာတ်ဝါယော၊
လျှောက်တင်ပြောသော်၊

၂၀။ အာပေါအမတ်၊ ရေဓာတ်သုခမိန်၊ ဦးနှိမ်လက်မြှောက်၊
ဤသို့လျှောက်၏၊ နောက်ကအရွယ်၊ ငယ်ကတခြား၊
အိုပြန်ငြားလည်း၊ အသွားတမျိုး၊ အိုးပေါက်လှေကွဲ၊
ရေမမြဲသို့၊ တဟဲဟဲကျ၊ တညတွက်တာ၊ သုံးလေး
ခါနှင့်၊ ငါးခါခြောက်ကြိမ်၊ ရေအိမ်သို့မှီး၊ အရေးကြီး
က၊ အောက်သို့ကျအောင်၊ ထ၍မရောက်၊ အိမ်ကြမ်း
ပေါက်တွင်၊ တောက်လျှောက်စွန့်ပစ်၊ ဖြစ်တတ်မသွေ၊
ခါတလေလည်း၊ အခြေမမြဲ၊ အိပ်ရာထဲတွင်၊ ရွှဲရွှဲသာ
စို၊ သည်လိုသဘော၊ အာပေါအမတ်၊ လျှောက်တင်
လတ်သော်၊

၂၁။ မင်းမြတ်ကာယ၊ လက်မှိုင်ချ၍၊ ထယောင်ထိုင်ယောင်၊
မှိုင်ယောင်စဉ်းစား၊ မတ်လေးပါးတို့၊ အားထားအား
ကိုး၊ တိုင်းကျိုးပြည်ကျိုး၊ ငါ့အကျိုးကို၊ သည်ပိုး
ဆောင်ရွက်၊ သက်စွန့်ကြိုးပမ်း၊ မှုထမ်းစိမ့်မည်၊
စိတ်မှန်းရည်လျက်၊ အကြည်အသာ၊ ရာကြီးထူးကြီး၊
အာဏာကြီးနှင့်၊ သီးသီးခန့်ထား၊ စားသောက်ဆင်
ယင်၊ အေးပြန်လျှင်လည်း၊ မီးထင်းဝတ်ခြုံ၊ ပူတုံရေ
ချိုး၊ အမျိုးမျိုးပင်၊ ပြုပြင်လုပ်ကျွေး၊ ငါကမွေးလည်း၊
ကျေးဇူးသစ္စာ၊ မညှာမထောက်၊ ငါမွေးသည့်မျောက်၊
ငါ့ကိုခြောက်သို့၊ ကြောက်စရာအတတ်၊ အမတ်လေး
ပါး၊ လားလားမကောင်း၊ သေကြောင်းကိုကြံ၊ နိုင်ငံ
ပူပြင်း၊ အတွင်းမီးထ၊ သူပုန်ကြွသို့၊ မရဏာဘက်
သား၊ ဖြစ်တုံငြားခဲ့၊ ကြံအားမသာ၊ နေစဉ်ခါဝယ်၊

၂၂။ ဗျာဓိအမတ်၊ ရောဂါတပ်နှင့်၊ ချဉ်းကပ်မြို့နား၊ ကြုံး
ဝါးသံချို၊ ဤသို့ဆို၏၊ အိုကာယမင်း၊ အတွင်းအပ၊
ဘာမျှမဟုတ်၊ စက်ဆုတ်ဘွယ်ရာ၊ ဒွတ္တိံ့သာဟု၊
လေးဖြာဓာတ်ရုပ်၊ ခန္ဓာပုပ်ကို၊ အဟုတ်ကြီးမှတ်၊
မာနကပ်၍၊ လျှပ်စားဖြတ်စား၊ ထောင်ကြွားကြွားနှင့်၊
တရားမကျ၊ ရမှမဝေ၊ ရှာဖွေစုရုံး၊ သုံးလိုက်စားလိုက်၊
မော်လိုက်ကြွားလိုက်၊ ထိုက်ရာမှာနား၊ ထိုစကားသို့၊

www.burmeseclassic.com

www.burmeseclassic.com



လားလားရှေ့နောက်၊ မျှော်မထောက်ဘဲ၊ မိုးအောက်
မြေတွင်၊ ဘက်မမြင်သို့၊ စိတ်ထင်ကိုယ်ရောက်၊
ဖောက်ဖောက်ပြန်ပြန်၊ မာန်တံခွန်ပြ၊ သက္ကာယ
တုံး၊ ငါတလုံးကို၊ အသုံးကြီးချ၊ ငါ့ကိုယ်ငါ့ဟာ၊
ငါ့ဥစ္စာပင်၊ ငါ့လင်ငါ့သား၊ ငါ့မယားနှင့်၊ ငါ့နွားငါ့
ကျွဲ၊ ငါ့လှည်းငါ့လှေ၊ ငါ့မြေငါ့မြင်း၊ ငါ့အခင်းဟု၊
ငါ့ဝန်းငါ့အိမ်၊ ငါ့စည်းစိမ်ငါ့လယ်ယာ၊ ငါမပါလျှင်၊
ဘာမျှမသုံး၊ ငါတလုံးနှင့်၊ ငါဖုံး၍မှောင်၊ ငါကောင်
ကြီးမှတ်၊ စွဲမြဲတတ်လျက်၊ မပြတ်နေ့စဉ်၊ ဒိဋ္ဌိဝင်
သည်၊ သင်ကာယမင်း၊ ငါထွေခင်းလျက်၊ တင်းနိုင်
လျှင်တင်းရော့ဟု၊ သေတွင်းကိုချိန်၊ ရောဂါစိန်နှင့်၊
တရှိန်တည်းပစ်လိုက်လျှင်၊

၂၃။ မူးမိုက်တွေဝေ၊ လက်ခြေအေးအေး၊ မွေးညှင်းထောင်
ကြွ၊ ကြက်သီးထလျက်၊ ကျောကစိမ့်ချမ်း၊ တသမ်း
သမ်းနှင့်၊ စခန်းတမျိုး၊ ရေချိုးခေါင်းလျှော်၊ စားမတော်
တင့်၊ အော်ဂလီဆန်၊ အံချင်ပါဘိ၊ ကိုယ်လုံးချိလျက်၊
အဖျားတက်သော်၊ အိပ်စက်ကောက်ကွေး၊ စောင်
ကလေးနှင့်၊ ထွေးရစ်ပတ်ခြုံ၊ အချမ်းလုံအောင်၊ လူ
ကုန်အိမ်ရှိ၊ ဖိပါနှိပ်ပါ၊ ရေပေးပါနှင့်၊ တစာစာအော်၊
ဖြစ်ပြီးသော်မှ၊ အတော်ကြာလျှင်၊ ပူဆာလှိုက်လဲ၊



ရောဂါသဲ၍၊ တွဲပါထူပါ၊ ယူကြပါကွယ်၊ ကယ်ကြ
ပါအုံး၊ တအိမ်လုံးလည်း၊ ပြုန်းပြင်ဆံခပ်၊ မရပ်
မနား၊ ဖြစ်ကြငြားသော်၊

၂၄။ ဆွေသားမျိုးစုံ၊ ဝိုင်းစုအုံ၍၊ ကြံပုံထောက်တွေး၊ ဗေဒင်
မေးက၊ အရေးလှလိမ့်၊ စိတ်ကထင်ထင်၊ ယူငင်ဇာ
တာ၊ မေးမြန်းပါလည်း၊ ဆရာဗေဒင်၊ ပညာရှင်က၊
အထင်အလင်း၊ သေမင်းလက်နက်၊ ထိမှန်ချက်ကို၊
သက်သက်မသိ၊ မရိပ်မိ၍၊ ချောက်ချီးချောက်ချက်၊
တွက်လိုက်သည်မှာ၊ တဖျာရာလုံး၊ ကျောက်သင်ပုန်း
တွင်၊ တချပ်လုံးနှံ့၊ အတန့်အတန့်၊ ဂဏန်းသန့်
လျက်၊ ကန့်လန့်ကြက်ခြေ၊ လဂ်နေစန်းအိမ်၊ ကော
ဝိန်ကောဇာ၊ တဖြာအာယု၊ စတုရစ်ပတ်၊ ထောက်
လတ်သောခါ၊ အာရိဗျာရ၊ မရဏလွတ်ကင်း၊ တြင်း
နဝင်း၊ သုဉ်းခြင်းမထင်၊ ဇာတာခွင်ဝယ်၊ ဂြိုဟ်ဝင်
ဂြိုဟ်ထွက်၊ သက်သက်မငြီ၊ ကောင်း၏ဇာတာ၊ မသေ
ပါဘူး၊ ဘာမျှမကြောက်၊ စိတ်မနောက်နှင့်၊ ပျောက်
လွယ်စေချင်၊ ယာယီဆင်၍၊ ညောင်ပင်ကိုထောက်၊
လူလမ်းလျှောက်တွင်၊ တံတားခင်းလျက်၊ ထမင်းပြု
ဝါ၊ ပန်းဖြူဝါနှင့်၊ ခေါစာကိုကျွေး၊ ဂြိုဟ်ကိုဖွေးဟု၊
ကလေးကလား၊ ဆိုစကားသို့၊ လားလားမဆိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ဇာတာကိုင်လျက်၊ မြိုင်မြိုင်ကြီးသာ၊ ဟောလိုက်ပါ
သော်၊

၂၅။ မိစ္ဆာဉာဏ်ဖက်၊ ဒိဋ္ဌိစွက်၍၊ အသက်အန္တရာယ်၊ ကင်း
ပျောက်လွယ်အောင်၊ ရည်ရွယ်စိတ်မှတ်၊ ရင်းဖြတ်
ဖျားသေး၊ ဝါးကလေးနှင့်၊ ပြေး၍ညောင်ထောက်၊
လူလျှောက်တံတား၊ ခင်းပြားတမျိုး၊ စုံးကိုးနတ်ကိုး၊
တစ္ဆေကိုးနှင့်၊ မိရိုးဖလာ၊ မင်းမာဂီရိ၊ ဖျင်နီအုန်းသီး၊
ထီးဖြူဆောင်းနတ်၊ ခေါင်တိုင်နတ်နှင့်၊ တောနတ်
တောင်နတ်၊ သစ်ပင်နတ်တို့၊ ကပ်လေသလော၊
သဘောစိတ်တွင်၊ မိစ္ဆာဝင်လျက်၊ နတ်တင်ကြိုဟ်စာ၊
ကျွေးပြန်ပါလည်း၊ သက်သာမရှိ၊ တအိအိနှင့်၊ ဖိ၍
သာဆိုး၊ ရောဂါတိုးသော်၊

၂၆။ ကျိုးကြောင်းလိမ္မာ၊ ဆေးဆရာနှင့်၊ ကောင်းစွာကြပ်မ၊
ကုသရလျှင်၊ ပျောက်မည်ထင်ခဲ့၊ အလျင်မနှေး၊ ပြေး
၍ခုသော်၊ ဆရာခေါ်က၊ စုဖော်စပ်ဟပ်၊ မပြတ်ပေး
ရိုး၊ ဆေးမျိုးစုံစွာ၊ ဆောင်ယူခါဖြင့်၊ ဆရာရောက်
လတ်၊ အနားကပ်လျက်၊ တပ်အပ်သိရေး၊ ဖျားရက်
မေး၍၊ သွေးကိုစမ်းခါ၊ ဆေးဆရာလည်း၊ ဘာမျှ
မကြောက်၊ ငါ့ဆေးသောက်က၊ ငေါက်ကနဲထ၊ ခု
ပျောက်ရမည်၊ စိတ်ချမှတ်ပါ၊ ပြောပြန်ပါသော်၊



ဆရာစကား၊ ခပ်ကြွားကြွားကို၊ အများယုံလတ်၊ အ
ကယ်မှတ်၍၊ ကြပ်မကုပါ၊ ကင်းပျောက်လာလျှင်၊
နှောင်ခါအရေး၊ ဆေးဖိုးဝါးခ၊ ဆိုသမျှကို၊ မုချမှတ်ပါ၊
ပေးဆပ်ပါမည်၊ ပြောပြန်သည်တွင်၊ စိတ်ရွှင်အားရ၊
ဆရာကလျှင်၊ ကောက်မယူပြီး၊ အိပ်ကြီးအတွင်း၊
ပုလင်းကြေးတောက်၊ သောက်သောက်ရောရာ၊ ဘလ
ချာရှုပ်၊ စက္ကူထုတ်နှင့်၊ ဆေးမှုန့်ဘူးကြီး၊ အသီးသီး
ကို၊ မှောက်ပြီးသွန်ယူ၊ စက္ကူပေးပါ၊ ဘန်းပေးပါလော့၊
ဆေးမည်များစွာ၊ ဖျာနှင့်တချို့၊ ကပ်လို့သာလှမ်း၊
ငန်းဆေးတခြား၊ အစားမှားနှင့်၊ အဖျားဖြတ်ဆေး၊
သွေးညှိလေညှိ၊ ဇာတိဝင်၊ သိန္ဓဝပါ၊ ပဒတ်ချာသော၊
ပဒဲကော ကွန်ချာ၊ ဖြာဖြာဝေခွဲ၊ ရေလဲရေပြောင်း၊
ကောင်းနိုးရာရာ၊ ကုသပါလည်း၊ အရာမထင်၊ ကျိုး
မမြင်ခဲ့၊ နေ့စဉ်တမျိုး၊ ရောဂါတိုး၏။

၂၇။ စုံးရိုးနတ်ရိုး၊ အမျိုးတတွေ၊ တစ္ဆေဖုတ်ဝင်၊ ပူးကပ်
ဝင်ဟု၊ အထင်မှားချက်၊ တစက်လက်ပြန်၊ ရေကိုခံ
၍၊ ပြန်ပေါင်းကျိုတ်ပေါင်း၊ ဂမုန်းပေါင်းတို့၊ သောင်း
ပြောင်းရောရာ၊ နံ့သာနှင့်စပ်၊ နတ်ဆေးတမျိုး၊ လူနိုး
ခွေးရိုး၊ လင်းတရိုးက၊ စသည်များစွာ၊ ရွှံဘွယ်ရာကို၊
စုကာဖော်လုပ်၊ သုပ်ဆေးရုပ်ဆေး၊ [illegible]သွားသောင်း

www.burmeseclassic.com



ပြောင်း၊ ဆေးအပေါင်းကို၊ လူ့ဥက္ကောင်းခွံ၊ ရွှံဘွယ်သက်သက်၊ ဆေးသောက်ခွက်ဝယ်၊ ရောစွက်ထည့်ပြီး၊ ကျားစွယ်ကြီးနှင့်၊ ချောက်ချီးချောက်ချက်၊ မွေလျက်တခန်း၊ မန်းလိုက်တဖုံ၊ အုံလားဖွလား၊ ဂါထာများနှင့်၊ သိကြားကိုခေါ်၊ နတ်ကိုခေါ်၍၊ အမိန့်တော်ပြန်၊ အိမ်လုံးညံသည်၊ တဆံဖျားမျှ၊ သိကြားဗြဟ္မာ၊ နတ်တကာတို့၊ မလာဇေကန်၊ သည်တိုင်းမှန်၏။

၂၈။ ကြံကြံဖန်ဖန်၊ ဉာဏ်ရှိသမျှ၊ စွန်းကုန်ပြလျက်၊ ကုသဆေးဝါး၊ ပြုတုံငြားလည်း၊ ကျိုးကားမထင်၊ အပြစ်မြင်သို့၊ နေ့စဉ်ရက်ဆက်၊ တိုးတက်ရောဂါ၊ သေရာနိမိတ်၊ သေတံဆိပ်ကို၊ ခတ်နှိပ်ကွင်းကွင်း၊ လင်းလင်းသိမြင်၊ ပြသည့်သွင်သို့၊ နားထင်လျှောကျ၊ နှာခေါင်းပွလျက်၊ နားရွက်ကလန်၊ တဖန်လက်မ၊ ခြေမတမျိုး၊ ကျိုး၍လည်းကျ၊ ချက်ကျအောက်နား၊ ၂ သစ်ဖျားတွင်၊ မျှင်မျှင်သေးသေး၊ ကြောကလေးက၊ ထောင်၍တမူ၊ မုချသေမြဲ၊ မလွဲနိုင်ရာ၊ ဓမ္မတာဟု၊ ဆရာစိတ်တွင်၊ ဟုတ်တိုင်းမြင်သော်၊ ဆင်ခြင်စဉ်းစား၊ မသွားဘဲသာ၊ နေခဲ့ပါမူ၊ မုန်စွာမုချ၊ ငါ့ဆေးအိပ်ကြီး၊ မီးကျော်တော့မည်၊ ဟုတ်သည့်အတိုင်း၊ မဆိုင်းမတွ ပြောပြန်ကလည်း၊ သူနာ့အရှင်၊ မရှင်စိတ်နောက်၊



ဗျာပါရောက်လိမ့်၊ ချင့်ထောက်လိမ်ဉာဏ်၊ တမျိုးကြံမှ၊ အိမ်ပြန်လှမည်၊ စိတ်ကရည်လျက်၊ သီသီကလေး၊ အိမ်သို့ပြေး၍၊ ဆေးဖော်အုံးမယ်၊ အားမငယ်နှင့်၊ သွယ်သွယ်ဝိုက်ဝိုက်၊ အလိုက်သင့်ရာ၊ ပြောပြီးခါမှ၊ လျင်စွာကောက်မ၊ လွယ်ထအပြီး၊ ဆေးအိတ်ကြီးနှင့်၊ ချောက်ချီးချောက်ချက်၊ အိမ်ထက်ကဆင်း၊ အတင်းမနေ့း၊ ဆရာပြေးသော်၊

၂၉။ အရေးလှလှ၊ ကိုယ်တိုင်ကြွ၍၊ မရဏတွင်းချဉ်း၊ ရှင်သေမင်းလည်း၊ အတင်းချဉ်းကပ်၊ ဝိညာဉ်ဓာတ်ကို၊ ဖြတ်လိုက်သည့်ခါ၊ မျက်လွှာကြောင်စံ၊ မျက်ဖြူလန်၍၊ ကြောက်ကန်ခြေလက်၊ အသက်ဖိုဟိုက်၊ ချွဲသံလိုက်လျက်၊ ဆိုက်ရောက်အမော၊ အကြောဆွဲလွန့်၊ တတွန့်တွန့်နှင့်၊ ကြောက်ရွံ့ဘွယ်မျှ၊ ပါးစပ်ဟလျက်၊ သွားကကျဲကျဲ၊ နှုတ်ခမ်းမဲနှင့်၊ ပျက်စဲခန္ဓာ၊ မုန်စွာသေရီး၊ သည်အမျိုးမို့၊ အစိုး မရကုန်။

၃၀။ အစိုးမရ၊ အနတ္တဟု၊ ဘာမျှမဟုတ်၊ ခန္ဓာပုပ်ကို၊ လှုပ်လှုပ်ရွရွ၊ လှစေယဉ်စေ၊ ချမ်းသာစေဟု၊ ကြံစည်အားခဲ၊ အမြဲသုတ်သင်၊ ဆင်ယင်ဝတ်စား၊ ပြုတုံငြားလည်း၊ ကျိုးကားမရှိ၊ မြေ၏ဩဇာ၊ ပွအောင်သာလျှင်၊ မသာဖြစ်တော့မည်တကား၊ အနတ္တသည့် ခန္ဓာကိုယ်။

www.burmeseclassic.com

www.burmeseclassic.com



## သံဝေဂယူစရာ ကမ္ဘာ့ဒွါန်းသံပေါက်

၁။ ဘဝသံသရာ၊ ဆက်များစွာ၊ လမ်းတာရှည်လှသည်။
၂။ ဒါနသီလ၊ လမ်းရိက္ခာ၊ ပါမှသင့်လျော်မည်။
၃။ ကုသိုလ်ရိက္ခာ၊ အထုပ်ပါ၊ သံသရာ၌ငြိမ်းချမ်းမည်။
၄။ ကုသိုလ်ရိက္ခာ၊ ထုပ်မပါ၊ သံသရာ၌ဆင်းရဲမည်။
၅။ အပါယ်ဘေးကြီး၊ လမ်းခရီး၊ ဆီး၍ကြိုတတ်သည်။
၆။ အပါယ်လေးပါး၊ ဘေးရန်များကို၊ ကိုယ်ကမကပ်
ရှောင်ရမည်။
၇။ သံသရာရေဝေး၊ လာမည့်ရေး၊ မျှော်တွေးကြောက်
သင့်သည်။
၈။ ကိုယ်ကရှာရ၊ ရှိသမျှ၊ တူကွစားကြမည်။
၉။ နောင်သံသရာ၊ ဖြစ်လေရာ၊ လာ၍မရှုပြီ။
၁၀။ ကိုယ်၏ခြွေရံ၊ ကိုယ့်နောက်ထံ၊ တဆံမလိုက်ပြီ။
၁၁။ အိမ်ဆောင်ခမ်းနား၊ သားမယား၊ ပစ်ထားခဲ့ရသည်။
၁၂။ စပါးဆန်ရေ၊ ရွှေနှင့်ငွေ၊ ကျန်နေရစ်တော့သည်။
၁၃။ မညှာမတာ၊ ရုပ်ခန္ဓာ၊ မသာဟူ၍ခေါ်ကြသည်။
၁၄။ ထိုမသာကောင်၊ ဖူးဖူးရောင်၊ ညှီဟောင်ပုပ်နံ့သည်။
၁၅။ အိမ်သူရွာသား၊ စက်ဆုပ်ငြား၊ တလားခေါင်း၌သွင်း
လိမ့်မည်။
၁၆။ သွင်းခေါင်းတလား၊ ရက်ရှည်လျှား၊ မထားသင့်တော့ပြီ။



၁၇။ ဝိုင်းအုံညီညာ၊ ထိုမသာ၊ ဆောင်ကာသွားကြမည်။
၁၈။ ဆောင်သွားယူထုတ်၊ မသာပုပ်၊ သုသာန်ရောက်
တော့မည်။
၁၉။ သုသာန်ရောက်လျှင်၊ မရှုချင်၊ မြေတွင်းမြှုပ်၍ထား
ကြမည်။
၂၀။ မြေ၌မြှုပ်နှံ၊ လူတို့ပြန်က၊ ရုပ်ကျန်ခန္ဓာ၊ မသာခေါ်
ဆို၊ ငါ၏ကိုယ်သည်၊ ယွင်းယိုပျက်ပြား၊ သစ်တုံး
လားသို့၊ ပိုးမွှားတီခြ၊ စားသောက်ကြ၍၊ ကြေမွကုန်
ခမ်း၊ ဘရမ်းဘတာ၊ မြေသြဇာသည်၊ ဘာမျှမဟုတ်
ပါတကား၊ အနိစ္စ သည်ခန္ဓာကိုယ်။
၂၁။ ငါကောင်မဟုတ်၊ အနာပုပ်၊ စက်ဆုတ်ရွံဘွယ်ရာ။
သွေးပုပ်ပြည်ယို၊ အနာအိုး ထိုနှင့်တူသည်သာ။
ဤခန္ဓာရုပ်၊ အကောင်ပုပ်၊ ပျောက်ချုပ်တတ်သည်သာ။
၂၂။ တိမ်တောင်တိမ်ရိပ်၊ တိမ်အလိပ်၊ တံဆိပ်ခတ်မပါ။
၂၃။ တိမ်တောင်ဖြစ်အင်၊ ကြည့်ရှုစဉ်၊ အသွင်ပြောင်းလဲပါ။
၂၄။ ယခုနဂါး၊ ယခုကျား၊ ထူးခြားတတ်သည်သာ။
၂၅။ ယခုသစ်ပင်၊ ယခုဆင်၊ အသွင်မမြဲပါ။
၂၆။ ယခုလူရုပ်၊ ငုတ်တုတ်တုတ်၊ ပျောက်ချုပ်ယခုသာ။
၂၇။ ထိုနှင့်ပမာ၊ ဤခန္ဓာ၊ မြန်စွာပြောင်းသွားသည်။

(ခွန္တီးဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



## အရှင်ကေလာသ (ပခုက္ကူ)
## ဓမ္မာစရိယ ဂဏဝါစက
## ဘီအေ-ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ)
## ပြုစုရေးသားသော သံဝေဂလင်္ကာများ

၁။ သိုမှီးသိမ်းထား၊ ဥစ္စာများ၊
ပျက်ပြားနောက်ဆုံး ရှိစွတကား။
ရုပ်နာမ်နှစ်ဖြာ၊ ငါ့ခန္ဓာ၊
သေရွာနောက်ဆုံး ရှိစွတကား။
သတ္တဝါမှန်သမျှ၊ ဇီဝိတ၊ မုချမမြဲပါတကား။

(နေတ္တိပါဠိ၊ ၁၂၅)

၂။ အမိဝမ်းဝယ်၊ တွယ်လာသန္ဓေ၊ ထွေထွေများစွာ၊
သတ္တဝါကား၊ ဘယ်မှာဆက်ဆက်၊ ရုပ်တည်မနား၊
တသွားတည်းသွား၏၊ လေးပါးသေမှု၊ တခုခုဖြင့်၊
ပုပုရွရွ၊ မှန်သမျှသည်၊ မုချသေရမည်သာတကား။

(ဇာ၊၃၂၃)

၃။ မြစ်ချောင်းငယ်တွင်၊ ရေအလျင်၊ လျင်စွာကုန်သည့်
နှယ်၊ နေ့နေ့ညည၊ သမယ၊ မုချကုန်လွယ်လွယ်၊
သတ္တဝါမှန်သမျှ၊ ဇီဝိတ၊ မုချချုပ် ပျောက်ကွယ်၊



သတ္တဝါအနန္တ၊ ဇီဝိတ၊ မုချချုပ်ဆုံးကွယ်။

(သံ၊၁၊၁၁၀၊မာရသံယုတ်)

၄။ သက်ရှည်ရန်တွက်၊ ချိန်းအချက်၊ ဆက်ဆက်မရှိပြီ၊
အသက်ရှည်ရန်၊ ချိန်ကာလ၊ ဧကန်မသိပြီ၊
ဝင်သက်ထွက်သက်၊ လေးချက်မဟာဘုတ်၊
ထုတ်လေဥသ္မာ၊ တဖြာဝိညာဉ်၊ အစဉ်စပ်လျက်၊
ဤအသက်၊ ခက်ခဲလှစွာ စောင့်ရသည်၊
မြက်ပေါ်သို့ရောက်၊ ဆီးနှင်းပေါက်ပမာ၊ လွန်စွာသာ၊
ကာလတိုလှသည်၊ အပ်ပေါ်မုန်ညင်း၊ ပမာသွင်း၊
လွန်မင်းကာလတိုလှသည်၊ ဆင်းရဲဒုက္ခ၊ အဝဝ၊
များလှစပ်သွယ်နေရသည်။

(သုတ္တနိ၊ ၃၇၁၊သလ္လသုတ်)

၅။ မသေရန်ပ၊ ဝီရိယ၊ မုချမရှိပြီ၊
မအိုသေခင်၊ ပျိုနုစဉ်၊ လျင်စွာသေနိုင်သည်၊
အရွယ်ယွင်းယို၊ အိုမင်းကာ၊ မှန်စွာသေနိုင်သည်၊
သတ္တတသင်း၊ များခပင်း၊ သေခြင်းမြဲလေသည်။

(သုတ္တနိ၊ ၃၇၁၊သလ္လသုတ်)

၆။ စည်ပင်နိုင်ဖြိုး၊ သစ်ပင်ကြီးမှ၊ သစ်သီးကြွေကျ၊
ကြောက်ကြကုန်သို့၊ သံသရာဘုံ၊ ဆုံကာတုံ့လျှင်း၊

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါခပင်းတို့၊ သေမင်းမည်လျှင်၊ သေသေခြင်းမှ၊
လွန်မင်းကြောက်ကြပါသတည်း။

(သုတ္တနိ၊ ၃ရ၁၊သလ္လသုတ်)

၇။ ဖုတ်လုပ်ကုန်ပြီး၊ အိုးကြီးအိုးငယ်၊ သွယ်သွယ်ခပင်း၊
ကွဲပျက်ခြင်းသို့၊ မယွင်းဧကန်၊ ရောက်ရမှန်သို့၊
သံသရာတွင်၊ ကျင်လည်သမျှ၊ အန္တသတ္တဝါ၊
မှန်စွာမုချ၊ သေသေရ၊ သံဝေဂရဖွယ်ကောင်းပါသည်။

(သုတ္တနိ၊ ၃ရ၁၊သလ္လသုတ်)

၈။ ကိုယ့်အောက်ငယ်သူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
ကိုယ့်ထက်ကြီးသူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
ပညာမဲ့သူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
ပညာရှိသူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
ဖြစ်သမျှဥသုံ၊ အလုံးစုံ၊ အကုန်သေကြရပေသည်။

(သုတ္တနိ၊ ၃ရ၁၊သလ္လသုတ်)

၉။ ကြောက်ဖွယ်မအေး၊ သေဘေးတွေက၊ ချစ်လှစွာငြား၊
သမီးသားကို၊ နှစ်ပါးမိဘ၊ ထောက်ထားဆက်သွယ်၊
မကယ်နိုင်ခဲ့၊ မဏ္ဍိုင်ဗဟို၊ မြင်းမိုရ်မက၊ ကြီးလှကျေးဇူး၊
ဂုဏ်ထူးရှိသည့်၊ မိဘကိုလည်း၊ ပုတ္တမည်ငြား၊
သားသမီးတို့၊ ထောက်ထားဆက်သွယ်၊



မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်။

(သုတ္တနိ၊ ၃ရ၁၊သလ္လသုတ်)

၁၀။ နှလုံးသို့ထင်၊ ရှုဆင်ခြင်လော့၊ များဖြင်သောင်းသောင်း၊
မျိုးဆွေပေါင်းတို့၊ နှစ်ထောင်းဝမ်းသာ၊ ငါ့ဟာငါ့သား၊
ငါကားစင်စစ်၊ ချစ်၍မငြီး၊ သမီးပေတည်း၊ ထွေထွေ
ထူးထူး၊ ပျော်မြူးချစ်ဖက်၊ သက်နှံကြင်ယာ၊ ဇနီးပါ
တည်း၊ ငါ့မှာစားဝတ်၊ မလွတ်ရအောင်၊ ကြံဆောင်
စီစဉ်၊ ချစ်လင်ပေတည်း၊ မသွေနိစ္စ၊ ငါ့အားစောင်မ၊
မိဘပေတည်း၊ သီးသီးစစ္စာ၊ ဆိုမြည်ကာပင်၊ အရှင်
သေမင်း၊ ခေါ်ဆောင်လျှင်းခဲ့၊ ကင်းမဲ့သနား၊ သတ်
မည့်နွားသို့၊ မမှားပုံသေ၊ ဆောင်ကြဉ်းလေ၊ သံဝေဂ
ဖြစ်ဖွယ် စင်စစ်တည်း။

(သုတ္တနိ၊ ၃ရ၁၊သလ္လသုတ်)

၁၁။ သေခြင်းတရား၊ လွန်ဆိုးဝါး၊ များစွာနှိပ်စက်သည်၊
အိုခြင်းတရား၊ လွန်ဆိုးဝါး၊ များစွာနှိပ်စက်သည်၊
ဖြစ်လျှင်မုချ၊ ဧကန္တ၊ မုချနှိပ်စက်သည်၊
မဖြစ်ရဘဲ၊ အမြဲချမ်းသာ၊ အမတပြည်ခွင်၊
ဝင်စံရန်၊ ဧကန်ကြိုးပမ်းသင့်လှပြီ။

(သုတ္တနိ၊ ၃ရ၂၊သလ္လသုတ်)

www.burmeseclassic.com

www.burmeseclassic.com



၁၂။ ကိုယ်နှင့်ရွယ်တူ၊ ကိုယ့်အောက်လူ၊ ကြီးသူသေသူ
များလှပြီ၊ ခဏာမစဲ၊ အိုစမြဲ၊ ကိုယ်လည်းသေဘက်
နီးလှပြီ၊ ငါလည်းမခြား၊ ထိုလူများလို၊ ကေန်ကို၊
သေကိုသေရမည်။

(သုတ္တနိ၊ ၃၅၂၊သလ္လသုတ်)

၁၃။ တန်ခိုးအာဏာ၊ လွန်စွာကြီးလှ၊ အသောက၊
သောက ရောက်ရသည်၊
တန်ခိုးကြီးလည်း၊ လွှဲမရ၊ မုချသေရမည်၊
အာဏာကြီးလည်း၊ လွှဲမရ၊ မုချသေရမည်၊
စည်းစိမ်ကြီးလည်း၊ လွှဲမရ၊ မုချသေရမည်၊
ဓမ္မသောက၊ နောက်ဆုံးကျ၊ ပိုင်ရဆီးဖြူချမ်းမျှတည်း။

(ဝိသုဒ္ဓိ၊ ၁၊၂၂၄)

၁၄။ မြင့်စောက်ကြီးမား၊ ကျောက်တောင်များသို့၊ အများ
သတ္တော၊ ကြိတ်ချေသောလား၊ မခြားတူစွာ၊ ဇရာဓမ္မ၊
မရဏကား၊ များလှတွက်ရေ၊ ဗိုလ်ချေတစ်သင်း၊
သတ္တဝါခပင်းတို့၊ သတ်ညှင်းကြိတ်ဖျက်၊ သူနှိပ်စက်
၏၊ မိုက်တွင်းနက်လှ၊ ယင်းဓမ္မတို့၊ ခတ္တိယနှင့်၊
ဗြာဟ္မဏစသား၊ တပါးပါးမျှ၊ သုခချမ်းသာ၊ မရ
ရာဘူး၊ လွန်စွာထက်လှ၊ အာထဗ္ဗဏဗေဒင်၊ စီအရင်



ဖြင့်၊ စင်စစ်မုချ၊ နိုင်မရဘူး၊ ဓမ္မနှစ်ဖြာ၊ ဇရာမရဏ၊
ယုတ်မာလှ၏၊ ယုဒ္ဓခေါ်လစ်၊ စစ်ပြိုင်၍လည်း၊
ဘယ်နည်းနှင့်မျှ၊ နိုင်မရရှင့်၊ ခနဥစ္စာ၊ ပေးလေပါ
လည်း၊ မှန်စွာပိုင်ပိုင်၊ မနိုင်လေဘူး၊ လေးထွေသစ္စာ၊
သိမြင်ကာဖြင့်၊ အမတာပြည်ခွင်၊ ဝင်စံလေမှ၊ အနိုင်
ရမည်၊ မုချမှတ်ကွယ် ကဗျာတည်း။

(သံ၁၊၁၀၂၊ ပဗ္ဗတူပမသုတ်)

၁၅။ မဟာသမ္မ၊ စသည်များစွာ၊ တရားမင်းတို့၊ မယွင်း
မုချ၊ သေလေကြ၏၊ လောကဖြစ်လာ၊ သတ္တဝါမှန်
သမျှ၊ ငါကစ၍၊ မုချသေရမည်သာတည်း။

(ဝိသုဒ္ဓိ၊ ၁၊၂၂၅)

၁၆။ စည်းစိမ်ကြီးလှ၊ ဇောတိက၊ မုချသေရမည်၊
စည်းစိမ်ကြီးလှ၊ ဇဋိလ၊ မုချသေရမည်၊
စည်းစိမ်ကြီးကျယ်၊ သူကြွယ်ဥဂ္ဂ၊ သေလွန်ရ၊
မုချမှန်လေသည်၊
စည်းစိမ်ကြီးလှ၊ မေဏ္ဍက၊ မုချသေရမည်၊
စည်းစိမ်ကြီးလှ၊ ပုဏ္ဏက၊ မုချသေရမည်၊
စည်းစိမ်မကြွယ်၊ ငါသို့နွယ်၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

(ဝိသုဒ္ဓိ၊ ၁၊၂၂၅)

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ခွန်အားကြီးသူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
ဝါသုဒေဝ၊ စသည်များလှ၊ ဗလအားအင်၊
လွန်လျှင်ကြီးသူ၊ ဗိုလ်လူတို့သည်၊ ခေါ်ယူသေမင်း၊
ငြင်းဆန်မရ၊ လိုက်ကုန်ကြ၏၊ ဗလမကြွယ်၊
ငါငါနယ်၊ အဘယ်ဆိုဖွယ် ရှိအံ့နည်း။

(ဝိသုဒ္ဓိ၊ ၁၊၂၂၆)

၁၈။ သိကြားပျော်စံ၊ ဝေဇယန်ကို၊ ဖန်ဖန်ယိမ်းခုန်၊
သိမ့်သိမ့်တုန်အောင်၊ လှုပ်ဆောင်နိုင်ငြား၊ စွမ်းရည်
ကြွားသည့်၊ မြတ်ဖျားသားတော်၊ အရှင်မောဂ္ဂလ္လာန်
သော်မှ၊ မရဏမင်း၊ သူ့လက်တွင်းသို့၊ သက်ဆင်း
သောထွေ၊ ရောက်ရချေ၏၊ ဖြစ်လေသမျှလျှင်၊
အနိစ္စတည်း၊ ဩော် သံဝေဂရဖွယ် ပါတကား။
(မှတ်ချက်။ ဤကား ဣဒ္ဓိဟတ္တအားဖြင့် ရှုဆင်
ခြင်ပုံ ဖြစ်၏။)

(ဝိသုဒ္ဓိ၊ ၁၊၂၂၆)

၁၉။ ဘုရားကိုကြည်၊ မည်တော်တွင်၊ အရှင်သာရိပုတ္တရာ၊
သိဖွယ်များမြင်၊ အလွန်လျှင်၊ ပညာကြီးလှစွာ၊
ပညာကြီးလည်း၊ အမှန်ဘဲ၊ ရှောင်လွှဲမရပါ၊
သေမင်းခံတွင်း၊ သူသက်ဆင်း၊ ခပင်းများသတ္တာ၊



သေချိန်ကျက၊ တနေ့ကျ၊ မုချသေရမှာ။
(မှတ်ချက်။ ဤကား ပညာမဟတ္တ ပညာကြီးသူ
နှင့်စပ်၍ မရဏသတိ ဆင်ခြင်ပုံ ဖြစ်၏။)

(ဝိသုဒ္ဓိ၊ ၁၊၂၂၆)

၂၀။ ရှေ့သွားနောက်လိုက်၊ သိုက်မြိုက်မပါ၊ ပမာကြွံချို၊
ထိုထိုပစ္စေက၊ ဗုဒ္ဓသခင်၊ ရှင်တော်တို့လည်း၊ ရှစ်
ဖော် မဂ္ဂင်၊ ဖောင်တော်ယာဉ်ဖြင့်၊ ပြည်ခွင်အမတ၊
ဝင်စံကြွကာ၊ မရဏမင်း၊ သူ့လက်တွင်းသို့၊ သက်
ဆင်းပါရ၊ လိုက်ကုန်ကြ၏၊ ငါ့နယ်သတ္တဝါ၊ ပုဂ္ဂိုလ်
မှာကား၊ မှန်စွာမုချ၊ သေရမည်မှာ မလွဲပါတကား။
(မှတ်ချက်။ ဤကား ပစ္စေကဗုဒ္ဓါ၊ ဘုရားရှင်တို့
နှင့်ကပ်၍ ယှဉ်၍ ရှုမှတ်ဆင်ခြင် သံဝေဂပွားများပုံ
ဖြစ်၏။)

(ဝိသုဒ္ဓိ၊ ၁၊၂၂၇)

၂၁။ ရောင်တော်ခြောက်ဖြာ၊ လက္ခဏာကြီးငယ်၊
လွန်တင့်တယ်သား၊ များပြားထူလည်း၊ သီလသမာ၊
ပညာဂုဏ်တင့်၊ ရှင်ပင့်မြတ်စွာ၊ မိန့်အာဏာကို၊
လွန်စွာရဲတင်း၊ ရှင်သေမင်းကား၊ လျှင်းပင်မရှက်၊
ရက်စက်ရန့်ကြမ်း၊ လွန်ဆိုးသွမ်း၏၊ အရှင်ပြုကာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့အားဘယ်မှာ၊ ချမ်းသာပေးအံ့နည်း။

(ဝိသုဒ္ဓိ၊ ၁၊၁၂၂၇)

၂၂။ ဝန်ထုပ်ဆိုတာ၊ ငါ့ခန္ဓာ၊ လွှန်စွာလေးလှပါသတည်း၊
ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်၊
ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချချမ်းသာပါသတည်း။

၂၃။ ပိုးမျိုးရှစ်ဆယ်၊ မှီတွယ်နေကြ၊ ဤကာယ၊
မုချစက်ဆုပ်ဖွယ်ပါတကား၊
ယင်းပိုးမျိုးများ၊ အစွမ်းအားကြောင့်၊
ဓာတ်သားဓာတ်ရုပ်၊ အကောင်ပုပ်၊
မုချသေဆုံးတတ်သည်တကား၊
ဤကိုယ်ခန္ဓာ၊ နာရောဂါ၊ များစွာဆက်ဆံချေတကား၊
ကိုးဆယ့်ခြောက်ဖြာ၊ နာရောဂါကြောင့်၊
ခန္ဓာဤကိုယ်၊ အမှန်ကို၊
ယွင်းယိုပျက်စီးနိုင်သည်တကား၊
မှတ်တိုင်စက်ဝယ်၊ မြားသွယ်သွယ်၊
တကယ်ကျရောက် ပျက်စီးလေသည်တကား၊
ရောဂါသွယ်သွယ်၊ ဤကိုယ်ဝယ်၊
တကယ်ကျရောက်၊ ပျက်စီးတတ်သည်တကား။

(သံ၊၂၊၂၂။ထေရ၊၃၊၂၂၆၈။နေတ္တိ၊၃၄၈။နေတ္တိ၊ဝိ၊၆၆)



၂၄။ ရုပ်နာမ်နှစ်ဖြာ၊ သက်ခန္ဓာ၊ မှန်စွာအားမရှိပါချေတကား၊
ရုပ်နာမ်နှစ်ဖြာ၊ သက်ခန္ဓာ၊
လွှန်စွာ အားနည်းလှချေ၏တကား၊
ထွက်သက်ဝင်သက်၊ လေးချက်ဣရိယာ၊ အစဖြာ၊
မှန်စွာ စပ်၍နေ၏တကား၊
ခဏချက်ချင်း၊ ကာလတွင်း၊
ရုတ်ချည်း သေနိုင်ပေသည်တကား။

(ဝိသုဒ္ဓိ၊ ၁၊၁၂၂၈)

၂၅။ လောကဇာတ်ခုံ၊ ကြုံလာဖြစ်လာ၊ သတ္တဝါကား၊
ဖျားနာရောဂါ၊ တဖြာသက်ရှင်၊ ထို့ပြင်တပါး၊
ကင်းကြဇီဝ၊ သေရာကာလ၊ ပစ်ချခန္ဓာ၊ လားရာဌာန၊
ဘဝဟူသည်၊ ဤငါးလီကား၊ မှတ်သားမရှိ၊
မသိနိုင်ပါ၊ ခန္ဓာငါးဝ၊ အနိစ္စပါတကား။

(ဝိသုဒ္ဓိ၊၁၊၁၂၂၈။ သံ၊၃၊၁၊၃၉။ ဇာ၊၃၊ ၅၂)

၂၆။ ခုခေတ်ကြုံရ၊ လူလောက၊ တိုလှသက်ဇီဝါ၊
အသက်ဝိညာဉ်၊ သူတော်စင်၊ မှန်ပင်ရှု့ချပါ၊
ခေါင်းမီးလောင်ကြား၊ ပုဂ္ဂိုလ်လား၊ တရားကျင့်လေပါ၊
သေမင်းမလားရာ၊ ရုပ်ဒေသာ၊ မှန်စွာမရှိပါ။

(သံ၊၁၊၁၃၄)

www.burmeseclassic.com

www.burmeseclassic.com



၂၇။ ရွှေငွေရတနာ၊ ဥစ္စာများပြောင်၊ သုံးဆောင်ဖွယ်ရာ၊
ဖြာဖြာစည်းစိမ်၊ အိမ်မှာနေရစ်၊ စင်စစ်တံထွာ၊
ခမ္မတာတည်း၊ ကြင်နာလှစွာ၊ လွန်စွာချစ်ငြား၊
သမီးသားနှင့်၊ ဇနီးချစ်ခင်၊ အကြင်လင်လည်း၊
မှန်ပင်မုချ၊ နောက်ကမပါ၊ ဇကန်သာတည်း၊
ဖန်ခါဆည်စု၊ မိမိပြုသည့်၊ ကောင်းမှုမကောင်းမှု၊
အလုပ်စုသာ၊ နောက်ကပါသည်၊
ကံသာကိုယ်ပိုင် ဥစ္စာတည်း။

(ကဝိဒမ္ပဏနီတိ၊ ၃၅-ဂါထာ)

၂၈။ အရှည်မကြာ၊ ကိုယ်ခန္ဓာကား၊ တရားအနှစ်၊
ကိုယ်၌ဖြစ်သား၊ ပြန်စက်နှိုင်းလျော်၊ ကျေးဇူးသော်မူ၊
ကျူးကျော်ကုန်ခမ်း၊ ကမ္ဘာလွှမ်းသည်၊ ဥဒါန်းမကျေ၊
လူပြည်နတ်ရပ်၊ ပုံတင်ထပ်လိမ့်။

(ဝိဓူရပျို့)

၂၉။ ပေါင်းဆုံကြရ၊ တနေ့ကျ၊
ကွဲရခြင်းအဆုံးရှိစွတကား၊
သင်္ခါရဥသုံ၊ အလုံးစုံ၊ အကုန်မမြဲတကား၊
ဝိညာဉ်ဆင်လင်း၊ သက်ရှည်ခြင်းကား၊
သေခြင်းနောက်ဆုံး ရှိ၏တကား။



၃၀။ ဇွဲလာသန္ဓေ၊ နေလေတုံက၊ မရဏနှင့်၊ မုချဧကန်၊
ကြုံရမှန်၏၊ ဖန်ဖန်နဲနဲ၊ ဆင်းရဲဒုက္ခ၊ မုချမလွဲ၊
ကြုံရမြဲတည်း၊ ဖွဲ့စည်းခံရ၊ သတ်ခံရနှင့်၊
များပြားစွာလှ၊ ဥပဒ္ဒဝလည်း၊ မုချပုံသေ၊
ကြုံရလေသည်၊ သန္ဓေဇာတိ ကြောက်ဖွယ်တည်း။

(သံ၊၁၊၁၃၃)

၃၁။ ဇရာမီးလောင်၊ လွန်တောက်ပြောင်၊
သေအောင်ဆောင်ပို့သည်၊
အသက်ရှင်ရာ၊ ချိန်အခါ၊ လွန်စွာနည်းလှပါသတည်း၊
မသေဖို့ရာ၊ အားကိုးစရာ၊ ဘယ်မှာမရှိပြီ၊
တရားကျင့်ကာ၊ အားကိုးရာ၊ မှန်စွာပြုရမည်။

၃၂။ နံနက်စသား၊ ကာလများ၊ လွန်သွားခဲ့လေပြီ၊
သုံးယံပိုင်းခြား၊ ညဥ့်အများ၊ လွန်သွားခဲ့လေပြီ၊
နောက်နောက်အရွယ်၊ ရှေ့အရွယ်၊ စွန့်ပယ်ခဲ့လေပြီ၊
သေရန်ချိန်ခါ၊ လွန်များစွာ၊ နီးလာခဲ့လေပြီ။

၃၃။ သတ္တဝါဥသုံ၊ အလုံးစုံ၊ အကုန်သေခြင်း
သဘောရှိချေ၏၊
ဝိညာဉ်တင်းလင်း၊ အသက်ရှင်ခြင်း၊
သေခြင်းနောက်ဆုံးရှိချေ၏၊

www.burmeseclassic.com

www.burmeseclassic.com



မိမိပြုဖန်၊ ကံအလျောက်၊ လားရောက်ရခြင်းရှိချေ၏၊
ကောင်းမှုပြုမှု၊ လူ့ရပ်နတ်ထံ၊ စုန်ကာဆန်၊
ဖြစ်ရပ်မှန်လှပေ၏။

(သံ၊၁၊၉၈။ နေတ္တိ၊ရ၉။ ပေဋကော၊၁ရ၄)

၃၄။ အများသူငါ၊ ရှုမှတ်ပါလော့၊ ရှစ်ဖြာလောကဓံ၊
မှန်တိုင်းဒဏ်ကြောင့်၊ ဖောက်ပြန်မရှိ၊ တာဒိဂုဏ်ပိုင်၊
သုံးဆိုင်လောကဓာတ်၊ ဆရာမြတ်တဆူ၊
သယမ္ဘူတည့်၊ စံတူမရှိ၊ တိဝိသဋ္ဌ၊ ဂုဏ်ပေါင်းခသည့်၊
တထာဂတမည်၊ ဘွဲ့တော်ချီသား၊ ဆယ်ပါးအားအင်၊
လောက်ငပြည့်ဝ၊ သမ္ဗုဒ္ဓလည်း၊ မုချဧကန်၊
နိဗ္ဗာန်ပြည်ခွင်၊ ဝင်ရတုံ၏၊ တေဘုမ္မက၊
သင်္ခါရသည်၊ မုချဆက်ဆက်၊ ပျက်ခြင်းသဘော၊
ရှိချေသည်တကား။

(ဒီ၊၁၊၁၂၉။ သံ၊၁၊၁၆၁)

၃၅။ သင်္ခါရဥသုံ၊ အလုံးစုံ၊ အကုန်လုံးမမြဲပါတကား၊
ဖြစ်လာသမျှ၊ သင်္ခါရ၊ မုချပျက်ခြင်းရှိချေသည်တကား၊
ရုပ်နာမ်နှစ်ဝ၊ ဖြစ်သမျှ၊ မုချချုပ်ခြင်းရှိတကား၊
ရုပ်နာမ်ချုပ်ရာ၊ နိဗ္ဗာန်သာ၊
မှန်စွာချမ်းသာပေစွတကား။



သင်္ခါရဥသုံ၊ အလုံးစုံ၊ အကုန်ဆင်းရဲပေတကား၊
သင်္ခါရဆို၊ များထိုထို၊ အလိုမလိုက်၊
အကြိုက်မပါ ကုန်စွတကား။

(ဒီ၊၂၊၁၂၉။ သံ၊၁၊၁၆၀။ ထေရ၊၃၆၃။ အပ၊၁၊ရ၀)

၃၆။ သင်္ခါရဘဲ၊ မမြဲအင်ကို၊ ပညာဖြင့်ဆင်၊ ရှုမြင်လေက၊
ခန္ဓာငါး၀၊ အနတ္တဖြစ်အင်၊ ပညာဖြင့်ဆင်၊ ရှုမြင်လေက၊
ဝဋ်ဒုက္ခကြီး၊ ငြီးငွေ့မုန်းတာ၊ စိတ်ပျက်ကာ၊
မှန်စွာကိလေသာ၊ စင်ကြယ်ကြောင်းပေတည်း။

(ဓမ္မပဒ၊၅၃။ ကထာဝတ္ထု၊၃၅၈။ ထေရ၊၃၁ရ)

၃ရ။ သူတော်စင်များ၊ စဉ်းစားပါလော့၊ မှန်စွာဧကန်၊
သေရန်ကာလ၊ မုချပိုင်ပိုင်၊ မသိနိုင်ဘူး၊ ယခုအနေ၊
ကိလေသာဆိုး၊ ပယ်ချိုးနှိမ်ဖို့၊ မျိုးမျိုးထွေပြား၊
လုံ့လအားကို၊ ကြိုးစားမယုတ်၊ ပြုလုပ်ပါလော့၊
လောကအတွင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့တွေ၊
မသေနိုင်ရေး၊ ရက်ချိန်းပေးခြင်း၊ တံစိုးနှင်းမှု၊
ခုခံမှုဟု၊ အစုစုမှာ၊ မှန်စွာမရှိနိုင်ပါချေတကား။

(မ၊၃၊၂၂၆၊၂၂၉။ အပ၊၂၊၁၆၂။ နေတ္တိ၊၁၂၀)

၃၈။ အိုသူတော်စင်၊ နားဝယ်ဆင်လော့၊ အပြောကျယ်စွာ၊
သံသရာကား၊ ဘယ်ခါဘယ်က၊ ဘယ်သူမယက၊

www.burmeseclassic.com

www.burmeseclassic.com



စ၍ဖြစ်အင်၊ စတင်သည်ဟု၊ မည်သူတဦး၊
မသိဘူးတည်း၊ အထူးကြပ်မတ်၊ သတိချပ်လော့၊
တကပ်တကမ္ဘာ၊ ဤမှာမှာလျှင်၊ ဆက်ကာပြတ်ကြွေ၊
သေရဖန်ခါ၊ သတ္တဝါ၏၊ များစွာမျိုးမျိုး၊
အရိုးတွေကား၊ တောင်ဝေပုလ်မျှ၊ ကြီးမားလှ၏၊
ဇာတိရှိက၊ ဇရာဝမ္မ၊ မရဏတို့၊ မုချစင်စစ်၊
ဆက်၍ဖြစ်ရာ၊ ဇာတိပြတ်မှ ငြိမ်းမည်တည်း။

(သံ၊၁၊၃၉၃)

၃၉။ အများသူငါ၊ ရှုဖွယ်ရာကား၊ လေးဖြာဓာတ်ခို၊
ကိုယ်ကာယကား၊ ဇီဝိတနှင့်၊ ဥသ္မာဝိညာဉ်၊
စွန့်သည်တွင်မှ၊ များဖြင်သောင်းသောင်း၊
ဆွေမျိုးပေါင်းတို့၊ အလောင်းကောင်ကို၊
ဆောင်ယူမချီ၊ ထမ်းကုန်ကြ၍၊ သုသာန်စတွင်၊
စွန့်ပစ်ကြသဖြင့်၊ များလှထွေပြား၊ ပိုးလောက်များနှင့်၊
ခွေးများကျီးများ၊ လင်းတများတို့၊ စားကြဆွဲကြ၊
ကိုက်ဆွဲကြ၏၊ မုချမှန်လှ၊ ဤကာယကား၊
သာရအနှစ်၊ ကင်းတုံလစ်၏၊
စင်စစ်မုချ၊ လူ့ဗာလတို့၊ ခင်ကြမင်ကြ၊
ရခဲစွာလှ၊ လူ့ဘဝကို၊ ကောင်းစွာရခိုက်၊
လုံ့လစိုက်၍၊ အားတိုက်ကြိုးကုတ်၊



တရားအလုပ်ကို၊ မယုတ်တိုးပွား၊
ကြိုးစားစေချင်၊ စာတမ်းတင်သည်၊
အစဉ်နောက်နောင်ရှုဖွယ်တည်း။

(သံ၊၂၊၁၁၈)

၄၀။ ဇာတိဆက်ကာ၊ ဖြစ်လာကြုံသော၊ သတ္တဝါကား၊
ရောဂါမျိုးစုံ၊ ကြုံတွေ့ရခြင်း၊ အိုရခြင်းနှင့်၊
လွန်စွာဆင်းရဲ၊ မလွဲပုံသေ၊ သေရခြင်းလျှင်၊
အဆုံးတင်၏၊ ရှင်ပင်ဘုရား၊ ပုဂ္ဂိုလ်များနှင့်၊
ထူးခြားတုံလစ်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများလည်း၊
မလွဲနိစ္စ၊ သေကုန်ကြ၏၊ တွေးဆမြော်မြင်၊
ပညာရှင်သည်၊ အစဉ်ထာဝရ၊ အပ္ပမာဒတရား၊
ပွားများ ဆင်ခြင်ရာသတည်း။

၄၁။ မအိုပါရန်၊ အာမခံ၊ ကေန်မရှိပြီ၊
မဖျားပါရန်၊ အာမခံ၊ ကေန်မရှိပြီ၊
မိမိပြုစု၊ အကုသိုလ်ကံ၊ ကျိုးမသန်အောင်၊
ကံဆောင်ပြုမူ၊ စွမ်းနိုင်သူ၊ ဘယ်သူမရှိပြီ၊
ဒါနသီလ၊ ဘာဝနာဟု၊ အစုစုကို၊
ပြုလုပ်ကျင့်ရမည်။

(အံ၊၁၊၄၉၁၊ ပါဋ္ဌိဘောဂသုတ် ချုံးရေးသည်)

www.burmeseclassic.com

www.burmeseclassic.com



၄၂။ မခွဲချင်အောင်၊ လွှန်လျှင်နှစ်သက်၊
စိတ်ခါတ်စွဲဘိ၊ ချစ်ကြိုးငြိသည့်၊
မိဘသားချင်း၊ ဆွေမျိုးရင်းချာ၊ ဉာတကာတို့၊
များဖွာပွားစီး၊ သားသမီးနှင့်၊
ဖွံ့စည်းယှက်မြွေး၊ မြေးမြစ်စသည်၊ လီလီဖုံဖုံ၊
ဥဿုံသချာ၊ ပေါင်းများစွာနှင့်၊ ခွဲခွာတုံလျှင်း၊
သေရခြင်းကား၊ မယွင်းမုချ၊ လွှန်မြဲလှသည်၊
လောကဓမ္မတာ လမ်းစဉ်တည်း။

၄၃။ ဘေးရန်အန္တရာယ်၊ အသွယ်သွယ်၊
တကယ်များလှသည်၊
မြွေကင်းကိုက်ကာ၊ မြန်မကြာ၊ မှန်စွာသေနိုင်သည်၊
ချော်လဲ၍လည်း၊ ရုတ်ခနဲ၊ မလွဲသေနိုင်သည်၊
သည်းချေပျက်ကာ၊ မြန်မကြာ၊ မှန်စွာသေနိုင်သည်၊
သလိပ်ရောဂါ၊ စွဲကပ်လာ၊ မှန်စွာသေနိုင်သည်၊
လေဖြတ်လျှင်လည်း၊ ရုတ်ခနဲ၊ မလွဲသေနိုင်သည်၊
မနာမီက၊ မြတ်ဓမ္မ၊ ကျင့်မှသင့်တော်မည်၊
မအိုမီက၊ မြတ်ဓမ္မ၊ ကျင့်မှသင့်တော်မည်၊
မသေမီက၊ မြတ်ဓမ္မ၊ ကျင့်မှသင့်တော်မည်။

(သံ၊၂၊ဒုတိယ၊ မရဏသုတ် ချုံးရေးသည်)



၄၄။ မြေရေလေမီး၊ ဘုတ်ကြီးလေးခု၊ တိုင်ခြေပြုထ၊
ရိုးစုသားစု၊ သွေးစုတပ်ဆင်၊ ဒိုင်းမြားတင်လျက်၊
ပြုပြင်စီမံ၊ တလံပမာဏ၊ ဤကာယကား၊
ခဏသာတည်း၊ တာမရှည်ဘူး၊ ဘယ်ဆီဘယ်မှ၊
နှစ်မရသည့်၊ သာရနှစ်ကင်း၊ ထင်းတုံတမူ၊
အလားတူ၏၊ ကုန်းမှုဆိတ်ည်း၊ မြေသုသာန်၌၊
ဧကန်စင်စစ်၊ စွန့်ပစ်ရသည်၊ အနိစ္စဝတ၊
သင်္ခါရတည်း။

၄၅။ မျိုးစုံထူးဆန်း၊ ပန်းများသွယ်သွယ်၊ ရွေးချယ်သူသွင်၊
ငါးအင်အာရုံ၊ ကာမဂုဏ်၌၊ ခုံမင်တပ်လျှင်း၊
သတ္တဝါခပင်းကို၊ သေမင်းရာဇာ၊ ညှဉ်းပမ်းကာဖြင့်၊
ခေါ်ယူသွားသည်၊ တရားသံဝေ ရဖွယ်တည်း။

(ဓမ္မပဒ၊၂၀)

၄၆။ အိုသူတော်စင်၊ ဆင်ခြင်ပါလော့၊ ဤခါကာလ၊
သမယကား၊ ဘုရားမြတ်စွာ၊ သာသနာသည်၊
သာသနာရောင်၊ တောက်ပြောင်ထိန်လင်း၊
လင်းလက်နေ၏၊ သံဝေတရား၊ ပွားများရှုရန်၊
ချိန်ကောင်းမှန်၏၊ သေရန်အရေး၊ တွေးတောသက်ဝင်၊
ရှုစေချင်၏၊ ကောင်းကင်ရောက်လည်း၊ မဖော်မှန်စွာ၊

www.burmeseclassic.com

www.burmeseclassic.com



မလွန်ရာတည်း၊ ဘယ်မှာနေနေ၊ မသေသသူ၊
မရှိဟူ၏၊ လိုဏ်ဂူတောင်စောင်း၊ ခိုမှီအောင်းလည်း၊
လွတ်ကြောင်းမရှိ၊ ဂမ္ဘီနက်ကျယ်၊ ပင်လယ်မချော်၊
နေပြန့်ပါလည်း၊ မှန်စွာဆက်ဆက်၊ လွတ်ထွက်မရှိ၊
သေကုန်ဘိ၏၊ လီလီကြောက်စရာ၊
စဉ်းစားကာဖြင့်၊ ဘာဝနာအလုပ်၊ မဟုသာဟာ၊
ဖွဲလုံ့လဖြင့်၊ မုချအားသစ်၊ ကုန်ရာသတည်း။

(ဓမ္မပဒ၊ ၃၂)

၄၇။ လေးပါးဓာတ်ခို၊ ဤသည့်ကိုယ်၊
အိုခြင်းသဘော ရှိချေ၏၊
ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါ၊
စုဝေးရာလည်းဖြစ်ချေ၏၊
ဖရိုဖရဲ၊ အနဲနဲ၊ ပျက်စဲတတ်ချေ၏၊
ဒွါရကိုးဖြာ၊ ပုပ်ရည်ပြာ၊ စက်ဆုပ်စရာဖြစ်ချေ၏၊
အသက်ရှင်ရ၊ ဧကန္တ၊ သေရနောက်ဆုံးရှိချေ၏။

(ဓမ္မပဒ၊၃၅)

၄၈။ ဝန်းကျင်ပတ်ခြံ၊ အလျှံညီးညီး၊ မီးပုံကြီးနှယ်၊
ကြောက်ဖွယ်ကောင်းလှ၊ မရဏနှင့်၊ ဇရာဓမ္မ၊
ထိုမှတချက်၊ ဗျာဓိစက်တို့၊ ဆက်ဆက်ရောက်က၊



မုချဧကန်၊ တွန်းလှန်ဖို့ရန်၊ အားခွန်မရှိ၊ အတိဒုက္ခ၊
ကြီးမားလှ၏၊ ဒေသရပ်ဝေး၊ ပြေး၍လွတ်ကြောင်း၊
ထုံးဟောင်းတစ်၊ မရှိဧကန်၊ စင်စစ်မှန်သည်၊
နိဗ္ဗာန်ရောက်မှလွတ်မည်တည်း။

(ထေရဂါထာ၊၂၈၉)

၄၉။ စက်ဆုပ်စဖွယ်၊ ရွံစဖွယ်၊ ဟယ် ဟယ် သင်္ခါရ၊
ဖြစ်ချည်ပျက်ချည်၊ မတည်ကြည်၊ လော်လီ သင်္ခါရ၊
အနှစ်သာရ၊ ရှာမရ၊ ညံ့လှ သင်္ခါရ၊
ငှက်ပျောတုံးသွင်၊ ပမာထင်၊ ဟင် ဟင် သင်္ခါရ၊
မျက်လှည့်ရုပ်တမူ၊ အလားတူ၊ သုံးယူမရ သင်္ခါရ၊
အချိန်ကာလ၊ တိုတောင်းလှ၊ ခဏ သင်္ခါရ၊
ဖြစ်ချည်ပျက်ချည်၊ မြဲမတည်၊ ချာလည် သင်္ခါရ၊
သင်္ခါရကင်းရာ၊ အမတာ၊ မှန်စွာမြတ်သုခ။

(အပ၊၂၊၂၂)

၅၀။ ရှုချင်စဖွယ်၊ တင့်တယ်လှပ၊ ပျိုနုကြ၊
အိုရနောက်ဆုံး ရှိချေ၏၊
ပြုပြင်ယုယ၊ ဤကာယ၊ ရွံစရာမုချ ဖြစ်ချေ၏၊
ကျန်းမာရှင်ပြ၊ ဤကာယ၊ သေရနောက်ဆုံးရှိချေ၏၊
လှုပ်လှုပ်ရွရွ၊ သက်ရှင်ကြ၊ သေရနောက်ဆုံးရှိချေ၏။

www.burmeseclassic.com

www.burmeseclassic.com



၅၁။ သူနိုင်ငါနိုင်၊ အပြိုင်ပြုကြ၊ တိုက်ခိုက်ကြသည့်၊
ဗလအားအင်၊ စုံလင်ပြည့်ငြား၊ ထိုသူများလည်း၊
မမှားပုံသေ၊ အိုကြပေ၏၊ မမှားပုံသေ၊ နာကြပေ၏၊
ထွေထွေပြားပြား၊ အားလုံးရှိကြ၊ အန္တသတ္တဝါ၊
ပေါင်းများစွာတို့၊ ဇာတိဘယ၊ ဇရာဘယ၊
နှိစ္စဆက်ဆက်၊ နှိပ်စက်မှုဒဏ်၊ ကေန်မုချ၊
ခံကြကုန်၏တကား။

၅၂။ ဆင်မြင်းရထား၊ ခြေသည်အားဖြင့်၊ လေးပါးဥသုံ၊
ပြည့်စုံတုံလစ်၊ စစ်သည်များနှင့်၊ အားစွမ်းကြီးမြောက်၊
ကြောက်ဖွယ်ကြီးများ၊ မင်းအများကို၊
ထွားထွားညက်ညက်၊ တိုက်ဖျက်ခွင်းဖြို၊ အစွမ်းပိုလည်း၊
ကြမ်းတမ်းလွန်လျှင်၊ သေမင်းကိုကား၊ မညှဉ်းပမ်းနိုင်၊
မတိုက်နိုင်ဘဲ၊ လက်မှိုင်ချကာ ရှုံးကြရာ၏။

၅၃။ ခွန်အားကြီးမား၊ ဆင်တပ်များနှင့်၊ အားအင်စုံလင်၊
မြင်းတပ်များတည်း၊ ရထားတပ်ပြင်၊ ခြေလျင်တပ်များ၊
ဝိုင်းထားသည့်ကြား၊ ကံအားအလျောက်၊
လွတ်မြောက်လေလည်း၊ သေမင်းလက်မှ၊
လွတ်မြောက်ခြင်းငှာ၊ မတတ်သာသည်၊
များစွာသံဝေ ဖြစ်ဖွယ်တည်း။



၅၄။ ခွန်အားကြီးမား၊ ဆင်တပ်များနှင့်၊ အင်အားစုံလင်၊
မြင်းတပ်များသည်၊ ရထားတပ်ပြင်၊ ခြေလျင်တပ်များ၊
များအပြားဖြင့်၊ တပါးတိုင်းခွင်၊ အောင်မြင်ရရန်၊
သိမ်းနိုင်ရန်ဟု၊ ကေန်မမှား၊ စွမ်းနိုင်ငြားလည်း၊
သနားမဲ့ကင်း၊ သေမင်းမိုက်ကို၊ တိုက်ခိုက်နိုင်ရန်၊
အောင်နိုင်ရန်၊ ကေန်မိမိ၊ ဘယ်မရှိသည်၊
သတိပညာပြည့်စေသော်။

၅၅။ မျက်စိ သို နား၊ ရပ်သုံးပါးက၊ ထွက်ကျသွင်သွင်၊
မုန်ယိုဆင်ကား၊ လွန်လျှင်ကြီးမား၊ မြို့ရွာများနှင့်၊
သနားစရာ၊ သတ္တဝါကို၊ ညှာတာမဲ့လျှင်း၊
သတ်ဖြတ်ညှင်း၏၊ သေမင်းကိုမူ၊ မညှဉ်းဆဲနိုင်၊
မသတ်နိုင်သည်၊ လက်မှိုင်ချ၍ ရှုံးရသတည်း။

၅၆။ ဆရာ့လက်ထပ်၊ တတ်မြောက်လေပြီ၊
လေးသမားကြီးနှင့်၊ မမှားချွတ်ယွင်း၊
သတ်မှတ်သည့်တိုင်း၊ မဆိုင်းပစ်နိုင်၊
လေးတတ်ပိုင်သည့်၊ ပြိုင်ဘက်ကင်းပြီး၊
လေးဆရာကြီးတို့၊ ထန်သည်းအားအင်၊
လွန်လျင်စုံလျှင်း၊ သေမင်းကိုကား၊ မြားစွမ်းပြ၊
လက်လျှော့ရသည်၊ ရှော့ကြောက်ဖွယ်သေမင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



၅၇။ အနဝတတ္တ၊ စသည့်သချာ၊ အိုင်များစွာနှင့်၊
သမုဒ္ဒရာပင်လယ်၊ အသွယ်သွယ်လည်း၊
ပျက်စီးချိန်ရောက်၊ မဖောက်ဧကန်၊ အမှန်မုချ၊
ပျက်စီးရ၏၊ တင့်လှသာမော၊ တောတောင်ထိုထို၊
မြိုင်ညိုစိမ့်စမ်း၊ ဆန်းလှကျက်သရေ၊
ဤမြေသည်လည်း၊ ဧကန်မုချ၊ ပြိုကွဲလေရ၊
ပျက်စီးရ၏၊ သင်္ခါရဥသုံ၊ အလုံးစုံသည်၊
ကုန်ဆုံးပျက်စီး၊ အချည်းနှီးသဘော ရှိစွတကား။

၅၈။ ငယ်ငယ်ကြီးကြီး၊ ရွယ်အကြီးတို့၊ အပြီးနှမ်းလျ၊
ကြွေကျသောနယ်၊ အရွယ်ငယ်သူ၊ ကြီးသူဖြစ်ကြ၊
မိန်းမများနှင့်၊ ယောက်ျားများဟူ၊ ဥဘတောပဏ္ဍုတ်၊
သမုတ်ခေါ်ရိုး၊ ပုဂ္ဂိုလ်မျိုးတို့၊ အရိုးမြေကျ၊
သေဆုံးရ၏၊ လောကအလယ်၊ ဘယ်ပုဂ္ဂိုလ်မှ၊
မနေရဘူး၊ မုချဧကန်၊ သေရမှန်၏၊
သံဝေပွားရှု ဆင်ခြင်လော့။

၅၉။ အို သူတော်စွာ၊ စဉ်းစားပါလော့၊ သတ္တဝါအနန္တ၊
ဇီဝိတကား၊ ငြိမ်းစွာတာရှည်၊ တည်မနေခဲ့၊
သေသောက်ကြူးတွင်၊ သူဝတ်ဆင်ရိုး၊ ပုဆိုးကဲ့သို့၊
လွှန်လှုပ်တုံ၏၊ တဖုံဖန်ဆန်း၊ ကမ်းနားတွင်၌၊



သစ်ပင်တရတည်၊ ဤဇီဝိတ၊ လှုပ်ရှားလှ၏၊
ကာလမကြာ၊ ဤခန္ဓာကား၊ မှန်စွာ အနိစ္စပါတကား၊
မှန်စွာ ဒုက္ခပါတကား၊ မှန်စွာ အနတ္တပါတကား။

၆၀။ ဇရာတရား၊ ကြောက်ဖွယ်များကို၊ စဉ်းစားသက်ဝင်၊
ရှုဆင်ခြင်လော့၊ ကောင်းကင်ပြင်သွား၊ ရထားယာဉ်သာ၊
လပမာသို့၊ ဤကာယကိုယ်၊ မှန်ကိုယ်မဟုတ်၊
သတိချုပ်၍၊ အဟုတ်ထင်ရန်၊ ဆင်ခြင်ဉာဏ်ဖြင့်၊
တန်တန်ရှုသည့်၊ သတိပိုလော့၊ အိုခဲ့ယွင်းယို၊
ဤကိုယ်ကိုယ်ကား၊ မျိုးရိုးတစိ၊ ကြောင်းမရှိခဲ့၊
ကဲ့ရဲ့ဖွယ်ရာ၊ ဧကန်သာတည်း၊ ထိုပုဂ္ဂိုလ်မှာ၊
ကာမဂုဏ်ငါး၊ အာရုံများ၌၊ ခံစားပျော်မှု၊
သုခဟူသည်၊ မြူမျှမရှိ၊ အားအင်ချိသည်၊
ဃိလိကြောက်ဖွယ်ပါတကား။

၆၁။ မရဏတရား၊ လွှန်ဆိုးဝါးကို၊ မှတ်သားဆင်ခြင်၊
ဉာဏ်သက်ဝင်လော့၊ ဤတွင်လောက၊ ယက္ခတွင်ကြူး၊
ဘီလူးသတ္တဝါ၊ ပိသာစနှင့်၊ တဖြာမှတ်ပါ၊
ဖုတ်ပြိတ္တာတို့၊ များစွာပြောထူ၊ လူ့ခန္ဓာတွင်၊
ယုတ်မာစင်းစင်း၊ ပူးဝင်ကုန်တတ်၊ ညှဉ်းပမ်းတတ်၏၊
မှတ်သားပါလေ၊ သေမင်းကိုလျှင်၊ ပူးဝင်ညှဉ်းမှု၊
လျှင်းမပြုသည်၊ မစွသေမင်းကြောက်ဖွယ်တည်း။

www.burmeseclassic.com

www.burmeseclassic.com



၆၂။ လွန်စွာကြမ်းလှ၊ ယက္ခစွယ်ပြူး၊ ဘီလူးတွေနှင့်၊
မြေဘုတ်သတ္တဝါ၊ ပြိတ္တာများအား၊ ပြစ်မှားမှုထွေ၊
ကျေရာကျေကြောင်း၊ ခွင့်ပန်တောင်းမှု၊
ပြုလေသော်ကား၊ မမှားပုံသေ၊ စွမ်းနိုင်ပေ၏၊
သေမင်းသတ္တဝါ၊ လွန်ဆိုးစွာကို၊ မည်ဝါမည်သူ၊
စွမ်းနိုင်သူဟု၊ သုံးဆူလောက၊ ဘယ်သမယမှ၊
မုချဧကန်၊ မရှိမှန်သည်၊ ဧကန်သံဝေရဖွယ်တကား။

၆၃။ နည်းမျိုးမျိုးဖြင့်၊ ခိုးဆိုးတိုက်ဖျက်၊ နှိပ်စက်ညှင်းကာ၊
သတ်ဖြတ်ကာဖြင့်၊ ရာဇအာဏာ၊ မင်းအာဏာကို၊
လွန်စွာဖျက်ချိုး၊ လူဆိုးလူသွမ်း၊ လူသရမ်းကို၊
ဖမ်းစေဆီးစေ၊ ဖမ်းကြစေလျှင်း၊ အမင်းမင်းတို့၊
ထန်ပြင်းကြပ်ကြပ်၊ ဒဏ်တပ်ကြ၏၊ မရဏခေါ်လျှင်း၊
သေမင်းကိုကား၊ ဘယ်လိုအာဏာ၊ ထက်လှစွာလည်း၊
မင်းတပါးမျှ၊ ဒဏ်ထားခြင်းငှာ၊ မတတ်သာသည်၊
လွန်စွာကြောက်ဖွယ် သေမင်းတည်း။

၆၄။ မင်းဒဏ်သင့်ငြား၊ လူဆိုးများတို့၊ မင်းအားအမှန်၊
ခွင့်တောင်းပန်၍၊ ကျေရာကျေကြောင်း၊
စွမ်းနိုင်ကောင်း၏၊ သောင်းသိန်းမက၊
လောကအတွင်း၊ မှီတင်းကြသား၊ သတ္တဝါများအား၊



ချန်ထားမရှိ၊ ညှဉ်းသတ်ဘိလျှင်း၊ သေမင်းကိုမူ၊
မည်သူမည်ဝါ၊ မသေပါရန်၊ မသတ်ပါကြောင်း၊
ခွင့်တောင်းခြင်းငှာ၊ မတတ်သာခဲ့၊ သုံးဖြာခမ္မ၊ အဝဝကို၊
နိစ္စမမှား၊ ကြိုးစားကြရန်၊ တိုက်တွန်းပန်သည်၊
ဧကန်ကိုယ့်တွက် ကိုယ့်တာတည်း။

၆၅။ ထောက်ထားငဲ့ညှာ၊ ကရုဏာ၊ လွန်စွာကင်းလှသည်။
မစ္ဆရာဇာ၊ လွန်ယုတ်မာ၊
ကြောက်စရာကောင်းလှသည်။
မင်းမျိုးကိုလည်း၊ မရှောင်လွှဲ၊ သူဘဲခေါ်ခဲ့သည်။
ပုဏ္ဏားမျိုးလည်း၊ မသနားဘဲ၊ သေပွဲဆောင်ခဲ့သည်။
ချမ်းသာသူအား၊ မထောက်ထား၊ သူကားညှဉ်းဆဲသည်။
အားရှိသူလည်း၊ မရှောင်လွှဲ၊ သူဘဲခေါ်ခဲ့သည်။
ဟန်ခိုးကြီးလည်း၊ မသနားဘဲ၊
သေပွဲရောက်အောင် ဆောင်ခဲ့သည်။

၆၆။ ခြသေ့်သစ်ကျား၊ သတ္တဝါများကား၊ ကြောက်အားပိုမို၊
ထိုထိုသတ္တဝါ၊ များလှစွာကို၊ ညှာတာကင်းလတ်၊
ကိုက်သတ်စား၏၊ ဆိုးဝါးလွန်မင်း၊ သေမင်းကိုကား၊
မသတ်စားနိုင်၊ မကိုက်နိုင်သည်၊
လက်မှိုင်ချရ စင်စစ်တည်း။

www.burmeseclassic.com

www.burmeseclassic.com



၆၇။ နတ်နတ်များစွာ၊ သတ္တဝါဟိန္ဒူ၊ ဗိုလ်လူများနှင့်၊
သားငှက်မြွေအား၊ သတ္တဝါများအား၊ ပျော်ပါးစဉ်မှာ၊
ရာဇာသေမင်း၊ ခေါ်ဆောင်လျှင်းသဖြင့်၊ ကွေကွင်းကြရ၊
သေဆုံးရသည်၊ ဓမ္မနာမ်ရုပ် အနိစ္စပါတကား။

၆၈။ အသက်အရွယ်၊ ပျိုနုနယ်လည်း၊ ရှောင်ဖယ်မရ၊
သေကုန်ကြ၊ မုချအနိစ္စပါတကား။
ယောကျ်ားမိန်းမ၊ အနန္တသတ္တဝါ၊ သေကြရာ၊
သချ်ာဂဏန်း မရှိပြီတကား။
အသက်ခေါ်ကြ၊ ဇီဝိတ၊
မုချအကျွမ်းမဝင်သင့်ပြီတကား။

၆၉။ မစ္စုခေါ်လျှင်း၊ ရှင်သေမင်း၊ မိတ်သင်းဖွဲ့၍မရပြီ။
လက်ဆောင်ပေးကာ၊ မသေပါ၊ မှန်စွာမရှိပြီ။
မစ္စုမည်လျှင်း၊ သေမင်းနှင့်၊ စစ်ခင်းနိုင်ရိုးမရှိပြီ။
သေမင်းကိုမူ၊ အောင်နိုင်သူ၊ ဘယ်သူမရှိပြီ။

(ဇာ၊၄၊၅၊၁၁၄)

၇၀။ အဆိပ်စွမ်းအား၊ လွန်များလှသည့်၊ အာသီဝိသ၊
ခေါ်တွင်ကြသား၊ မြွေဆိုးများတို့၊ အများသတ္တဝါ၊
လူများစွာကို၊ ညှာတာကင်းလတ်၊ ကိုက်သတ်ကြ၏၊
ယမခေါ်လျှင်း၊ မစ္စုမင်းကို၊ မညှဥ်းဆဲနိုင်၊



မသတ်နိုင်သည်၊ ယှဉ်ပြိုင်မရ သေမင်းတည်း။

၇၁။ မြွေဆေးကုကျော်၊ သမားတော်တို့၊ မြွေခေါ်မန္တန်၊
အတန်တန်နှင့်၊ ဖန်ဖန်မန်းမှု၊ ဆေးကုမှုဖြင့်၊
တခုမကျန်၊ အဆိပ်ဒဏ်ကို၊ ပယ်လှန်ပျောက်ရှင်း၊
ကင်းအောင်ပြုနိုင်၊ ကုသနိုင်၏၊ သုံးဆိုင်ဘုံကို၊
အကုန်ညှဥ်းသည့်၊ သေမင်းဆိပ်ကို၊
ဘယ်လိုဘယ်နှယ်၊ မပယ်ဖျောက်နိုင်၊ မကုနိုင်သည်၊
လက်မှိုင်ချရ သေမင်းတည်း။

၇၂။ မာယာကာရ၊ ခေါ်တွင်ကြသည့်၊ မျက်လှည့်အတတ်၊
ဘက်ကမ်းခတ်သား၊ မျက်လှည့်သမားတို့၊
လောကသားပေါင်း၊ များထောင်သောင်းကို၊
မကောင်းဆိုးစွာ၊ တတ်လိမ်ညာဖြင့်၊
လှည့်ကာပတ်ကာ၊ လှည့်ပတ်ကာပြု၊ တွေဝေမှုကို၊
ဂရုမမူ၊ သူပြုရက်၏၊ ရက်စက်ကြမ်းကြုတ်၊
သေမင်းယုတ်ကို၊ ဘယ်လိုဘယ်နယ၊ ပြုမရသည်၊
ကြောက်စရာကောင်း သေမင်းတည်း။

၇၃။ ဓမ္မန္တ ရီ၊ ဝေတ္တရဏီနှင့်၊ တလီဘောဇ၊
ကျော်စောကြသား၊ စွမ်းအားထက်လှ၊ မရဏမင်း၏၊
အဆိပ်ရှင်းကို၊ ပယ်ရှင်းသုတ်သင်၊ စွမ်းမထင်ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



သေပွဲသို့လျှင်၊ သူတို့ဝင်ခဲ့၊ ရှေးတွင်ရှည်ကြာ၊
ကမ္ဘာဆက်ဆက်၊ အထက်ကပင်၊ အားအင်စွမ်းခွန်၊
လွန်ကြီးမားလှ၊ မရဏ၏၊ ဝိသထန်ပြင်း၊
အဆိပ်ရင်းကို၊ ပယ်ခွင်းနိုင်သည်၊ မရှိဟူသည်၊
နိဗ္ဗူရောက်မှ ရှင်းနိုင်မည်တည်း။

၅၄။ မိုးပျံမြေလျှိုး၊ တန်ခိုးကဲပို၊ ဝိဇ္ဇာဓိုရ်တို့၊ ထိုထိုစွမ်းရည်၊
ထက်လှသည်ဟု၊ သုတိသညီ၊ ဂန္ဓာရီဖြင့်၊
ကိုယ်နှင့်မတူ၊ မဖြူသဘော၊ မနောမကောင်း၊
ရန်သူပေါင်းမှ၊ လွတ်ကြောင်းပိုင်ပိုင်၊ စွမ်းနိုင်သော်လည်း၊
သုံးဖော်လောက၊ မကျန်ရအောင်၊ မှန်စွသတ်ညှဉ်း၊
သေမင်းကိုလျှင်၊ မမြင်နိုင်အောင်၊ စွမ်းဆောင်နိုင်ခြင်း၊
လျှင်းမရှိသည်၊ စိစိဆင်ခြင် ကြောက်ဖွယ်တည်း။

၅၅။ ရုပ်နာမ်နှစ်ဝ၊ သင်္ခါရကား၊ ရှေးကသိမ်းဆည်း၊
ဖြစ်ပြီးမဟုတ်ဘဲ၊ အကြောင်းစွဲကာ၊ ပေါ်လာလေ၏၊
လျော်စွာအကြောင်း၊ အပေါင်းကြောင့်သာ၊
ဖြစ်ဖြစ်လာသည်၊ မှန်စွာရတ်တရက်၊
ချုပ်ပျောက်ပျက်၏၊ စက်စက်အသစ်၊ အမှန်ဖြစ်သည်၊
ဝီဏာစောင်းသံ တမူတည်း။

(အယောဃရဇာတ် ဂါထာများကိုမှီး၍ရေးသည်)



၅၆။ အသက်ခေါ်ကြ၊ ဇီဝိတနှင့်၊ အတ္တဘာဝ၊
သုခဒုက္ခ၊ ဤလေးဝကား၊ အတ္တနိစ္စ၊
လုံးဝမဖက်၊ သီးခြားသက်သက်ပါတကား။
စိတ်တချက်တချက်နှင့်သာ၊ ယှဉ်ပြိုင်ကာ၊
မှန်စွာဖြစ်ပေါ်လာ၏တကား။
သက်ရှည်ရာခဏ၊ လျှင်မြန်စွ၊
တိုတောင်းလှပေစွတကား။

(မဟာနိ၊၃၂၊၉၈။မ၊ဋ္ဌ၊၂။ဝိသုဒ္ဓိ၊၁၊၂၃၀။သံ၊ဋ္ဌ၊၁)

၅၇။ ကမ္ဘာကပ်ပေါင်း၊ ရှစ်သောင်းလေးထောင်၊
မြင့်ညှောင်းကြာတည်၊ သက်ရှည်ကြသည့်၊
နေဝသညာ၊ နေသညာ၊ ဗြဟ္မာတို့လည်း၊
လူများနည်းဟန့်၊ တချက်ခန့်မျှ၊ စိတ္တလက္ခဏာ၊
သက်ရှည်ကြသည်၊ မှတ်ကြစိတ်ဝယ်အမြဲတည်း။

(မဟာနိ၊ ၃၂၊၉၀။ ဝိသုဒ္ဓိ၊၂၊၂၆၀)

၅၈။ မသေခင်က၊ ချုပ်ပျက်ကြသည့်၊ နှစ်ဝရုပ်နာမ်၊
သေပြန်ကချုပ်၊ နာမ်ရုပ်နှင့်ကား၊ ခြားနားမရှိ၊
အပြီးတိုင်ပင်၊ ချုပ်ပျောက်စင်သည်၊
အစဉ်ရှုဖွယ် ဆောင်ပုဒ်တည်း။

၅၉။ ပျက်ပြီးပျက်မည်၊ နှစ်လီရုပ်နာမ်၊ ပျက်ပုံ[illegible]နှင့်၊

www.burmeseclassic.com



ထိုပြင်တရပ်၊ မှတ်ဆဲရုပ်နာမ်၊ ပျက်ပုံဟန်တို့၊
ကေန်လက္ခဏာ၊ မထူးပါလည်း၊
ကျမ်းလာအချုပ် ရှုမှတ်တည်း။

၈၀။ ရုပ်နာမ်နှစ်လီ၊ ပျက်လေပြီ၊ တည်ရာမရှိပြီ။
မဖြစ်သေးမှီ၊ တည်ကုန်ရုပ်နာမ်၊ ဤနှစ်တန်၊
ကေန် အစုအပုံ မရှိပြီ။
ဖြစ်ဆဲတရား၊ ရုပ်နာမ်များ၊
အပ်ဖျားမုန်ညင်းသဖွယ်တည်း။
တခဏသာတည်၊ ကြာမတည်၊
နှစ်လီရုပ်နာမ် မှတ်ဖွယ်တည်း။

၈၁။ ဖြစ်ဆဲရုပ်နာမ်၊ ဤနှစ်တန်ကား၊ ကေန်ပျက်မူ၊
ရှေးရှုပြု၏၊ တိတ်တရားစု၊ မရှုမနော၊
ပျက်သဘောတည့်၊ ကေန်ရှိသည်၊
သိသင့်သိဖွယ် ကဗျာတည်း။

(မဟာနိ၊၂၃၊၉၁။ ဝိသုဒ္ဓိ၊၂၊၂၆၀။ အနုဋီ၊၃၊၉၇)

၈၂။ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ မမြင်ရရာ၊ ရုပ်ဌာနာမှ၊
ဖြစ်လာပေါ်ကာ၊ ဖြစ်လာကြ၍၊ ပျက်စီးပြီးထ၊
သင်္ခါရလည်း၊ လုံးဝမှန်ပင်၊ မမြင်ရရာ၊ ဒေသရပ်ဝယ်၊
ချုပ်ကွယ်ပျောက်ကြ၊ ရောက်ကုန်ကြ၏၊



အာကာသလယ်၊ လျှပ်စစ်နယ်သို့၊
ဘယ်ဝယ်ဘယ်ဒေသ၊ ပင်ကိုယ်ကပင်၊ ဘာမျှမရှိ၊
မှန်တုံဘိလျက်၊ ဖြစ်ကြပျက်ကြ၊ ဖြစ်ပျက်ကြသည်၊
မြန်ကိုမြန်လှ သင်္ခါရပါတကား။

၈၃။ သတ္တဝါအနန္တ၊ ဇီဝိတကား၊ လွန်စွာလွန်စွ၊
တိုနည်းလှ၏၊ ဝဿသတာ၊ နှစ်တရာတွင်း၊
လွန်မင်းနုနယ်၊ ငယ်ကလလ၊ စသည့်ချိန်က၊
သေဆုံးကြ၏၊ ကာလချိန်ခါ၊ နှစ်တရာထက်၊
လွန်လျက်စွန်းကာ၊ သက်ရှည်ပါလည်း၊
ဇရာထောင်းလှ၊ များကမကြည်ဖြူ၊ ဆံဖြူသွားကြွေ၊
အရေတွန့်လိပ်၊ နှိပ်စက်ပြီးမှ၊ သေဆုံးရသည်၊
လက်စဇာတိ မူရင်းတည်း။

၈၄။ ညနေချမ်းဝယ်၊ အနယ်နယ်မှ၊ များလှသောင်းသောင်း၊
ငှက်ပေါင်းသချာ၊ ရေကန်သာသို့၊ မကြာခဏ၊
ဆုံမိကြသို့၊ မိဘနှင့်သား၊ သမားဆရာ၊
များစွာတပည့်၊ စရှိသောင်းသောင်း၊ လူအပေါင်းတို့၊
တိုတောင်းခဏ၊ ဆုံမိကြသည်၊ ဓမ္မသံဝေဂဖွယ်တည်း။

၈၅။ မိမိစိတ်ဓာတ်၊ မပြတ်ဖန်ခါ၊ နှီးဆော်ကာဖြင့်၊
ကိုယ်မှာကျမည့်၊ ဗျာဓိမရဏ၊ သောကစသား၊

www.burmeseclassic.com

www.burmeseclassic.com



တရားများကို၊ မခြားနေ့ည၊ မုချပြင်ပြင်၊
သတိယှဉ်ကာ၊ အစဉ်နိုးကြားကြစေသော်။

(ဟိတောပဒေသ ၁။၄–ဂါထာ)

၈၆။ ဘယ်သူမပြု၊ မိမိမှု၊ ရှုကြစမ်းပါလေ။
အနာရောဂါ၊ နှိပ်စက်တာ၊ မှန်စွာမိမိကံကြောင့်ပေ။
စိုးရိမ်သောက၊ ကြုံကြရ၊ မုချမိမိအပြစ်ပေ။
နှလုံးမရွှင်၊ ငြိုငြင်ပါရ၊ ပူပန်ရ၊ မုချမိမိကံကြောင့်ပေ။
ရေမီးမင်းခိုး၊ မျိုးမျိုးတွက်စစ်၊ မချစ်သသူ၊
မုန်းသသူကြောင့်၊ ဆူဝေသောက၊ ဓနဥစ္စာ၊
များစွာပြုန်းတီး၊ ပျက်စီးရ၊ မုချမိမိကံကြောင့်ပေ။
ဖော်ထုတ်ပြုပြီး၊ အသီးတို့မှာ၊ ခန္ဓာကိုယ်တွင်၊
သစ်ပင်ခိုင်ဖြိုး၊ အသီးစင်စစ်တို့သာတည်း။

(ဟိတောပဒေသ ၁။၄–ဂါထာ)

၈၇။ ဥစ္စာထွေထွေ၊ ခြေဝယ်ငြိတုံ၊ မြေမှုန်နှယ်တည်း၊
အရွယ်နုပျို၊ လှရှန်းစိုလည်း၊ စီးသွင်တုံလစ်၊
မြစ်ရေပမာ၊ တိုတောင်းစွာ၏၊ တဖြာအချက်၊
အသက်ရှင်ရာ၊ ချိန်အခါလည်း၊ ပမာရေပေါက်၊
မဖောက်တမူ၊ တူလှချေ၏၊ အာယုဆိုချက်၊
ကိုယ့်အသက်လည်း၊ ဆက်ဆက်သမုတ်၊



ရေမြှုပ်ပမာ၊ တူလှစွာ၏။

၈၈။ မြေရေလေမီး၊ ဘုတ်ကြီးလေးခု၊ တိုင်ခြေပြုထ၊
ဤကာယကား၊ မုချဆက်ဆက်၊ ပျက်စီးတတ်၏၊
ရပ်ရပ်သီးသီး၊ စည်းစိမ်ဥသုံ၊ ကုံလုံလောက်င၊
ပြည့်ဝခြင်းကား၊ ပျက်ပြားခြင်းတည့်၊ သဘောရှိ၏၊
မိဘသားချင်း၊ ဆွေမျိုးရင်းချာ၊ ဉာတကာတို့၊
ညီညာပေါင်းဆုံ၊ ကြုံကြိုက်ခြင်းကား၊
ကွေကွင်းကွဲကာ၊ အဆုံးသာတည်း၊
ဖြစ်လာသမျှ၊ သင်္ခါရကား၊
မုချပျက်ခြင်း သဘောရှိချေ၏။

(ဟိတောပဒေသ ၄၊၈၀–ဂါထာ)

၈၉။ သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသဟု၊ အစုမှန်လှ၊
ဤကာယကား၊ ခဏတိုင်းချည်း၊ ပျက်စီး၍နေ၊
ရေဝယ်တည်ရှိ၊ အိုးစိမ်း၏သို့၊ အဋ္ဌိမေကျ၊
ဆုံးကာလ၌၊ မုချထင်ရှား ပါသတည်း။

၉၀။ အို သူတော်များ၊ စဉ်းစားပါလော့၊ မှန်စွာမချွတ်၊
သတ်မည့်နွားပုံ၊ ဤဘုံလောက၊ ဖြစ်လာကြငြား၊
များသတ္တဝါ၊ သူသူငါတို့၊ မှန်စွာမပျက်၊
သေဘက်သို့သာ၊ နီးကပ်လာ၏၊ မြတ်စွာဗိနော်၊

www.burmeseclassic.com

www.burmeseclassic.com



ဟောမိန့်မှာထား၊ မြတ်တရားကို၊ မခြားနေ့ည၊
ပွားများကြ၍၊ ဘဝဝဋ်နှောင်၊ အချုပ်ထောင်မှ၊
လွတ်အောင်ကြိုးပမ်းကြစေသော်။

၉၁။ အသက်အရွယ်၊ နုနယ်ခြင်းလည်း၊ မမြဲအနိစ္စပါတကား။
ရုပ်ရည်အဆင်း၊ လှပခြင်းလည်း၊
မမြဲအနိစ္စပါတကား။
ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းလည်း၊
မမြဲအနိစ္စပါတကား။
စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေ၊ အထွေထွေလည်း၊
မမြဲအနိစ္စပါတကား။
အာဏာတန်ခိုး၊ စိုးရခြင်းလည်း၊
မမြဲအနိစ္စပါတကား။
ချစ်ခင်နီးရင်း၊ ပေါင်းသင်းခြင်းလည်း၊
မမြဲအနိစ္စပါတကား။

၉၂။ သမုဒ္ဒရာ၊ အတွင်းမှာဝယ်၊ နှစ်ဖြာပျဉ်ချပ်၊
ပေါင်းလတ်ပြီးကာ၊ ကွဲကွာပါသို့၊ သံသရာဘုံ၊
ကြုံလာဖြစ်လာ၊ သတ္တဝါတို့၊ ပေါင်းလာဆုံကြ၊
ကွဲကွာကြသည်၊ ဓမ္မအားသစ်ဖွယ်ပါတကား။

၉၃။ ခရီးသွားသူ၊ လုလင်ယောကျ်ား၊ ခိုဝင်နားကာ၊



မကြာဆက်လက်၊ ခရီးထွက်သွား၊ ပုံအလားသို့၊
များသတ္တဝါ၊ သံသရာတွင်၊ ကျင်လည်ရတုံ၊
ဖြစ်ကြရသည်၊ မှတ်ကြ ကဗျာဆောင်ပုဒ်တည်း။

၉၄။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊
ကွေကွင်းကွဲဖို့ အကြောင်းတည်း။
စွဲလာသန္ဓေ၊ တည်နေခြင်းကား၊
သေခြင်းမြဲသည် အကြောင်းတည်း။

၉၅။ ဒုက္ခဖုံဖုံ၊ ကြုံရတွေ့ရ၊ ယနေ့နက်ဖြန်၊ သေရန်စင်စစ်၊
ဖြစ်ပါတုံလျက်၊ လက်လွတ်တရား၊ ကျင့်ကြံပွားရန်၊
လားလားကေန်၊ မသင့်ပါပြီတကား။

၉၆။ အနန္တသတ္တဝါ၊ သက်ဇီဝါကား၊ ရေမှာရောက်ရှိ၊
လ၏ရိပ်သား၊ လှုပ်ချောက်ချား၏၊ အများသူငါ၊
ထိုခြင်းရာကို၊ ကောင်းစွာမိမိ၊ သိရှိ၍လျှင်၊
အစဉ်မကွာ၊ မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊
ဓမ္မတရား ကျင့်စဉ်သော်။

၉၇။ ရုပ်နာမ်ခန္ဓာ၊ သံသရာကား၊ မှန်စွာဆတ်ဆတ်၊
တံလှပ်၏သွင်၊ ပမာထင်၏၊ လျှင်မြန်ဆောစွာ၊
ပျက်စီးပါ၏၊ သို့တာသို့တွက်၊ သို့အချက်ကြောင့်၊
ဆက်ဆက်မုချ၊ မြတ်ဓမ္မကို၊ နိစ္စကျင့်ကြံကြစေသော်။

www.burmeseclassic.com

www.burmeseclassic.com



၉၈။ **အတိထိဂေဟာမှိ** – ညှော်သည်များစွာ လာရောက်တည်းခိုရာ၌၊
**အတိတီနံ** – ညှော်သည်တို့သည်၊
**သမာဂမော ယထာ** – အခိုက်အတန့်ပေါင်းဆုံမိခြင်းကဲ့သို့၊
**တထာ** – ထို့အတူ၊
**လောကမှိ** – လောကထဲ၌၊
**ဇနာနံ** – လူအပေါင်းတို့သည် (သတ္တဝါအပေါင်းတို့သည်)၊
**သမာဂမော** – ပေါင်းဆုံကြုံကြိုက်ရခြင်းသည်၊
**မုတ္တံဝ– မုတ္တဇေ** – နတ်ပြဟ္မာသက်နှင့် နှိုင်းစာပါက တအောင့်တခဏမျှသာတည်း။

၉၉။ ညှော်ဂေဟာဝယ်၊ ညှော်သည်များစွာ၊ ဆုံမိပါသို့၊ ခဏမကြာ၊ ဆုံရပါ၊ မြဲစွာသတိရှိစေသော်။

(အရှင်ကေလာသ၏ သံဝေဂလင်္ကာ ပြီး၏)



## လောကသာရပျို့

အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ သုံးပါးလက္ခဏာ၊
မချာအောက်မေ့၊ တစေ့စေ့လျှင်၊ အလေ့အလ၊
ကွပ်ဆုံးမ၍၊ ပဥ္စခန္ဓာ၊ ငါးဖြာနာမ်ရုပ်၊
ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟုန်သို့၊ ဖန်တလဲလဲ၊
ဝဋ်ဆင်းရဲကို၊ ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်၊
ရှိုးရေသဲတွင်း၊ ကြိမ်းစေမင်း။

(ပုဒ်ရေ–၁၀)

## မိုးကုတ်ဆရာတော်၏ဓမ္မသံဝေဂ

၁။ ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်ရောက်။
ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

၂။ ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊
ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း။

၃။ မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယလျှော့၊
အားအင်ပျော့ခါ၊ လွန်စွာယူမှား၊ ဤငါးပါး၊

www.burmeseclassic.com

www.burmeseclassic.com



တရားမင်္ဂဖိုလ်ဝေးလေသည်။

၄။ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျှော်စွာအကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်ဧကန်သာ။

၅။ ငါသည်မုချ သေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်။

## မိုးကုတ်ဆရာတော်၏ဩဝါဒကထာ

၁။ ခန္ဓာကိုယ်ဟာ မွေးကတည်းက အသေဘက်ကို ပြေးနေတယ်။

၂။ ဘယ်ဗေဒင်မှ မယုံကြနဲ့၊ ခန္ဓာက သူ့လမ်းသူပြေးနေတော့ မနေ့ကထက်ယနေ့ သေဖို့တစ်ရက်နီးသွားပြီဆိုတာ ယုံလိုက်ပါ။

၃။ ခန္ဓာ၏ဝတ္တရားက အသေရှာတာ၊ ဉာဏ်ဝတ္တရားက အသေရှောင်တာ။

၄။ ခန္ဓာကပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျမည်။

၅။ အသက်တမ်း ခပ်တိုတိုလေးမှာ ခပ်ခိုခိုလုပ်နေမယ်ဆိုရင် အသေစောသွားရင် ကိုယ်ကျိုးနည်းလိမ့်မယ်။

## အရှင်ဇနကာဘိဝံသ (ရန်ကုန်ချမ်းမြေ့ဆရာတော်)၏ အချိန်မရွေးနှင့် ဓမ္မသံဝေဂ

၁။ အိုဘယ့်လူသား၊ ငမိုက်သား၊ သင်ကားအဝိဇ္ဇာ၊ ပတ်ကာဖုံး၍၊ ငါးဖြာအာရုံ၊ ဒုက္ခပုံကို၊ အကုန်မမြင်၊ အကောင်းထင်ကာ၊ ခင်မင်တပ်မက်၊ တွယ်ကာဖက်လျက်၊ အောက်ထက်သံသရာ၊ စုန်ဆန်ကာဖြင့်၊ တဏှာလက်သယ်(သည်)၊ ထင်တိုင်းခြယ်၍၊ အေးတယ်မရှိ၊ ဆင်းရဲမိသည်၊ ဝဋ်၏သားကောင် လုံးလုံးတည်း။

၂။ ဝဋ်၏သားကောင်၊ ဒုက္ခဘောင်မှ၊ လွတ်အောင်ရုန်း၍၊ ချမ်းသာတွေ့ဖို့၊ မမေ့ရုပ်နာမ်၊ ဖြစ်ပျက်ဟန်ကို၊ အမှန်ဉာဏ်ညို၊ ဖြစ်တိုင်းသိလော့၊ ဝီရိယနှစ်တန်၊ ရှုံ့မြိုက်တန်ဖြင့်၊ ဆယ်တန်ကိလေ၊ လောင်ကျွမ်းကြေအောင်၊ မသေ မနာ မအို ပါခင်၊ တက်သုတ်နှင်လျက်၊ ဆောလျင်မြန်စွာ၊ ရှုံ့မြိုက်ပါလော့၊ နောင်ခါကာလ၊ ချိန်လွန်ရဟု၊ နောင်တ တကြီး၊ သင်မညည်းလင့်၊ ဇနီးမယား၊ သမီးသားနှင့်၊ အချိန်ရွေးကာ၊ သေဘေးသင့်ကို ဦးလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## သဒ္ဓမ္မရံသီဆရာတော်၏သံဝေဂလင်္ကာ

၁။ အိုရမည့်ဘေး၊ မရောက်သေး၊ မျှော်တွေးဆင်ခြင်ပါ။
မအိုသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။
အိုသောခါတွင်၊ တရားဝင်၊ အဆင်မပြေပြီ။
အိုသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။

၂။ နာရမည့်ဘေး၊ မရောက်သေး၊ မျှော်တွေးဆင်ခြင်ပါ။
သေသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။

## သဒ္ဓမ္မရံသီဆရာတော်၏သံဝေဂဆောင်ပုဒ်

၁။ စစ်သည်များပြား၊ သေမင်းအား၊
ချိန်းထားလက်ဆောင် မရှိပါ။

၂။ တွန်းလှန်နိုင်ကြောင်း၊ ဗိုလ်ပါအပေါင်း၊
စုဆောင်းထားခြင်း မရှိပါ။

၃။ ဒါကြောင့်တို့မှာ၊ နက်ဖြန်ခါ၊
ရှင်မှာသေမှာ ဧကန် မသိပါ။

၄။ ဒါကြောင့်နောက်နေ့၊ ရက်မရွှေ့၊
ယနေ့ပင်လျှင်၊ လှူဒါန်း အားထုတ်ပါ။



## တိပိဋကဘဒ္ဒန္တကောသလ္လ(ပြည်ဆရာတော်)၏
## ကုသိုလ်သာလျှင် သံဝေဂ

အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား၊ တိမ်တခဲနက်၊
ကြည့်ရင်းပျက်သို့၊ မျက်စိအောက်တွင်၊
လွင့်ပျောက်စင်၏၊ သင်္ခါရစက်၊ သူပိုင်နက်၌၊
ထက်မြက်သဒ္ဓါ၊ ကုသိုလ်သာလျှင်၊
ချမ်းသာတိုးပွား၊ ကောင်းကျိုးများမည်၊
ရောက်ပြားနိဗ္ဗာန် တိုင်အောင်တည်း။

## ရှင်အဂ္ဂသာမိ၏ (သုဝဏ္ဏသျှံပျို့မှ)
## လောကစံနောက် တကောက်ကောက်

၁။ ခိုင်ခိုင်ဖြိုးဖြိုး၊ စည်းစိမ်ကြီး၍၊ ညီးညီးဝင်းဝင်း၊
ခံစားခြင်းကား၊ ဆီးနှင်းကျသည် မျှသာတည်း။

၂။ နတ်နှင့်အတူ၊ စည်းစိမ်တူလည်း၊ လူ၏သတင်း၊
ကျော်ဇောခြင်းကား၊ နန္ဒင်းလှသည် မျှသာတည်း။

၃။ ရိပ်သာဆောင်းဆောင်း၊ တစ်ပင်ကောင်းသော်၊
တစ်သောင်းငှက်များ၊ နားသည်အတူ၊ သဲသဲဆူမျှ၊
မည်သူမပြိုင်၊ အခေါင်တိုင်၍၊ မနိုင်မနင်း၊
ဝေဇယန်သို့၊ အလွန်မွေ့လျော်၊ ခံစားသော်လည်း၊

www.burmeseclassic.com

www.burmeseclassic.com



လောကစံနောက်၊ တကောက်ကောက်သည်၊
တစ်ယောက်မလွတ်စေရတည်း။

### သံဝေဂ

တနေကွယ်၊ သေနယ်သို့တခါကူး၊ မေ့လျော့ကာ
သေဘူးထင်ပါရဲ့၊ နေကွယ်တာအချိန်များရင်ဖြင့်၊
သေနယ်ရွာ တကြိမ်သွားရမယ်၊ တားမရဘူး။

### လယ်တီဦးကောဝိဒ၏ လက္ခဏာရေးပြ ကဗျာ

၁။ ရွံ့စရာမဆုံးတဲ့၊ သုံးဆယ့်နှစ်ကောဋ္ဌာ၊
လွန်တရာမမြတ်သော၊ အတ္တဘောခန္ဓာ၊
သေသေချာရှုတော့၊ အသုဘ ဘာဝနာ၊
လက္ခဏာရေး၊ မျှော်တွေးယာဉ်စကြာ။

၂။ ခန္ဓာဝန်မကင်းတဲ့၊ အကြွင်းမဲ့သတ္တဝါ၊
ဖြစ်ပေါ်လျှင်တချက်ထဲ (တည်း)၊ ပျက်မြဲဓမ္မတာ၊
လျှင်လျှင်မြန်မြန်ချုပ်တော့၊ ရုပ်ဓာတ်နှင့်နာမ်နှစ်ဖြာ၊
အနိစ္စဘဲလို့၊ ထင်စွဲစိတ်ဘာဝနာ။

၃။ မခိုင်မာစွဲ၊ သတိဉာဏ်မျှော်၊
ကြောက်စရာမဟုတ်လား၊ ရုပ်တရားနာမ်နှစ်ဖော်၊



ငြိမ်ငြိမ်ဆိမ်ဆိမ်တွေးတော့၊ အေးကွက်ကာဘယ်မပေါ်၊
ရှုပ်ပွေသမျှ၊ ဒုက္ခတင်သင့်သနော်။

၄။ ငါကိုယ်ကောင်မဟုတ်ဘဲ၊ သမုတ်စွဲထင်ပေ၊
ရုပ်နှင့်နာမ် ပရမတ်တရား၊ အမှတ်မှားသူတွေ၊
ပိုင်ပိုင်နိုင်နိုင်စိုးတဲ့၊ တန်ခိုးနဲ့ကွာသလေ၊
အမှတ်တရ၊ အနတ္တ ပွားကြစေ။

(မာဂဓီသာစည်၏နှမ်းတန်သာသနာမှ)

### ယပ်တောင်ပေါ်ကသံဝေဂများ

၁။ ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊
ပျက်ချိန်ရောက်က၊ ပျက်စီးရမည်၊
စိတ်ချအနိစ္စ ခန္ဓာကိုယ်။

၂။ အသက်ရှင်စဉ်၊ မသေခင်လည်း၊ ပူပင်သောက၊
ဗျာပါရမှာ၊ စသည်မစဲ၊ ဆထက်ကဲ၍၊
ဆင်းရဲရမည်ဟုတ်စွ၊ ဒုက္ခ ခန္ဓာကိုယ်။

၃။ ပဋိသန္ဓေ၊ နေ၍ယွင်းယို၊ အိုချိန်အိုကာ၊
နာချိန်နာလျက်၊ သေခါချိန်ကျ၊
သေပျောက်ရသောကြောင့်၊ အစိုးမရ၊
မှတ်ကြ အနတ္တ ခန္ဓာကိုယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ မေတ္တေယျရှင်၊ ကံ့ကော်ပင်တွင်၊ လေးအင်သစ္စာ၊
ပွင့်သောခါတွင်၊ ဖူးပါရလို၊ ခုကကြို၍၊
ကုသိုလ်ပြုနိုင် ပါစေသော်။

## သံဝေဂ ကမ္မဋ္ဌာန်းသံပေါက်

၁။ နုနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊
အိုမင်းနောက်ဆုံး ရှိချေ၏။
၂။ ဥစ္စာဆင်မြင်း၊ ပေါများခြင်းကား၊
ယိုယွင်းနောက်ဆုံး ရှိချေ၏။
၃။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊
ကွေကွင်းနောက်ဆုံး ရှိချေ၏။
၄။ ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား၊
သေခြင်းနောက်ဆုံး ရှိချေ၏။
၅။ တက်ကြွားကြွကြွ၊ ပြင်းလွန်းကလျှင်၊
လျှော့ကျနောက် ဆုံး ရှိချေ၏။
၆။ ခံ့မင်ခယ၊ ချစ်လွန်းကလည်း၊
သောကနောက်ဆုံး ရှိချေ၏။
၇။ ပွဲလယ်ပြင်ပ၊ ချီးမွမ်းကြလည်း၊
ရှုတ်ချနောက်ဆုံး ရှိချေ၏။
၈။ ကြည်သာရွှင်ပြ၊ ချမ်းသာကြလည်း၊
ဒုက္ခနောက်ဆုံး ရှိချေ၏။



## အိုမင်းဇရာ ယိုယွင်းကာ

တနေ့တနေ့နှင့်၊ တရွေ့ရွေ့ယွင်းယို၊ နောက်ကို
ဖြင့် ပြန်မပျိုသည်၊ ရှေ့ကိုသာအိုမြဲ၊ သွားကျိုးလို့
ဆံဖြူ၊ ငယ်ရုပ်မူ ဖောက်ပြန်လို့လွဲ။
အရိုးက ကျဲကျဲနှင့်၊ လဲလုလု ခါးမခိုင်၊ မျက်စိမှုန်
သီကာမှေး၊ မျက်ချေးကသုတ်လို့မရနိုင်၊ ဇရာမင်း
သူကိုင်လျှင်၊ မခံနိုင်အိုမြဲပေ၊ မလွဲဘူးပုံသေ၊ စွဲကြ
သံဝေ၊ မအိုဋ္ဌာန ပြည္ဟွန်းဖြေမယ်၊
မြကျွန်းမြေ နိဗ္ဗူပလေး။

## သုသာန်ဝ

၁။ ယုတ်လတ်မြတ်စွဲ၊ လူတန်းခွဲလည်း၊ တူနွဲ့ဝင်ရ၊
သုသာန်ဝ။
၂။ ရင်းရှင်ကျောမွဲ၊ အလှာခွဲလည်း၊ လက်တွဲဆင်းရ၊
သုသာန်ဝ။
၃။ ခန္ဓာနာမ်ရုပ်၊ ဇီဝိန်ချုပ်က၊ ရှို့မြှုပ်ခံရ၊ သုသာန်ဝ။
၄။ စဉ်းစားစရာ ဤသုံးဖြာ၊ ခန္ဓာမွေး မြေကျွေးဖို့၊
ဥစ္စာစု ထိုက်သူဖို့၊ အလှူပေး ကိုယ်ရေးဖို့၊

www.burmeseclassic.com

www.burmeseclassic.com



## အနတ္တ ခန္ဓာကိုယ်

၁။ မအိုစေလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊
အိုကြရ၊ အနတ္တ ခန္ဓာကိုယ်။

၂။ မနာစေလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊
နာကြရ၊ အနတ္တ ခန္ဓာကိုယ်။

၃။ မသေစေလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊
သေကြရ၊ အနတ္တ ခန္ဓာကိုယ်။

၄။ မကုန်စေလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊
ကုန်ကြရ၊ အနတ္တ ခန္ဓာကိုယ်။

၅။ မပျက်စေလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊
ပျက်ကြရ၊ အနတ္တ ခန္ဓာကိုယ်။

## ကံပေးသမျှသာ

၁။ ပျိုခြင်းမမြဲ၊ အိုခြင်းမြဲ၊ မလွဲအိုရချေတကား။
၂။ မာခြင်းမမြဲ၊ နာခြင်းမြဲ၊ မလွဲနာရချေတကား။
၃။ နေခြင်းမမြဲ၊ သေခြင်းမြဲ၊ မလွဲသေရချေတကား။
၄။ တွဲခြင်းမမြဲ၊ ကွဲခြင်းမြဲ၊ မလွဲကွဲရချေတကား။



၅။ ကံသာအမွေ၊ ဖြစ်ကြပေ၊ မသွေခံစံကြရကုန်တကား။
၆။ အိုနာသေကွဲ၊ ကံပေးမြဲ၊ မလွဲခံစံကြရကုန်တကား။

## အနတ္တ ခန္ဓာကိုယ်

၁။ သေမင်းလွှတ်အောင်၊ လက်ဆောင်တံစိုး၊
လာဘ်ပေးမျိုးလည်း၊ ရနိုးမှန်စွာ၊
မည်သည့်ကမ္ဘာ၊ မရှိပါတကား။

၂။ ရန်သူသေမင်း၊ အောင်ပွဲနင်း၍၊ အောင်ခြင်းမဟာ၊
ဘဂဝါလည်း၊ မှန်စွာမသွေ၊ ခန္ဓာကြွေ၍၊
သေမင်းလက်မှာ၊ ရောက်ရပါတကား။

## နောက်ဆုံးကျတော့ ခေါင်းတစ်လုံး

၁။ အဝိဇ္ဇာဘယ်မှာနေ၊ မိမိစိတ်မှာနေ။
၂။ တခါတလေမိုက်မဲမှု၊ သင်္ခါရတွေပြု။
၃။ သင်္ခါရပြုတော့ဝိညာဉ်တွယ်၊ ရုပ်နာမ်အိမ်ကိုဆွယ်။
၄။ အကြည်ခြောက်သွယ်မှန်တံခါး၊ ကောင်းစွာတပ်ဆင်
ထား။
၅။ အာရုံခြောက်ပါးတွေ့ဆုံသော်၊ ဝိညာဉ်ခြောက်ပါး
ဆိုင်ရာပေါ်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဖြစ်ပေါ်လာတဲ့အာရုံများ၊ ကောင်းစွာသူခံစား။
၇။ ခံစားမိတော့လိုချင်ပြန်၊ စွဲလမ်းဥပါဒါန်။
၈။ ဥပါဒါန်ကြောင့်ရလိုမှု၊ ကံတွေထပ်၍ပြု။
၉။ ကံပြုမိတော့ဇာတိခေါ်၊ ရုပ်နာမ်အသစ်ပေါ်။
၁၀။ ရုပ်နာမ်ပေါ်တော့ အိုနာဆုံး၊
သေတော့ ခေါင်းတစ်လုံး။

## သံသရာဝယ် ငြီးငွေ့ဘွယ်

တဏှာသခင်၊ ချယ်စီရင်၍၊ ဉာဏ်မြင်သေးစွာ၊ သတ္တဝါတို့၊ သာယာခုံမင်၊ မထွက်ချင်ဘဲ၊ ရှင်ရှင်မော်မော်၊ ပျော်ကြီးပျော်အောင်၊ ပေါ်ရုံသကြား၊ ဖြူးအုံထားသည့်၊ ဆေးခါးသဘွယ်၊ ဘုံသုံးသွယ်၌၊ ကြောက်ဘွယ်ထွေထွေ၊ တည်သနေ့နှင့်၊ အိုသေများမြောင်၊ ဘေးထောင်သောင်းကို၊ မိုက်မှောင်ပယ်ခွါ၊ ဉာဏ်ဝိဇ္ဇာဟု၊ ပညာမျက်စိ၊ မြင်အောင်ကြည့်၍၊ ညီးညီးရဲရဲ၊ မီးလျှံစွဲသည့်၊ အမြဲပျော်ရွှင်၊ အိမ့်ဖြစ်အင်ကို၊ စိတ်တွင်မချိ၊ ရိပ်ဆင်ကြည့်လျက်၊ ပီတိမဖြာ၊ ဖယ်ရှောင်ခွါ၍၊ လွတ်ရာကိုပြေး၊ ဉာဏ်မသေးသည့်၊ ကိုယ့်ဘေးကိုယ်မြင်၊ အိမ်ကြီးရှင်သို့၊ များဖြင်ဇာတိ၊ ဇရာဒိဟု၊ အဂ္ဂိလောင်စာ၊ ဘုံသုံးရွာကို၊ ပြင်းစွာရှိန်ရှိန်၊ မီးလောင်အိမ်သို့၊ မမှိန်ဉာဏ်လင်း၊ မြင်ဖောက်ထွင်း၍၊ လင်းလင်းထင်ထင်၊ ပြစ်ကြီးမြင်လျက်၊ ပြင်ပြင်ဖုံးကာ၊ ဘုံသုံးရွာမှ၊ လွတ်ရာလမ်းခို၊ စခန်းတိုအောင်၊ ကုသိုလ်ပြုတိုင်း၊ နိဗ္ဗာန်ရှိုင်းမှ၊ ဝင့်ဂိုဏ်းဝင့်နွှယ်၊ ပျက်ပြုန်းကွယ်မည်၊ ဉာဏ်ကျယ်သူမှ အေးလိမ့်သောဝ်။



## ခရီးမဝေးပါ

၁။ အိုနာသေရေး၊ ဒုက္ခဘေး၊ မနေးရောက်မှသိ။
၂။ ဘေးမရောက်ခင်၊ ခပ်လျင်လျင်၊ ဆင်ခြင်အားထုတ်သိ။
၃။ မသွားဘဲနီး၊ ဤခရီး၊ အပြီးသေခြင်းရှိ။

## တရားရှာ ကိုယ်မှာတွေ့

၁။ သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသ၊
အလှဘယ်မှာ မရရှာ။
၂။ တဏှာပိတ်ဖုံး၊ တကိုယ်လုံး၊
အသုံးမကျ ဤကာယ။
၃။ အူမအူသိမ်၊ နှလုံးအိမ်၊
တွင်းလိမ်ကာရှုပ် အတွင်းပုပ်။
၄။ အဆုတ်အသည်း၊ အဆီခဲ၊

www.burmeseclassic.com

www.burmeseclassic.com



သွေးခဲသည်းချေ သလိပ်တွေ။

၅။ တထွေဦးနှောက်၊ မျက်ရေပေါက်၊
ချွေးနောက်ဆီကြည် တံထွေးရည်။

၆။ နှပ်ရည်ရွှဲရွှဲ၊ အစေးကွဲ၊ မြွေးခဲသဏ္ဍာန် အညှိ့တံ။

၇။ တဖန်တွက်ဆ၊ အဖျဉ်းမှ၊
အောက်က ကျင်ကြီး၊ ကျင်ငယ်စီး။

၈။ ဖိစီးတဖန်၊ ပြင်ပရန်၊ ကိုးတန်ဒွါရ အမာဝ။

၉။ နေ့ညမစဲ၊ တရွှဲရွှဲ၊
ဖောက်လဲဓာတ်ရုပ် အကောင်ပုပ်။

၁၀။ စက်ဆုတ်ရွံ့ရှာ၊ မုန်းစရာ၊
ဘယ်မှာအလှ၊ ရှာကာပြ။

## သံဝေဂလင်္ကာ

၁။ ဆိုပိမ့်ဟုတ်ရာ၊ စဉ်းစားပါလော့၊ ခန္ဓာဘာရ၊ ဒွတ္တိံသကား၊ ယုယခင်မင်၊ စိန်ရွှေဆင်၍၊ ပြုပြင်ပိုက်ထွေး၊ နှင်ကျွေးမွေးလည်း၊ အရေးမရောက်၊ သဲရေမှောက်သို့၊ နင့်နောက်မပါ၊ နင့်လိုရာကို၊ ဘယ်ခါမလိုက်၊ နင့်အကြိုက်နှင့်၊ တိုက်ရိုက်ဖီလာ၊ ဆန့်ကျင်ပါခဲ့။

၂။ ရုပ်ဝါနုနယ်၊ ရှုစဖွယ်သား၊ တင့်တယ်ရှန်းစို၊ နင်လိုလှသော်၊ အအိုစာရင်း၊ သူကသွင်းလိမ့်။



၃။ ဘေးကင်းရန်ကွာ၊ လွန်ချမ်းသာ၍၊ မနာလိုရ၊ တောင်းဆုဆိုလည်း၊ နင့်ကိုမညှာ၊ ဘေးရောဂါနှင့်၊ ခါခါနင့်ကို၊ မိတ်ဖွဲ့ဆို၏။

၄။ နင်နှင့်တူညီ၊ ချစ်ကြိုးသီသား၊ ပလီပလာ၊ အပြစ်ရှာသည့်၊ ချစ်စွာ့မယား၊ သမီးသားနှင့်၊ စီးပွားဥစ္စာ၊ ဉာတကာတို့၊ ဘယ်ခါမခွဲ၊ အတူတွဲ၍၊ အမြဲပြုံးချို နေရလိုသော်၊ နင့်ကိုမထောက်၊ နင့်နောက်မလိုက်၊ အပူတိုက်၍၊ နင်ဟိုက်နင်ခွေ၊ နင့်ကိုသေအောင်၊ ကျားမြွေခံတွင်း၊ အစာသွင်းသို့၊ သေမင်းသူ့လက်၊ ပဏ္ဏာဆက်၏။

၅။ လရက်နှစ်တွေ၊ အသချေ်နှင့်၊ လွန်လေဘဝ၊ အနန္တက၊ ဆုံးစပိုင်ပိုင်၊ ယခုတိုင်အောင်၊ နိုင်နိုင်နင်းနင်း၊ ဉာဏ်မသွင်းဘဲ၊ သေမင်းသူလျှို၊ ခန္ဓာကိုယ်ကို၊ မငြိုငြင်ရက်၊ စွဲလမ်းချက်ဖြင့်၊ မြိုင်နက်စုံဖျား၊ တောသစ်ကျားသို့၊ မယ်ဘွားမိခင်၊ နွားငယ်ထင်သို့၊ အမြင်မဖြောင့်၊ ဝိပ္ပလ္လမှောင့်၍၊ ကြောင့်ကြောင့်ကြကြ၊ ပြုခဲ့လှပြီ။

၆။ ဘုရားသာသနာ၊ ယခုခါဝယ်၊ ပညာစက္ခု၊ ဖန်ဖန်ရှုလော့၊ ဥတုဂိမှာန်၊ အချိန်ဆန်သော်၊ သူ့ကြာန်ဇော့၊

www.burmeseclassic.com

www.burmeseclassic.com



အပူငွေ့ကြောင့်၊ ရေသွေ့ခန်းပြား၊ အိုင်ပက္ကားဝယ်၊ ကျက်စားနေရ၊ ငါးမစ္ဆတို့၊ ရေကလည်းနည်း၊ သိန်းစွန်ဝဲ၍၊ ပျော်ပွဲမြူးမြူ၊ ရှာမရဘဲ၊ ရေနည်းသည့်ငါး၊ သားပမာလို၊ သေကြဖို့သာ၊ နီးကပ်လာသို့၊ ငါငါတက်ကြွ၊ မာန်မာနနှင့်၊ လောဘဒေါသ၊ မောဟမာန၊ ဒိဋ္ဌိအစ၊ ယုတ်မာစွာလှ၊ အဓမ္မကို၊ ဝေးကမလာ၊ ကင်းရှင်းကွာအောင်၊ ခဲကာမပွား၊ အပျင်းများမူ၊ လေးပါးပါယ်ရွာ၊ နင့်အိမ်ရာဟု၊ စိတ်မှာစွဲကပ်၊ သတိချပ်လော့။

၇။ လူ့ရပ်နတ်ရွာ၊ ထက်ပြဗ္ဗာနှင့်၊ နိဗ္ဗာနသို့၊ ရှစ်ဝမဂ္ဂင်၊ သဘော်ယာဉ်ဖြင့်၊ ဆောလျင်ကပ်ခို၊ ရောက်ရလိုမူ၊ ထိုထိုပုညာ၊ ကုသလကို၊ နေ့ညမခွဲ၊ လုံ့လစွဲလော့။



## ဤသို့ဆင်ခြင်ပါ

၁။ မသေခင်ကတော့၊ ချစ်ခင်ကြရှာ၊ သေရင်ကတော့၊ ပစ်ချင်ကြတာ၊ မမြဲပါတဲ့၊ ရုပ်နာမ်နှစ်ဖြာ၊ အနိစ္စ မေ ပဉ္စက္ခန္ဓာ ။

၂။ မသေခင်ကတော့၊ ပေါင်းသင်းချစ်ကြရှာ၊ သေရင်ကတော့၊ ခေါင်းသွင်းပစ်ကြမှာ၊ ဆင်းရဲပါတဲ့ ရုပ်နာမ်နှစ်ဖြာ ဒုက္ခာ မေ ပဉ္စက္ခန္ဓာ ။

၃။ မသေခင်ကတော့၊ အဟုတ်ပျော်ကြရှာ၊ သေရင်ကတော့၊ ပုပ်စော်ကဖြာ၊ အစိုးမရတဲ့ ရုပ်နာမ်နှစ်ဖြာ၊ အနတ္တာ မေ ပဉ္စက္ခန္ဓာ ။

၄။ မသေခင်ကတော့၊ ပြုံးလဲ့လဲ့ညွတ်ကာ၊ သေရင်ကတော့၊ သုံးဆယ်နှင့်နှစ်ကောဋ္ဌာ၊ အရိုးစု ပိုးအတု၊ တမျိုးရှုလို့ရွံစရာ ကေသာ လောမာ နခါ ဒန္တာ။

၅။ မမြဲဆင်းရဲ၊ အစိုးမရတဲ့ဤခန္ဓာ၊ နိစ္စသုခ အတ္တလို့ ထင်မှားကြကာ၊ လူ့တခွင်နှုချင်ပြုပြင်၊ ခုပင်ပျက်စီးရမှာ နတ္ထိ ခန္ဓာ သမာ ဒုက္ခာ ။

၆။ အိုနာသေဘေး၊ အဟုတ်ပချုပ်ငြိမ်းရာ၊ ဒုက္ခပူပန်သမျှ မုချလွတ်ကင်းကွာ၊ ဘေးဘယာပ ဝေးကွာစေ။

www.burmeseclassic.com

www.burmeseclassic.com



## အနတ္တ ဉာ်ရုပ်ကောင်

၁။ နှစ်မပါ ဗလာသုဉ်း၊ အကာဖြုန်းစင်စင်၊ မသာတုံး ပြင်ပြင်၊ ထင်မြင်ဖွယ်မှန်စွ၊ အနတ္တဉာ်ရုပ်ကောင်ဝယ်၊ ညှိပုပ်ဟောင် ဆိုးညစ်တန်လှ။

၂။ ခြောက်ဝတ္ထုအသားဆိုင်မှာ၊ အများပြိုင်ခိုကြ၊ နာမ် ဝိညာဉ်ထိုမျှမက၊ အိုဇရာဖြစ်ပုံ၊ ထောင့်ငါးရာညစ် အကြေးတွေက၊ ရစ်အမြွှေး လွှမ်းအုပ်လို့ခြုံ။

၃။ ဆိုးမရတရားစုံကို၊ ဇယားပုံထင်ဖွဲ့လို့၊ မြင်တဲ့အောင် မတွယ်တာခဲ့၊ ခဲသင့်လှပါ၊ ရှင်သေမင်းကအတင်း လာလျှင်၊ မငြင်းသာ ပါရပါလိမ့်လေး။

### သံဝေဂတရား လက်ကိုင်ထား

သန္တေဇာတိ၊ ခန္ဓာရှိလျှင်၊ ဗျာဓိဇရာ၊
မရဏာတို့၊ မကွာနောက်ဆက်၊
ဝင်နှိပ်စက်သဖြင့်၊ သက်သက်ချမ်းသာ၊
မဟုတ်ပါဘဲ၊ လွန်စွာညှိုးနွမ်း၊
ပင်ပန်းဆင်းရဲလှပါသည်။



## ပညာရှိလူပုဂ္ဂိုလ်များ၏ သံဝေဂတရားအလင်္ကာများ

### တုံ့မယူလို
### (အန္တန္တသူရိယအမတ်)

၁။ သူတည်းတယောက်၊ ကောင်းဖို့ရောက်မူ၊ သူတယောက် မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မာတာတည်း။

၂။ ရွှေအိမ်နန်းနှင့်၊ ကြင့်ါနီးလည်းစံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက် ပမာ၊ တစ်သက်လျှာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည် မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါ တည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံ ဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တုံမူ၊ တုံ့မယူလို၊ ကြည်သိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ် မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာ တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ယနေ့လား နက်ဖြန်လား

(စလေဦးပုည)

အဇ္ဈေဝ သုဝေဝ၊ ခုတွေးဆပြန်လှန်၊ ယနေ့လား နက်ဖြန်၊ ရက်မှန်စွာမသိ၊ အနိစ္စလက္ခဏာ၊ သန်ဘက်ခါ ဆုံးမရှိ၊ လူ့အသက်ပုံပမာ၊ ပဒုမ္မာနေထိ၊ ကုန်မကြာကြွေ ရှိလို့၊ ဇာတိပဋိသန္ဓေ၊ ဝဋ္ဋဒုက္ခသံသာဝဲ၊ တနဲစီဖြစ်ပျက် သာပေ။

နောင်ရိက္ခာပါလေအောင်၊ အဋ္ဌင်္ဂသီလနှင့်၊ တလ လေးရက်ဝယ်၊ မြဲပါတော့မယ်၊ ကျန်နှစ်ဆယ့်ခြောက်ရက် ဝယ်၊ ငါးပါးကွယ် သီလနှင့်လေး။

## ညည့်သည်

(ဗန်းမော်ညိုနွဲ့)

၁။ လာတုန်းကလည်း၊ တယောက်ထဲနော့၊ လက်တွဲ ခေါ်ကာ၊ ဖော်မပါဘူး၊ ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း။

၂။ ပြန်သွားတော့လည်း၊ တယောက်ထဲနော့၊ လက်တွဲ ခေါ်ကာ၊ ဖော်မပါဘူး၊ ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း။

၃။ လာပြီးတော့နား၊ မသွားသေးခင်၊ ချိန်လေးတွင်မှ၊ ဝန်းကျင်ခက်နွယ်၊ နှောင်ကြိုးတွယ်ကြ၊ ပြုံးရီမဲ့ငိုး၊



ချစ်မုန်းပိုကြ၊ မလိုဒေါသ၊ လိုလောဘနှင့်၊ ဘဝရိပ် မြုံ၊ ကကြိုးစုံခဲ့၊ ကံကုန်မိုးချုပ်၊ လက်တွဲဖြုတ်ကာ၊ သုတ်သုတ်ဆောလျှင်၊ ခရီးနှင်သည်၊ အသင် ညည့်သည် ပါတကား။

## သေတွင်းကျတော့

(ရေးသူ - မသိ)

မယားစားဖို့၊ သားသမီးစားဖို့၊ ကိုယ့်ဖို့နောင်ရေး၊ မတွေးမဆ၊ သေတွင်းကျတော့၊ မယားမပါ၊ သားသမီး မပါ၊ တရားတာ မတရားတာ၊ ကိုယ်သာခံရမည်။

## သချိုင်းနှုတ်ခမ်း

(ဆရာကြွယ်၊ ကျောက်ပနား)

တစ်ဝါထွက်ပြန်ပေါ့၊ ဇရာအသက်ရယ်ကတစ်နှစ်အို၊ နားမနေ၊ အားအခြေကပြုန်းတယ်ကွယ်၊ ရှုံးတဲ့ဤကိုယ်။

အတင်း တဒိုင်းဒိုင်းစိုင်းပါလို့၊ သချိုင်းနှုတ်ခမ်းကို တဲ့ ရောက်လာပကို၊ နောက်တခါပျို့မှာက တစ်ဘဝပေး။

ရဟတ်ချားပမာ၊ ရပ်နားစရာနေရာဖြင့်မတွေ့နိုင်ဘူး၊ ပြေမရဏာ သေစွာတကွေ့ကိုဖြင့်၊ မတွေ့အောင် ကွေ့ရှောင် လို့မရုန်းနိုင်ဘူး၊ (သတ္တဝါတွေမှာကွယ်) ပုန်းဖို့ခက်သေး။

www.burmeseclassic.com

www.burmeseclassic.com



## သင်္ဂဇာဆရာတော်ဘုရားကြီး၏ စတုရာရက္ခကျမ်း၊ မရဏာဿတိနိဒ္ဒေသ မှ ထုတ်နှုတ်ချက်များ

### သေခြင်း

မရဏာဿတိဟူသည် သေခြင်းကို အောက်မေ့ခြင်းတည်း။ မရဏာဿတိဘာဝနာကို ကောင်းစွာ ပွားများအားထုတ်လိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ မြတ်စွာဘုရားစကားတော်ကို မပျံ့မလွင့် ငြိမ်သက် တည်ကြည်သောစိတ်ဖြင့် နာဦးလော့။

ဤသည်ကား မြတ်စွာဘုရား၏ စကားတော် အစစ်ဖြစ်ပေ၏။

### အကောင်အထည်မရှိ

ဤလောက၌ သတ္တဝါတို့၏ အသက်ခေါ်သည့် ဇီဝိတိန္ဒြေသည် မှတ်သားလောက်အောင် နှိုင်းယှဉ်ပြစရာ အကောင်အထည်မရှိ။ သိစရာအကြောင်း ကင်းမဲ့၍ တိုတောင်းငြိုငြင်လှသည့်ပြင် ပူပင်စရာမရှိ၊ ပကတိချမ်းသာသောသဘောမျိုးသာ မဟုတ်သေးဘဲ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း စသောသဘောမျိုးနှင့် ရောနှောဆက်ဆံ၍ နေပေ၏။



### မသေဆေး မရှိ

မွေးဖွားလာသော သတ္တဝါဟူသမျှတို့သည် အသက်မသေ၊ အမြဲနေရအောင် ကြံဆောင်ပြုပြင်နိုင်သော အင်းအိုင် မန္တရား၊ ဆေးဝါး၊ ပယောဂ လုံ့လပညာ ဘယ်မှာမှ မရှိနိုင်။ အိုပြီးလျှင်သေကြရမည်ဟူသော သတ္တဝါတို့၏ သဘောတံထွာ ဓမ္မတာအတိုင်းသာ ဖြစ်ရရှာကုန်၏။

### သစ်သီးနှင့် အိုးပမာ

မှည့်ရွှမ်းကုန်ပြီးသော သစ်သီးကြီးငယ် အသွယ်သွယ်တို့သည် နံနက်အခါဝယ် ကြောက်ဖွယ်လိလိ ကြွေကျရသော ဘေးကြီးရှိသကဲ့သို့သာလျှင် မွေးဖွားလာသော သတ္တဝါမှန်သမျှတို့အားလည်း မချွတ်မယွင်း သေခြင်းဘေးရန် မြဲမြဲခိုင်ခန့်၏။

အိုးထိန်းသည်တို့ ပြုပြင်ဆောင်ရွက်သော မြေခွက် မြေအိုးအမျိုးမျိုးတို့မှာ ကွဲခြင်းသဘော အဆုံးရှိကုန်သကဲ့သို့ ထို့အတူ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏အသက်သည်လည်း ကုန်ဆုံးပျက်စီးခြင်းသာ အဆုံးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကြီးငယ်မဟူ

ငယ်သောသူတို့သည်လည်းကောင်း၊ ကြီးသောသူတို့သည်လည်းကောင်း၊ မိုက်သောသူတို့သည်လည်းကောင်း၊ ပညာရှိသောသူတို့သည်လည်းကောင်း၊ ခပ်သိမ်းသောသူတို့သည် သေမင်း၏ အလိုနိုင်ငံသို့ မငြင်းဆန်သာ လိုက်ပါရကုန်၏။ ခပ်သိမ်းသောသူတို့သည် သေမင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်ရရှာကုန်၏။

## ဆွေမျိုးမကယ်နိုင်

သေမင်းနှိပ်စက်မှုကြောင့် တမလွန်လောကသို့ သွားရောက်ရသော သတ္တဝါတို့အား တောင်မင်းကမြောက်မင်းမကယ်နိုင် ဆိုသည့်အလား မိဘများကလည်း သားသမီးကိုမကယ်နိုင်၊ ဆွေမျိုးများကလည်း အခြားသောဆွေမျိုးကို မကယ်နိုင်ချေ။

ချစ်လှစွာသော ဆွေမျိုးသားချင်းတို့ ပင်ပန်းကြီးစွာငိုကြွေးမြည်တမ်းကာ ကြည့်ရှုနေစဉ်မှာပင် သတ်မည့်နွားကို နွားသတ်ရုံသို့ ဆွဲသွားသလို သတ္တဝါတွေအထဲမှ တစ်ယောက်ပြီးတစ်ယောက် သေမင်းယူဆောင်သွားသည်ကို ရှုပါလော့။



## ကြောင်းကျိုးမြင်သိ ပညာရှိ

အိုခြင်းတရား၊ သေခြင်းတရားတို့သည် တစ်လောကလုံးကို သို့စင်ကလောက် မထောက်မညှာ နှိပ်စက်လေသောကြောင့် ကြောင်းကျိုးမြင်သိ ပညာရှိတို့သည် လောက၏ ဖောက်ပြန်ပုံသဘောကို နက်နဲစွာသိသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုကြကုန်။

## တုန်လှုပ်ခြောက်ခြားစွာ

ကောင်းမှု မကောင်းမှု ကံအားလျော်စွာ ဘဝတစ်ပါးသို့ ပြောင်းသွားရသော သူတစ်ပါးတို့ကိုလည်း သေချာစေ့ငု ကြည့်ရှုပါလော့။ ဤလောက၌ သေမင်း၏ အလိုနိုင်ငံသို့ မငြင်းဆန်သာ လိုက်ပါရကုန်သော သတ္တဝါတို့သည် ကြောက်ရွံ့သောအား တုန်လှုပ်ခြောက်ခြားကြကုန်သည်သာတည်း။

## ခွဲကြရမည်

ပစ္စည်းဥစ္စာ ရတနာရွှေငွေ သားသမီးတွေနှင့် မကွေမကွင်းဘဲ အမြဲ နေရလိမ့်မည်ဟု မှတ်ထင်သောသူအား ထင်တိုင်းမဖြစ်ဘဲ မလွဲသာ လွဲသာ ခွဲခွာရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



လောက၏ဖောက်ပြန်ပုံကို အကုန်အစင် မြင်အောင် ရှုပါလော့ ဟု သက္ကသုတ်တွင် ဘုရားရှင်ဟောတော်မူ၏။

## လိမ့်၍လာသောကျောက်တောင်ကြီးတို့အလား

မိုးထိလုမတတ် အလွန်ကြီးကျယ် မြင့်မားလှစွာသော ကျောက်တောင်ကြီးတို့သည် အရပ်လေးမျက်နှာ မြို့ရွာနိဂုံးတို့ကို အကုန်ချေမှုန်းလျက် ထက်ဝန်းကျင်မှ လိမ့်၍လာကုန်သကဲ့သို့ ထို့အတူ အိုခြင်း သေခြင်း တို့သည်လည်း သတ္တဝါအားလုံးကို ချေမှုန်းနှိပ်စက်ကုန်၏။

မင်းပုဏ္ဏားနှင့်ဆင်းရဲသား ကုန်သည်တစ်လီ၊ ဒွန်းစဏ္ဍားပန်းမှိုက်သွန်များကို တစ်ယောက်မျှ မရှောင်ကွင်းဘဲ အကုန်လုံး ချေမှုန်း နှိပ်နင်း၏။

## ရတနာသုံးပါးအပေါ်၌ ယုံကြည်ပါ

ထိုသို့သေမင်းနှိပ်စက်ရာ၌ ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ်အားဖြင့် လေးပါးသောစစ်ဗျူဟာဖြင့်ခင်းကာ ထိုးစစ်ဆင်၍တိုက်ခိုက်ပါသော်လည်း မအောင်မြင်နိုင်။ အင်းအိုင်ဆေးဝါးမန္တရားစုတ်၍ တိုက်ခြင်း၊ ဥစ္စာတန်စိုး လက်ဆောင်ထိုးခြင်းဖြင့်လည်း မအောင်မြင်နိုင်ချေ။



ထိုသို့သေမင်းကို ဘယ်နည်းနှင့်မျှ မအောင်နိုင်လေသောကြောင့် မြဲမြံတည်ကြည်သော ပညာရှိ၍ မိမိအကျိုးကို ရှုယ်ကိုးမျှော်မြင်တတ်သော ယောကျ်ားသည် ဘုရားတရား သံဃာ ရတနာသုံးပါးအပေါ်၌ ယုံကြည်စွာ သဒ္ဓါတရားကို သွင်းထားရာ၏။

## တရားတော်အတိုင်းကျင့်ကြံလျှင်

ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် တရားတော်အတိုင်းကျင့်ကြံနေထိုင်သောသူကို ယခုပစ္စက္ခဘဝမှာပင် ရဟန်းရှင်လူတို့ချီးမွမ်းကြကုန်၏။ တမလွန်ဘဝနတ်ပြည်သို့ရောက်ရသောကာလ၌လည်း၊ နှစ်သိမ့်မွေ့လျော် ပျော်ပိုက်ရ၏ဟုပဗ္ဗတူပမသုတ်တွင် ဘုရားရှင် ဟောတော်မူ၏။

## မြစ်ရေတိုက်စားသကဲ့သို့

မြစ်လုံးပြည့်လျှံ စီးဆင်းသော ရေအလျဉ်သည် ကမ်းနားတွင်ပေါက်ပွားသောသစ်ပင်အများကို လဲပြိုကျိုးပဲ့ အမြစ်ထွက်အောင်မျှောဆောင်သကဲ့သို့ ထို့အတူ အိုရေး သေရေး ဒုက္ခဘေးတို့သည် သတ္တဝါခပင်းကို အကုန်ခွင်း၍ အလျှင်းမရှိအောင် ဆောင်ယူအပ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com


## ကြီးငယ်မရွေး

မိန်းမ ယောကျ်ား လူအများတို့သည် နုထွားပျိုရွယ် အသက်ငယ်ငယ်ကလည်း မရဏာဘေးသင့်ကာ သေနိုင်ကြပါလျက် မိန်းမယောကျ်ား ဘယ်သူများသည် ငါ့အား အရွယ်ငယ်ပါသေး၏ ဟု အသက်ရှင်မှု စည်းစိမ်စုတွင် အကျွမ်းဝင်သာပါအံ့နည်း။

## နေ့မြင်ညပျောက်

နေ့မြင်ညပျောက်ဟူသောစကားအတိုင်း နံနက်ပိုင်းက မြင်ရကုန်ပြား လူအများတို့ကို ညနေရောက်က သေပျောက်ကြ၍ အချို့မမြင်ရတော့ချေ။ ညနေပိုင်းက မြင်ရကုန်ပြား လူအများတို့ကိုလည်း နံနက်ရောက်က သေပျောက်ကြ၍ အချို့မမြင်ရတော့ချေ။

## လက်ဆောင်ထိုး၍မရ

ကေန်အားထုတ်ပြုလုပ်ထိုက်သည့် ဒါနသီလဘာဝနာ စသောကိစ္စမျိုးကို ထိုလထိုနေ့ ရက်မရွှေ့ဘဲ ယနေ့ပင်ပြုလုပ်သင့်၏။ နက်ဖြန်ကျမှသေရလိမ့်မည်ဟု မည်သူမျှ အတပ်မသိနိုင်ချေ။ ၉၆ ပါးသောအနာ၊ ၂၅ ပါးသောဘေး၊ ၃၂ ပါးသောကံကြမ္မာ စွာသောင်းသောင်း လက်နက်ကောင်း စစ်သားရှိသည့် သေမင်းနှင့် ဘယ်နေ့ဘယ်ရက်ကျမှ ခေါ်ပါဟု ဥစ္စာတန်စိုး လက်ဆောင်ထိုးကာ ငါတို့တတွေ အချိန်းအချက် မပြုနိုင်ချေ။

## မိမိကိုယ်ကို ဆုံးမပါ

ယခုလိုအခါမျိုး၌ မိမိကိုယ်နှင့် ဘုရားစကားတော် အပြင် သွန်သင်ဆုံးမ ဩဝါဒပေးမည့်သူ မရှိချေ။

သံသရာဘေး ကြောက်အားကြီးသူ ရှင် လူ ရဟန်းသည် ဘုရား စကားတော်ကို ဆင်ခြင်စဉ်းစား နှလုံးထားကာ မိမိကိုယ်တိုင်သာ မိမိကိုယ်ကို ဆုံးမပါလော့။

ဆုံးမပုံကား–

၁။ မြွေသည်မှုလည်း ငါ့ကိုကိုက်သတ်ရာ၏။

၂။ အဆိပ်ရှိပြား တစ်ပါးသော သတ္တဝါတို့သည်လည်း ငါ့ကိုသတ်ကုန်ရာ၏။

၃။ မလိုမုန်းထား သူအများတို့သည်လည်း ငါ့ကို သတ်ကုန်ရာ၏။

၄။ အနာရောဂါတို့သည်လည်းငါ့မှာဖြစ်ကုန်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## သေမင်းလက်နက်

ကိုယ်ပ ကိုယ်တွင်း သေမင်းစစ်သည် သေမင်းလက်နက်တို့သည် မရေမတွက်နိုင်အောင် များပြားကုန်၏။

ထိုသေမင်းစစ်သည် သေမင်းလက်နက် နှိပ်စက်သဖြင့် အသက်ပြတ်ဆုံး၍ ယနေ့နက်ဖြန် ဧကန်သေရလတ္တံ့။

၁။ ခွေးရူး၊ မြွေ၊ ကျား၊ ကျွဲ၊ နွား စသော သားရဲတိရစ္ဆာန်။

၂။ ဓားပြ၊ သူခိုး စသော ရန်သူအမျိုးမျိုး။

၃။ အမြဲမပြတ် စုဝေးကပ်ရောက်သည့် ၉၆ ပါးသော အနာရောဂါ။

၄။ လူအပေါင်းအား ကျေးဇူးများသည့် ထမင်း၊ ရေ စသော အစာအာဟာရတို့ နှိပ်စက် ညှဉ်းဆဲသဖြင့် အမြဲမုချ သေရလတ္တံ့။



## ကုသိုလ်ကောင်းမှုသည်သာ မှီခိုရာ

ငါနှင့်ရွယ်တူ၊ ငါ့အောက်ငယ်သူ၊ ငါ့ထက်ကြီးသူတို့သည် ထန်ပြင်းထက်မြက်သည့် သေမင်းလက်နက်တို့ဖြင့် သေခဲ့ရလေကုန်ပြီ။ ငါလည်းထို့အတူ သေရဦးမည်သာတည်း။ အတိတ်ကာလက ပြုခဲ့ရသော ကုသိုလ်ကောင်းမှု အစုစုသည်သာ ငါ၏မှီခိုပုန်းအောင်းရာ၊ လဲလျောင်းရာ အစစ်ဖြစ်ခဲ့ချေ၏။

## တစ်ခဏချင်း ပြတ်စဲနိုင်

၁။ ပထဝီ အာပေါ စသည်တို့သည် ဓာတ်မည်ကုန်၏။

၂။ ဘောဇဉ် စသည်တို့သည် အာဟာရမည်ကုန်၏။

၃။ အအေးအပူသည် ဥတုမည်၏။

၄။ သည်းခြေသလိပ်လေတို့သည် တြိဒေါသမည်ကုန်၏။

ထို ဓာတ်၊ အာဟာရ၊ ဥတု၊ တြိဒေါသတို့ အယုတ်အလွန်၊ အနည်းအများ မရှိ၊ ပကတိညီညွတ်မှုရှိမှသာ အသက်ကြာရှည်စွာ တည်နိုင်၏။ ဖောက်ပြန်ချွတ်ယွင်းအချင်းချင်း မညီညွတ်ပါမူ သူတစ်ပါးကို မှီတွယ်၍မှ တိုတောင်းလှစွာ ရှင်နေရရှာသော အသက်ကလေးသည် တစ်ခဏချင်း ပြတ်စဲခဲ့ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## မည်သူမျှမလွတ်မြောက်နိုင်

သုံးဘုံပိုင်နင်း ရှင်သေမင်းသည် သနားခြင်းကင်းစွာ ဘုံသုံးပါးဟူသော စစ်မြေပြင်၌ ပုန်းခိုစရာမရှိဘဲ အမြဲနေထိုင်သော သတ္တဝါများထံသို့ လျှင်မြန်ထက်မြက် များစွာသော လက်နက်တွေကို ရက်ရက်စက်စက်ပစ်လွှတ်လျက်နေ၏။ သေမင်း၏လက်နက်ဘေးမှ မည်သူမျှမလွတ်မြောက်နိုင်ချေ။

၁။ ဝါသုဒေဝ၊ ဗလဒေဝ စသော ကာယဗလပြည့်ဝသူ။

၂။ အရှင်သာရိပုတြာ စသော ဉာဏဗလပြည့်ဝသူ။

၃။ အရှင်မောဂ္ဂလ္လာန် စသော ဣဒ္ဓိဗလပြည့်ဝသူ။

၄။ ဇောတိက၊ ဇဋိလ စသော ဘောဂဗလပြည့်ဝသူ။

ဤ ဗလလေးတန်နှင့် အမှန်ပြည့်သောသူတို့သည်လည်း သေမင်းလက်နက်ဘေးမှ တစ်ယောက်မျှ မလွတ်မြောက်နိုင်ပေ။

သုံးလောက ပိုင်စိုး၍ အမျိုးမျိုး စောင့်ရှောက်တော်မူသော ဘုရားရှင်သော်မှလည်း မလွတ်မြောက်နိုင်ချေ။



## ကျန်းမာတုန်း အားထုတ်ပါ

ဓာတ်စသည်တို့ ဖောက်ပြန် ချွတ်ယွင်း ပျက်စီး ခြင်းကြောင့် နက်ဖြန်ခါလည်း မကျန်းမမာ ဖျားနာနိုင်၏။

မဖျားမနာ ကျန်းမာသောအခါမှာသာ လုံ့လ ကြိုးကုတ် အားထုတ်သင့်၏။ မကျန်းမမာ ဖျားနာသောသူသည် အဘယ်အမှုကို ပြုနိုင်ပါအံ့နည်း။

## အခွင့်ရတိုင်းအားထုတ်ပါ

နက်ဖြန်ခါလည်း မသက်မသာ ကျင်နာခံခက် ရက်စက် ကြမ်းကြုတ်သော အနာရောဂါတို့သည် ဖြစ်နိုင်ကုန်၏။ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာတို့ မရောက်လာမီ ကုသိုလ်ဖြစ်အောင် ကြံဆောင်အားထုတ်ရာ၏။ ရောဂါတွေ့၍ လက်ခြေကိုမျှ အစိုးမရသော နောက်ကာလ၌ မိုက်ခဲ့လေခြင်း၊ မှားလေခြင်းဟု နောင်တ ပူပန် ဖြစ်ရန် မသင့်ချေ။

www.burmeseclassic.com

www.burmeseclassic.com



## ကံကိုမသိနိုင်

ကံနိမ့်သောအခါ သတ္တဝါတို့ ကိုးကွယ်အားထားရာကလည်း ဘေးကြီးသင့်အောင်ပြုတတ်၏။ ကံကောင်း ကံဆိုး ဤနှစ်မျိုးကို မသိနိုင်ရိုးအမှန်ပင်တည်း။ သေဘေးကြီး နီးကပ်သည်ကိုလည်း ငါမသိနိုင်ချေ။

ကံဆိုးကံညံ့ အဖိအနှိပ်ခံရသောသတ္တဝါအား တစ်ခဏချင်း ဘေးဖြစ်နိုင်၏။ ယနေ့ဖြစ်စေ၊ နက်ဖြန်ဖြစ်စေ ငါသေရလတ္တံ့၊ ငါသေနိုင်၏။ မေ့လျော့ပေါ့တန်စွာ နေထိုင်ခြင်းငှာ မသင့်လျော်ပါတကား။

## အပြစ်ကင်းသောစိတ်ဖြင့်ငါသေအံ့

ကုသိုလ်ကံဟုန် ကုန်လေပြီးသော သတ္တဝါသည် သေလောက်သောအကြောင်းစု ဘာတခုမျှ မရှိဘဲလည်း ရုတ်တရက်လဲကာ လျင်စွာ ပျက်စီးနိုင်၏။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသောစိတ်ဖြင့် ငါသေအံ့၊ ညစ်ညူးနောက်ကျု မကောင်းသောစိတ်စုဖြင့် မသေပါအံ့။



## ဥပစ္ဆေဒကကံ

ဘဝအဆက်ဆက် ဆည်းပူးခဲ့၍ လက်ရှိဖြစ်ခါနောက်ကပါသည့် ဥပစ္ဆေဒကကံ အများတို့သည် ငါ့အား ရှိကုန်၏။ ထိုကံတို့သည် ယနေ့ချက်ခြင်း အသက်ကို ဖြတ်ခွင်းနိုင်၏။ သူတော်ကောင်းသည် မအို မသေ အမြဲနေရသော တရားမျိုးကို ကြိုးစားအားထုတ်ရာ၏။

## နီးကပ်နေသော သေခြင်းသဘော

အရာရာ၌ သတိသမ္ပဇဉ် အဆင်အခြင်ဉာဏ်ရှိသော သူသည် သေခြင်းသဘော နီးကပ်နေသောအဖြစ်ကိုသာ လျှင် ကြံစည်ရာ၏။ ဤသို့ကြံစည်သည်ရှိသော် သေရမည်ကိုကြောက်ရွံ့၍ ရာဂအစရှိသော ကိလေသာငြိမ်း ပျောက်ကာ အပါယ်ရောက်ကြောင်းဖြစ်သော မကောင်းမှုကိုလည်း မပြုဝံ့ပေရာ။ မသူတော်အလေ့ ဟူသရွေ့ကို ပယ်စွန့်ကာ သူတော်ကောင်းဖက်မှာသာ စိတ်ပါဝင်စားသဖြင့် ဘယ်သောအခါမှ ထောင်လွှားတက်ကြွခြင်း မရှိနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းမှုကို ရက်မရွှေ့နှင့်

အမြော်အမြင် ပညာရှိသောသူသည် မချွတ်ကေန် အမှန်ရောက်လာမည့် သေခြင်းသဘောကို စောစောစီးစီး ရှေးမဆွကြိုးကပင် ကြိုတင်ကြံစည်ရာ၏။ ကေန်ပြုထိုက်သည့် ဒါန သီလ ဘာဝနာ စသော ကိစ္စမျိုးကိုလည်း ရက်မရွှေ့ဘဲ ယနေ့ပင်ပြုရာ၏။ ဤသို့ သတိရနိုက်ပြုလိုက်သောသူသည် နောင်အခါ၌ မိုက်ခဲ့လေခြင်း၊ မှားခဲ့လေခြင်း ဟု ပူပန်စိုးရိမ်မှု မဖြစ်နိုင်ချေ။

## မတွေမဝေ သေနည်း

သေခြင်းနီးပြီ၊ သေတော့မည် ဟု မှတ်ထင်၍ မမေ့ မလျော့ မပေါ့မတန် စဉ်းစားဉာဏ်ရှိသောသူသည် သေခါနီးရာ ချိန်အခါသို့ ရောက်ပါသော်လည်း ညည်းတွားအော်ဟစ် စိုးရိမ်ပူဆွေးခြင်း မဖြစ်ဘဲ အမြဲ သတိရှိကာ မတွေမဝေ သေရပေသတည်း။



## ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် အရှင်ကေလာသ ဓမ္မာစရိယ၊ ဂဏဝါစက ဘီအေ (ဂုဏ်ထူး) ရေးသားသော ယမမင်းထံအစစ်ခံသံပေါက်

၁။ အိုကွဲ့ယောကျ်ား လူ့ပြည်သား ဘယ်တရားများ ကျင့်ခဲ့တယ်။
ကျွန်တော်မျိုးမှာ လျှောက်စရာ ဘယ်ဟာကိုမျှ မရှိတယ်။

၂။ ကုသိုလ်ကောင်းမှု တခုခု မပြုခဲ့လားကွယ်။
ယမရာဇာ မေးသောခါ ခေါင်းမော့၍ နေရှာတယ်။

၃။ အမောင်ယောကျ်ား သတိထား စဉ်းစားပါဦးကွယ်။
ဗုဒ္ဓမြတ်စွာ သာသနာ မထွန်းပါလားကွယ်။
ကျွန်တော်တို့ရွာ သာသနာ ထွန်းလှုပါတော့တယ်။

၄။ ပဗ္ဗဇိတ ဒုလ္လဘ မရခဲ့လားကွယ်။
သာသနာစက် ရဟန်းဘက် စိတ်မျှမကွက်တယ်။

၅။ ရဟန်းဖြစ်မှာ မင့်ဆရာ မဟောပါလားကွယ်။
ကျွန်တော့်ဆရာ ဟောပြရှာ နားမှာမဝင်တယ်။
ကျွန်တော့်စိတ်မှာ သည်အခါ ရှာသာရှေ့တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ယောက်ျားစစ်ပ လုလုပ မင့်ဘဝကိုနှမြောတယ်။
လူတို့ပြည်ရွာ အမောင်မှာ ဘာများလုပ်ခဲ့တယ်။
ကျွန်တော့်မယား စားဖို့များ ကြိုးစားလုပ်ခဲ့တယ်။

၇။ အမောင်အမောင် ယောင်တောင်တောင် အမောင်
မှားခဲ့တယ်။
သဒ္ဒါဖြောင့်တန်း ဒါနခန်း ပြောစမ်းပါဦးကွယ်။
သားကြီးရှင်ဖြစ် ကျွန်တော်စစ် ညစ်၍လှူခဲ့တယ်။

၈။ လှူသောအခါ စေတနာ သုံးဖြာညီလားကွယ်။
သုံးချက်စေတနာ နည်းလှပါ မှန်စွာ လျှောက်တော့
မယ်။
ကျွန်တော့်အလှူ ကျွေးတွေပူ ငွေကူမျှော်မိတယ်။
ကူငွေနှင့်သာ ငါလှူတာ ထေမိပါရင် တော်ရောမယ်။
ကျွန်တော်မျိုးမှာ သည်လိုသာ အောက်မေ့မိပါတယ်။

၉။ ယုတ်မြတ်မဟူ စားသောက်သူ ကြည်ဖြူပါလား
ကွယ်။
ငွေကူများရာ လူချမ်းသာ မျက်နှာလိုက်၍ ကျွေးခဲ့
တယ်။
မျက်နှာနည်းပါး လူမွဲများ မလှဲ့သာကျွေး ကျွေးရ
တယ်။



လူချမ်းသာလျှင် မဏ္ဍပ်ဝင် ဖျာလျှင် သင်ဖြူးခင်း
ပေးတယ်။
သည်ကိုဟိုကို ကြွပါဆို ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။
ကွမ်းဆေးလက်ဖက် ဆီစက်စက် ဝက်နှင့်ကြက်သား
ကျွေးခဲ့တယ်။

၁၀။ မင်းအလှူဟာ ငွေတွေသာ နှမြောပါဘိကွယ်။
ပရိက္ခရာ ဆောင်ရန်မှာ ကောင်းစွာလှူလားကွယ်။
ပရိက္ခရာ ညံ့လှစွာ ဖိုးချိုတာမှ ဝယ်ခဲ့တယ်။

၁၁။ လှူသောအခါ ပစ္စည်းမှာ စင်ကြယ်ပါလားကွယ်။
ကျွန်တော်လှူတာ ပစ္စည်းမှာ ခိုးတာများခဲ့တယ်။

၁၂။ ပစ္စည်းကုန်သာ မင်းလှူတာ ဝမ်းနည်းပါလေတယ်။
ဘုန်းကြီးပင့်ခန်း အလမ်းလမ်း ပြောစမ်းပါဦးကွယ်။
အကျင့်သိက္ခာ ရွေးချယ်ကာ မြတ်ရာ ကိုယ်တော်
ပင့်လားကွယ်။
သည်လိုဟာမှာ မလေ့လာ မျက်နှာနာမှုပင့်ခဲ့တယ်။
နှုတ်ဆက်ခေါ်ငင် မျက်နှာရှင် ပုဂ္ဂိုလ်ကောင်းလို့
ထင်ခဲ့တယ်။
သည်လိုဆရာ ကျွန်တော့်မှာ များစွာပင့်ခဲ့တယ်။
တို့အမျိုးပါ တို့ဆရာ တို့ရွာကိုယ်တော်ပင့်ဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနှင့်စပါး မင်းတို့များ ဘယ်လောက်ရလား
ကွယ်။
ကျောင်းကိုများသွား တပဟားဟား လက်ဖက်ကွမ်းစား
တယ်။
ငှက်ပျောအုန်းသီး တကာကြီး မြည်းစမ်းပါဦးကွယ်။
သည်လိုခေါ်ဆို မျက်နှာချို ထိုပုဂ္ဂိုလ်မှပင့်ခဲ့တယ်။
ကျွန်တော်တို့ရွာ လှူကြတာ သည်လိုချည်းသာပင့်
ကြတယ်။

၁၃။ အမောင်လှူတာ ဗလချာ တန်ပါဦးတော့ကွယ်။
အင်္ဂါငါးလီ ပဥ္စသီ ဆောက်တည်ပါလားကွယ်။
သီလငါးပါး ကျင့်တရား ပျက်ပြားများခဲ့တယ်။
သက်သတ်ခိုးမှု ကာမေသု တခုမကျန်ပေါက်ခဲ့တယ်။
မုသားသေရည် ဤနှစ်လီ ဝသီရှိတိုင်းကျင့်ခဲ့တယ်။

၁၄။ ဖြစ်ခဲလေစွ လူ့ဘဝ သနားလှတော့တယ်။
ကျွန်တော်ချည်းသာ မဟုတ်ပါ လူတကာလည်း
ပျက်ကြတယ်။
မိန်းမတွေဟာ ပျက်လိုက်တာ ဈေးဝယ်ရာတောင်
ရန်ဖြစ်တယ်။

၁၅။ သည်မှတခန်း ရှေ့သို့လှမ်း မေးစမ်းပါဦးမယ်။



ဘုရား တရား သံဃာများ ဝပ်တွားပါလားကွယ်။
ဘုရားဖူးများ တပဟားဟား ပျော်ပါးရအောင် လိုက်
ဖူးတယ်။

၁၆။ လိုက်သောအခါ မြတ်ဗုဒ္ဓါ ကြည်ညိုလှစွာ ဖူးလား
ကွယ်။
ဗုဒ္ဓဂုဏော စိတ်မစော ရယ်မောစားသောက် ပြန်ခဲ့
တယ်။

၁၇။ မာတာပိတ မိနှင့်ဖ ညွှတ်ခရှိလားကွယ်။
မညွှတ်ခဘဲ ကျွန်တော်လည်း ဆဲတောင်ဆဲသေး
တယ်။

၁၈။ မှားစွမှားစွ မောင်ဗာလ သနားပါဘိကွယ်။
တရားတော်မှာ ဒေသနာ ကြားနာရှိလားကွယ်။
စိတ်ကမပါ ရှက်လိုက်တာ လူဆိုမှာကြောင့် နာဘူး
တယ်။

၁၉။ နာသောအခါ မင့်စိတ်မှာ သဒ္ဓါကြည်နူး ရှိလား
ကွယ်။
ကတောင်ချောက်ချား စိတ်ကသွား တောထဲများ
တောင် ရောက်သေးတယ်။

၂၀။ ပုဂ္ဂိုလ်များစွာ ဟောကြားပါ သည်တခါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုးမှာ သည်တခါ လူမျက်နှာကြောင့်လိုက်
သေးတယ်။

၂၁။ သည်တခါနှာ အမောင့်မှာ ကြည်ညိုပါလားကွယ်။
တရားလည်းချ အိပ်ရေးဝ ထ၍ပြန်ခဲ့တယ်။
မိန်းမတွေဟာ ငိုက်လိုက်တာ ကျွန်တော်ထက်တောင်
သာသေးတယ်။

၂၂။ စံကျောင်းဝိဟာ မြတ်သံဃာ ဆည်းကပ်ပါလား
ကွယ်။
ဆွမ်းမုန့်ငှက်ပျော ကျောင်းမှာပေါ ရော၍လိုက်ဘူး
တယ်။

၂၃။ လိုက်သောအခါ ထေရ်သံဃာ ရဟန္တာသို့ထင်လား
ကွယ်။
ဘုန်းကြီးနားမှာ မရောက်ပါ တော်ရာချောင်က ခိုခဲ့
တယ်။

၂၄။ ခိုသောအခါ မင်းစိတ်မှာ ကြည်ညိုပါလားကွယ်။
ကြည်ညိုဝေးစွာ ကျွန်တော့်မှာ စားစရာသာကြည့်ခဲ့
တယ်။
စားစရာပင် ကြည့်၍မြင် ဘုန်းကြီးကပင် နှမြော
တယ်။



သည်လိုများပေ ကျွန်တော်လေ ဆိုတောင်ဆိုမိတယ်။
ကျွန်တော်ချည်းသာ မဟုတ်ပါ သူတကာလည်း ဆို
ကြတယ်။

၂၅။ ကျောင်းပစ္စည်းများ အမောင့်အား မစားမသောက်
ကင်းလားကွယ်။
စားသည့်ထမင်း ဝမ်းတောင့်တင်း ကျောင်းကအနိုင်
ဆင်းခဲ့တယ်။

၂၆။ စားသည်မယွင်း ကျောင်းတလင်း ခတ်ခြင်းတံမြက်
လှည်းလားကွယ်။
မလှည်းမိပါ ကျွန်တော်မှာ စားပြီးကျောင်းကပြန်ခဲ့
တယ်။
ကျွန်တော်တို့ရွာ လူတွေသာ သည်လိုချည်းသာ
စားကြတယ်။

၂၇။ အမောင်ယောကျ်ား မင်းဖြစ်ငြား သနားပါဘိတယ်။
ဥပုသ်စောင့်ခန်း ရှေ့သို့လှမ်း မေးစမ်းပါဦးမယ်။[a]
ဥပုသ်အင်္ဂါ အရိယာ ဖြူစွာသီလစောင့်လားကွယ်။
ဘုန်းကြီးများထံ သီလခံ ကြွက်ဆူညံအောင် ပြော
ခဲ့တယ်။

၂၈။ ပြောသောစကား မင်းဖြစ်ငြား တရားကြောင်းလား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကွယ်။

လယ်ယာကျွဲနွား ပြောင်းစပါး သားမယားကြောင်း

ပြောခဲ့တယ်။

စင်မိစပ်ရာ ပြောလိုက်တာ နွားချင်းလဲရာ ရောက်

သေးတယ်။

သည်လိုနှင့်ပင် နေသာဝင် အိမ်လျှင်ပြန်ခဲ့တယ်။

ဥပုသ်စောင့်ရာ ပြောကြတာ မိုးမရွာကြောင်းသာ

များလေတယ်။

၂၉။ သီလပြောက်ကျား စောင့်လာငြား မိုးကားကွက်ကြား

ရွာတတ်တယ်။

မင်းတို့လူ့ဘောင် သီလကြောင် မိုးရှောင်ကွင်းတတ်

တယ်။

မင်းတို့ဖြစ်ပုံ အလုံးစုံ အကုန်တွေးပကွယ်။

မင်းတို့စောင့်တာ ဥပုသ်မှာ ထမင်းဆာတာ သနား

တယ်။

ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းပါလားကွယ်။

ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းနည်းခဲ့တယ်။

၃၀။ တရားစကား အမောင့်အား ဆွေးနွေးပါလားကွယ်။

တတ်တယ်ဆိုလျှင် ကျွန်တော်ပင် အလွန်မေးချင်

တယ်။



၃၁။ မေးသောအခါ မင်းစိတ်မှာ ဘာဝနာလားကွယ်။

မဖြေနိုင်က အရှက်ရ နာမည်လှလှ ပျက်အောင်

မေးခဲ့တယ်။

တခါတခါ ကျုပ်တို့ရွာ စာစကားသာပြောကြတယ်။

သကြိုဟ်ဘေးပေါက် ကောက်သင်းကောက် ရောက်

မိရောက်ရာ ငြင်းခဲ့တယ်။

၃၂။ ငြင်းသောအခါ မင်းစိတ်မှာ ဘယ်လိုပါလဲကွယ်။

ကျွန်တော်ကပင် ဂုဏ်လိုချင် တတ်သည်ထင်အောင်

ငြင်းခဲ့တယ်။

ကျွန်တော်တို့ရွာ လူတွေဟာ စာငြင်းတာနှင့် ရန်

ဖြစ်တယ်။

၃၃။ အမောင်ယောကျာ်း လျှောက်တင်ထား အမှားတွေသာ

များခဲ့တယ်။

အားကိုးစရာ ကုသိုလ်မှာ ဘယ်ဟာကိုမျှ မရှိတယ်။

တခုကိုမျှ မေးမရ ဝမ်းနည်းလှချေတယ်။

အမောင်ဖြစ်ပုံ အလုံးစုံ အကုန်သနားတယ်။

ယမရာဇာ မေးသောခါ ခမျာမှိုင်၍နေရှာတယ်။

သည်သောအခါ ငရဲမှာ ဆွဲကာချတော့တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



## စုဆောင်းပူဇော်သူ၏
## ပန်ကြားချက်

လူတိုင်းက လူ့ဘဝသည် အလွန်ရခဲပါသည်။ သာသနာတော်နှင့်ကြုံတွေ့ဖို့ရာလည်း အလွန်ခဲယဉ်းပါသည် ဟု ပြောကြဆိုကြ တရားပြကြပါသည်။

သို့သော် လူသည် လောဘနောက်သို့ တစိုက်မတ်မတ်လိုက်ကာ ပစ္စည်းဥစ္စာ ရှာဖွေရာတွင် မတရားလောဘတိုက်၍ရှာပြီး ကောင်းကောင်း လှုချင်ကြသည်။ ကောင်းကောင်း ဝတ်ကြ၊ ကောင်းကောင်း စားကြသည်။ နောက်ဆုံး သေတာတောင် မျက်နှာကို မိတ်ကပ်ချယ်၍ လှလှပပ ပြင်ဆင်ကြသည်။ ကျွန်းသားခေါင်း၊ မှန်ခေါင်းတို့ဖြင့်ထည့်လျက် အလှပြပြီး အကျိုးမဲ့ မီးရှို့၊ မြေမြှုပ်၊ ကြွေပြားအုတ်ဂူလုပ်ကာ ငွေကုန်ခံနေသူများအတွက် အသုဘကိစ္စ ပြုပြင် ဆောင်ရွက်နိုင်ကြစေရန် တံတားဦးမြို့နယ်၊ လက်ပန်ဇင်ရွာ၊ စိန်ရတနာအုတ်ကျောင်း ဆရာတော် ဦးဇောတိက (ဓမ္မာစရိယ) ရေးသားသော လင်္ကာတပုဒ်ကို လက်ဆောင်ပါးလိုက်ပါသည်။



## အသုဘပြုပြင်ရေးလင်္ကာ

၁။ ဝိညာဉ်ကွေကွင်း၊ ငါ့ရုပ်ကြွင်း၊ 
ချက်ချင်းခေါင်းထဲထည့်။

၂။ ကုတင်မှာပြောင်၊ အတည်ရှောင်၊ 
လှအောင် မဆင်နဲ့။

၃။ နေ့ရက်များမြောင်၊ အသေကောင်၊ 
ပုပ်အောင် မထားနဲ့။

၄။ တစ်ပါးနှစ်ပါး၊ သံဃာများ၊ 
တတ်အားသလောက်နဲ့။

၅။ ထိုထက်လွန်ငြား၊ လေးငါးပါး၊ 
ဆော်ငြားလောက်ပြီကွဲ့။

၆။ သံဃာကိုမူ၊ လှူသာလှူ၊ 
အကူမခံနဲ့ (ငွေကူမခံနဲ့)။

၇။ ရေးပေါ်ကိစ္စ၊ အသုဘ၊ လုံးဝမချဲ့နဲ့။

၈။ သေသောသူမှာ၊ ဖြစ်လေရာ၊ ပျော်ခါနေပြီကွယ့်။

၉။ ငိုသည့်သူမှာ၊ ဆင်းရဲမှာ၊ မှန်စွာဆင်ခြင်ကွယ့်။

၁၀။ ကုသိုလ်လိုလို၊ ဘာလိုလို၊ အပို မလုပ်နဲ့။

၁၁။ မတော်ပါလား၊ ပြောကြငြား၊ မင်းနားမထောင်နဲ့။

၁၂။ ကောင်းသည့်ဘက်မူ၊ မစွက်ကူ၊ 
ဖျက်သူများသကွယ့်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးဘဝသံဝေဂ

အစိုးမရ၊ အနတ္တဟု၊ ဘာမျှမဟုတ်၊
ခန္ဓာပုပ်ကို၊ လှုပ်လှုပ်ရွရွ၊ လှစေယဉ်စေ၊
ချမ်းသာစေဟု၊ ကြံစည်အားခဲ၊ အမြဲသုတ်သင်၊
ဆင်ယင်ဝတ်စား၊ ပြုတုံငြားလည်း၊
ကျိုးကားမရှိ၊ မြေ၏သြဇာ၊ ပွားအောင်သာလျှင်၊
မသာ ဖြစ်ရတော့မည်တကား၊
အနတ္တ သည်ခန္ဓာကိုယ်။

မြေ၌မြုပ်နှံ၊ လူတို့ပြန်က၊ ရုပ်ကျန်ခန္ဓာ၊
မသာခေါ်ဆို၊ ငါ၏ကိုယ်သည်၊ ယွင်းယိုပျက်ပြား၊
သစ်တုံးလားသို့၊ ပိုးမွှားတီခြ၊ စားသောက်ကြ၍၊
ကြေမွကုန်ခမ်း၊ ဘရမ်းဘတာ၊ မြေသြဇာသည်၊
ဘာမျှမဟုတ်ပါတကား၊
အနိစ္စ သည်ခန္ဓာကိုယ်။

(ခွန္တီးဆရာတော်ဘုရားကြီး)

BURMESE CLASSIC .com

## သံဝေဂယူဖွယ်ရာ လောကဓမ္မတာ

၁။ ငါ့ရဲ့ထံမှာ၊ ရာထူးဂုဏ်ဝါ၊ ဥစ္စာရှိတုန်း၊
အပြုံးကိုယ်စီ၊ ချိုကြည်မျက်နှာ၊
တီတာတာနဲ့၊ ငါ့ဆီလာကြ ယူသွားကြ။

၂။ ငါ့ရဲ့ထံမှာ၊ ရာထူးဂုဏ်ဝါ၊ ဥစ္စာမရှိ၊
ရှိသည့်နေရာ၊ ငါသွားခါဝယ်၊
မျက်နှာဟောင်းများ၊ မှုန်ဝါးရီဝေ၊
တွေနေအကြည့်၊ မသိသလို သိသလို၊
တွေဝေငေးနေ၊ ငါ့မိတ်ဆွေ။

၃။ လာဘ်ခြွေရံရ၊ ချီးမွမ်းကြ၊
သုခဝမ်းသာမြဲ။

၄။ ထိုလေးမျိုးမှ ပြောင်းပြန်ကျ၊
လောကဝမ်းနည်းမြဲ။

၅။ လောကဓမ္မ၊ ရှောင်မရ၊
မုချတွေ့ရမြဲ။

(အရှင်နန္ဒဝံသ၊ ရေစကြို)

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်လွှာ

ကုန်ကျစရိတ် (စာအုပ်တန်ဖိုး) သက်သာစေရေးအတွက် စာမူကြမ်းများကို စေတနာမေတ္တာဖြင့် ပထမအဆင့် ကွန်ပျူတာစာစီ လုပ်အားပေးရိုက်နှိပ်ပေးကြသော လုပ်ဖော်ကိုင်ဖက် တပည့် သားမြေးများအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ဖော်ထုတ်စုစည်း ပူဇော်သူ

BURMESE CLASSIC .com

www.burmeseclassic.com